# မြဝတီ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**စည်းစိမ်ဥစ္စာ သတင်းကျော်စော**

လုံ့လလည်းရှိ၊ သတိလည်းရှိ၊ အပြစ်ကင်းသော အလုပ်ကိုလည်း ပြုလုပ်တတ်၊ အမှုကိစ္စဟူသမျှကို ပညာဖြင့် ဆင်ခြင်၍ ပြုလုပ်လေ့လည်းရှိ၊ ကိုယ်-နှုတ်-စိတ် သုံးပါးကိုလည်း စောင့်စည်းလေ့ရှိ၊ တရားသဖြင့် အသက်မွေးလေ့လည်းရှိ၍ မမေ့မလျော့သောသူမှာ စည်းစိမ်ဥစ္စာအရာအထူး ကျေးဇူးသတင်းကျော်စောခြင်း အလွန်တိုးပွားလေ၏။ **အပ္ပမာဒဝဂ်(ဓမ္မပဒ-၂၄)**


၁၃၈၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက်၊ ကြာသပတေးနေ့။ Thursday, 26 September 2024 ၁၁၅၉၂


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၄ ခုနှစ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

# ၂၀၂၄ ခုနှစ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပပြုလုပ် အားကစားကဏ္ဍ တိုးတက်အောင်မြင်ခြင်းသည် နိုင်ငံသူ နိုင်ငံသားများ၏ ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည်များကို အောင်မြင်စွာမြှင့်တင်ပေးနိုင်ခြင်းပင်ဖြစ်

နေပြည်တော် စက်တင်ဘာ ၂၅

အားကစားကဏ္ဍတိုးတက်အောင်မြင်ခြင်းသည် နိုင်ငံသူ နိုင်ငံသားများ၏ ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည်များ မြှင့်တင်ပေးနိုင်ပြီး လူသားအရင်းအမြစ်အား တိုက်ရိုက်ဖွံ့ဖြိုးစေနိုင်ကြောင်းဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ ကျင်းပပြုလုပ်သည့် ၂၀၂၄ ခုနှစ်၊ တပ်မတော်(ကြည်း၊ရေ၊လေ) အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား၌ အဖွင့်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ✰


ယနေ့ ဖတ်စရာ

**ခရီးသွားနှင့် ငြိမ်းချမ်းရေး လက်တွဲတူယှဉ် ဖော်ဆောင်ပေး**


ဆောင်းပါး စာမျက်နှာ » ၆


**၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံး၊ ကဗျာပြိုင်ပွဲများ၌ ဆုရရှိသူများ ထုတ်ပြန်**


စာမျက်နှာ » ၁၀


**ပြတ်တောက်သွားသော ညာဘက်လက်မအား ပြန်လည် ဆက်ပေးသည့် ခွဲစိတ်ကုသမှု ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့**


စာမျက်နှာ » ၁၂



ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ( ၄ ) ရက်သာ လိုတော့သည်။

# ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်း အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်

မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအစဉ်အလာ မြင့်မားခဲ့သောနိုင်ငံဖြစ်သည်။ နှစ်ပေါင်းရှည်ကြာစွာ ထွန်းကားလာခဲ့သော မြန်မာတို့၏ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ဓလေ့ထုံးတမ်းအစဉ်အလာများမှာ ယနေ့ထက်တိုင် မပျောက်မပျက်တည်ထွန်းနေသော နိုင်ငံမှာ ကမ္ဘာပေါ်တွင် မြန်မာတစ်နိုင်ငံတည်းရှိသည်ဟု ဆိုချင်သည်။ ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာများမှာ အချို့နိုင်ငံများတွင် ပျောက်ပျက်မေးမှိန်လျက်ရှိပြီး အချို့နိုင်ငံများတွင် အခါအခွင့်သင့်မှသာ အထိမ်းအမှတ်သဘောထုတ်ဖော်ပြသကြသည်။

မြန်မာနိုင်ငံတွင် ရှေးအစဉ်အဆက် ထွန်းကားခဲ့သော ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာများမှာ ယနေ့ထက်တိုင် မပျောက်မပျက်ဘဲ နှစ်သက်မြတ်နိုးတန်ဖိုးထားဂုဏ်ယူနေဆဲ၊ နှစ်သက်မြတ်နိုးနေကြဆဲဖြစ်သည်။ ဥပမာအားဖြင့် ရှေးအစဉ်အဆက်နန်းမူနန်းဟန်များ၊ လေးချိုး၊ ဒွေးချိုး၊ ဘောလယ်၊ ပတ်ပျိုးများ၊ ဂန္ထဝင်တေးသီချင်းများ၊ မြန်မာ့စောင်းတူရိယာနှင့် အိုးစည်ဒိုးပတ် အတီးအခတ် အဆိုအကများကို ယနေ့ထက်တိုင် နှစ်သက်ခုံမင်စွာ တန်ဖိုးထားနေကြဆဲ၊ အသုံးပြုခံစားနေကြဆဲဖြစ်သည်ကို မြင်တွေ့ကြရမည်ဖြစ်သည်။ အဆိုပါ မြန်မာ့ယဉ်ကျေးမှု အနုသုခုမပညာရပ်များကို မြတ်နိုးတန်ဖိုးထားကြသလို စဉ်ဆက်မပြတ် မြှင့်တင်ပေးရန်လည်းလိုအပ်သည်။

လောကသဘာဝအရ အဟောင်းအဟောင်းတို့၏ နေရာတွင် အသစ်အသစ်တို့ အစားထိုးနေရာယူကြသည်။ သို့သော် အဟောင်းအဟောင်းတို့ကို မပစ်ပယ်နိုင်ဘဲ တန်ဖိုးထားနေဆဲအရာမှာ မြန်မာ့ယဉ်ကျေးမှု အနုသုခုမပညာရပ်များဖြစ်သည်။ ဟောင်းသော်လည်းမရိုးနိုင်ဘဲ နှစ်သက်မြတ်နိုးတန်ဖိုးထားကြခြင်းသည် မြန်မာ့ယဉ်ကျေးမှုအနုသုခုမပညာရပ်များ၏ ထူးခြားသည့် ဂုဏ်ထူးဝိသေသ လက္ခဏာများကြောင့်ဖြစ်သည်။ ထူးခြားသောဂုဏ်ထူးလက္ခဏာများရှိနေသောကြောင့် အစိုးရအဆက်ဆက်သည် မြန်မာ့ယဉ်ကျေးမှုအနုပညာအမွေအနှစ်များကို မြှင့်တင်အားပေးကာ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ပေးလျက်ရှိသည်။

မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များတွင်ပါဝင်သည့် အနုသုခုမပညာရပ်များ မတိမ်ကောအောင်၊ ထွန်းကားပြန့်ပွားအောင် ဆောင်ရွက်ပေးလျက်ရှိရာတွင် တစ်ခုတည်းသော ဆောင်ရွက်ချက်မှာ နိုင်ငံတစ်ဝန်းလုံး ပါဝင်ဆင်နွှဲသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးဖြစ်သည်။ နိုင်ငံတစ်ဝန်း၌ မြန်မာ့ယဉ်ကျေးမှု အနုပညာရပ်များ ထိန်းသိမ်းစောင့်ရှောက်ပေးလျက်ရှိသော သက်ကြီးအနုသုခုမပညာရှင်များ၊ ရွက်ပုန်းသီးမျိုးဆက်သစ်များကို အဆိုပါပြိုင်ပွဲကြီးမှတစ်ဆင့် ထုတ်ဖော်ပေးလျက်ရှိသည်။ ၁၉၉၃ ခုနှစ်က စတင်ကျင်းပခဲ့သော မြန်မာ့အနုသုခုမပြိုင်ပွဲကြီးသည် ယနေ့အချိန်အခါတွင် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးအဖြစ် ကျင်းပနိုင်ရန် အသင့်ဖြစ်နေသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ၁၉၉၃ ခုနှစ်မှစ၍ နှစ်စဉ်နှစ်တိုင်း ကျင်းပခဲ့ရာ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များ မပျောက်မပျက်ဘဲ ရှင်သန်ထွန်းကားလာသည်ကို ဝမ်းမြောက်ဖွယ်တွေ့ရသည်။ မျက်မှောက်ကာလ နည်းပညာနှင့်ခေတ်ပေါ်ယဉ်ကျေးမှုများ အရှိန်အဟုန်ဖြင့် ဖြစ်ပေါ်တိုးတက်လာချိန်တွင် ရှေးအစဉ်အဆက် ယဉ်ကျေးမှုဓလေ့စရိုက်များ မပျောက်ပျက်အောင် စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်ရေးမှာ အရေးကြီးလျက်ရှိသည်။ နှစ်စဉ်မပျက်ကျင်းပလာခဲ့သော မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးသည် အစိုးရတစ်ဆက်လက်ထက်တွင် အကြောင်းအမျိုးမျိုးဖြင့် ရပ်ဆိုင်းခဲ့သည်ကို တွေ့ရသည်။ ရပ်ဆိုင်းခဲ့သောကာလအတွင်း ဝါရင့်သမ္မာရင့် အနုပညာရှင်ကြီးများ ကွယ်လွန်သွားခြင်း၊ ရွက်ပုန်းသီးအနုပညာဝါသနာရှင်များ တိမ်မြုပ်သွားခြင်းများရှိခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အခက်အခဲအမျိုးမျိုးကြားမှ နှစ်စဉ်နှစ်တိုင်း ပြန်လည်ကျင်းပပေးခဲ့သည်။ နိုင်ငံတစ်ဝန်းမှ သက်ရှိထင်ရှား ကျန်ရှိနေသေးသော အနုပညာရှင်ကြီးများ၊ ဝါသနာရှင်များ၊ ရွက်ပုန်းသီးအနုပညာရှင်များ၊ မျိုးဆက်သစ် အနုပညာရှင်များ မိမိတို့ကျွမ်းကျင်ရာ အနုပညာဘာသာရပ်အလိုက် ဖော်ထုတ်ပြိုင်ပွဲဝင်နိုင်ခွင့် ရရှိလာသည်။ ယခုအခါ ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်မှ ဗဟိုအဆင့်ပြိုင်ပွဲကြီးသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် အသင့်ဖြစ်နေသည်။

သို့ဖြစ်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ရှိ ဘိုးဘွားဘီဘင်များ လက်ဆင့်ကမ်းအမွေပေးခဲ့သည့် ရိုးရာယဉ်ကျေးမှုအမွေအနှစ်ဖြစ်သော အနုသုခုမပညာရပ်များကို နှစ်စဉ်နှစ်တိုင်းကျင်းပလျက်ရှိသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှတစ်ဆင့် ဖော်ထုတ်မြှင့်တင်ပေးပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် ယဉ်ကျေးမှုအမွေအနှစ်များ မြင့်မားတိုးတက်လာအောင် ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်ပါကြောင်း။ ။

## မစ္စတာ ဆိုဖီအန် ရှာအိပ်အား မြန်မာနိုင်ငံဆိုင်ရာ အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူ

**နေပြည်တော် စက်တင်ဘာ ၂၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် မစ္စတာ ဆိုဖီအန် ရှာအိပ်အား ဟန္နွိုင်းမြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသံ အမတ်ကြီးအဖြစ် ခန့်အပ်ရန် အယ်လ်ဂျီးရီးယားအစိုးရ၏ အဆိုပြုချက်ကို သဘောတူပြီးဖြစ်သည်။

မစ္စတာ ဆိုဖီအန် ရှာအိပ်ကို ၁၉၈၆ ခုနှစ် စက်တင်ဘာ ၅ ရက်တွင် မွေးဖွားခဲ့ပြီး ၎င်းသည် အယ်လ်ဂျီးယားအုပ်ချုပ်မှုရေးရာအမျိုးသားကျောင်းမှ ဒီပလိုမာကိုလည်းကောင်း၊ ပြင်သစ်နိုင်ငံ ယွန်မူလင်လီယွန်တက္ကသိုလ်မှ မဟာဘွဲ့ကိုလည်းကောင်း၊ ပြင်သစ်နိုင်ငံ ပြင်သစ်ပထဝီနိုင်ငံရေးကျောင်းမှ ဒေါက်တာဘွဲ့ကိုလည်းကောင်း ရရှိခဲ့သည်။

၎င်းသည် ၂၀၀၈ ခုနှစ် ဩဂုတ်လမှ ၂၀၁၁ ခုနှစ် ဩဂုတ်လအထိ နိုင်ငံခြားရေးဝန်ကြီးဌာန ဥရောပရေးရာဌာန ဌာနမှူးအဖြစ်လည်းကောင်း၊ ၂၀၁၅ ခုနှစ် ဩဂုတ်လမှ ၂၀၁၇ ခုနှစ် မေလအထိ မာဂ်ရိဘ်၊ အာဖရိကန်ရေးရာနှင့် အာရပ်နိုင်ငံများအဖွဲ့ချုပ်ရေးရာ ဝန်ကြီးရုံးအဖွဲ့အရာရှိအဖြစ်လည်းကောင်း၊ ၂၀၁၇ ခုနှစ် ဇွန်လမှ ၂၀၁၇ ခုနှစ် ဩဂုတ်လအထိ နိုင်ငံခြားရေးဝန်ကြီးရုံးအဖွဲ့ အရာရှိအဖြစ်လည်းကောင်း၊ ၂၀၂၁ ခုနှစ် ဩဂုတ်လမှ ၂၀၂၂ ခုနှစ် မေလအထိ နိုင်ငံခြားရေးဝန်ကြီးဌာန အတွင်းရေးမှူးချုပ်ရုံးနှင့် ပြည်ပရောက် နိုင်ငံသားများရေးရာ အထူးကိုယ်စားလှယ်ရုံးတွင် အတိုင်ပင်ခံအဖြစ်လည်းကောင်း၊ ၂၀၂၂ ခုနှစ် ဇွန်လမှ နိုဝင်ဘာလအထိ နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာညွှန်ကြားမှုဦးစီးဌာန၊ အပြည်ပြည်ဆိုင်ရာစီးပွားရေး၊ ဘဏ္ဍာရေးနှင့် ကုန်သွယ်မှုရေးရာဌာန၊ ဒုတိယညွှန်ကြားရေးမှူးအဖြစ်နှင့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၄ ခုနှစ် ဧပြီလအထိ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အတွင်းရေးမှူးချုပ်ရုံးနှင့်ပြည်ပရောက်နိုင်ငံသားများရေးရာဌာနတွင် ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း အသီးသီးတာဝန်ထမ်းဆောင်ခဲ့သည်။ ပြည်ပတာဝန်ထမ်းဆောင်မှုများအဖြစ် ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၁၅ ခုနှစ် ဇူလိုင်လအထိ မော်ရိုကိုနိုင်ငံရှိ အယ်လ်ဂျီးရီးယားသံရုံးတွင် သံအရာရှိအဖြစ်လည်းကောင်း၊ ၂၀၁၇ ခုနှစ် စက်တင်ဘာလမှ ၂၀၂၁ ခုနှစ် ဇူလိုင်လအထိ ဘယ်လ်ဂျီယံနိုင်ငံရှိ အယ်လ်ဂျီးရီးယားသံရုံးတွင် ပထမအတွင်းဝန်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၂၄ ခုနှစ် ဇူလိုင်လမှ ယနေ့အထိ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ **သတင်းစဉ်**

## အလုပ်တွင် ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ထုတ်ပေး

**ရန်ကုန် စက်တင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး မြို့နယ်လူမှုဖူလုံရေးရုံး ဒဂုံမြို့သစ်(တောင်ပိုင်း)တွင် အကျုံးဝင်မှတ်ပုံတင်ထားသော Textile Garment Co.,Ltd စက်ရုံမှ အာမခံအလုပ်သမား ဒေါ်သက်ဖူးဝေသည် လုပ်ငန်းတာဝန် ထမ်းဆောင်နေစဉ် သေဆုံးခဲ့သည့်အတွက် ကျန်ရစ်သူအကျိုးခံစားခွင့်ငွေလုံးငွေရင်း ထုတ်ပေးခြင်းကို စက်တင်ဘာ ၂၄ ရက် နံနက် ၁၁ နာရီခွဲတွင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်လူမှုဖူလုံရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက ၂၀၁၂ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်းကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက မြို့နယ်လူမှုဖူလုံရေးရုံး ဒဂုံမြို့သစ်တောင်ပိုင်းတွင် အကျုံးဝင်မှတ်ပုံတင်ထားသော Textile Garment Co., Ltd စက်ရုံမှ အာမခံအလုပ်သမား ဒေါ်သက်ဖူးဝေ အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ခွင့်ပြုငွေကျပ် ၄၃၂၀၀၀၀ ကို အာမခံအလုပ်သမား၏ မိခင်ဖြစ်သူ ဒေါ်တင်မာရီအား အလုပ်ဌာနမှ တာဝန်ရှိသူများ၊ လူမှုဖူလုံရေးအဖွဲ့မှ တာဝန်ရှိသူများ၏ရှေ့မှောက်တွင် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်းအား ထုတ်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၅ - ၉ - ၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၇၀၀ | ၈,၈၀၀ | ၁,၇၇၁ | ၁၅,၄၀၈,၀၀၀ |
| MTSH | ၃,၄၅၀ | ၃,၄၅၀ | ၇၇၉ | ၂,၆၈၇,၅၅၀ |
| MCB | ၈,၈၀၀ | ၈,၈၀၀ | ၁၀ | ၈၈,၀၀၀ |
| FPB | ၁,၈၅၀ | ၁,၈၅၀ | ၃၄,၀၅၈ | ၆၃,၀၀၇,၃၀၀ |
| TMH | ၂,၉၅၀ | ၂,၉၅၀ | ၃၀ | ၈၈,၅၀၀ |
| EFR | ၁,၇၅၀ | ၁,၇၅၀ | ၇၂၈ | ၁,၂၇၄,၂၅၀ |
| AMATA | ၄,၅၀၀ | ၄,၅၀၀ | ၁၃ | ၅၈,၅၀၀ |
| MAEX | ၃,၄၅၀ | ၃,၄၀၀ | ၇၀၀ | ၂,၃၈၇,၅၀၀ |
| MADPL(PLB) | ၃၆,၅၀၀ | ၃၆,၅၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဝမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်ရေးပြမှူးကြီး ဦးဆောင်သော အလံတော်အဖွဲ့နှင့် အားကစားသမားများ၏ အလေးပြုခြင်းကို ခံယူစဉ်။

☆ **ရွှေ့ဖုံးမှ**

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) ရုံး/ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ တပ်မတော် ဘောလုံးအကယ်ဒမီကျောင်းမှ သင်တန်းသားများ၊ ဖိတ်ကြားထားသူများနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

**ဝင်ရောက်နေရာယူ**

ဦးစွာ တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းအဖွဲ့က ကွင်းအတွင်း ဝင်ရောက်နေရာယူပြီး စစ်ရေးပြမှူးကြီး ဦးဆောင်သော အလံတော်အဖွဲ့နှင့် အားကစားအသင်း ၁၇ သင်းမှ အားကစားသမားများ နေရာယူကြသည်။ ထို့နောက် ၂၀၂၄ ခုနှစ်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားဖွင့်လှစ်ကြောင်း ကြေညာချိန်တွင် တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးမင်းတို့က ဖွင့်ပွဲစာတန်းပါ မိုးပျံပူဖောင်းများအား ဖဲကြိုးဖြတ်၍ လွှတ်တင်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် စစ်ရေးပြမှူးကြီး ဦးဆောင်သောအလံတော်အဖွဲ့နှင့် အားကစားသမားများ၏ အလေးပြုခြင်းကို ခံယူသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် တပ်မတော်အနေဖြင့် ယခုကဲ့သို့ အားကစားပြိုင်ပွဲများကို ကျင်းပနေခြင်းသည် တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရွေးစင် အားကစားသမားများမှ နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်သည့် မြန်မာ့လက်ရွေးစင်အားကစားသမားများအဖြစ်ကို တက်လှမ်းနိုင်စေရန် ရည်ရွယ်ကျင်းပနေခြင်းဖြစ်သကဲ့သို့ မျိုးဆက်သစ်လူငယ်အားကစားသမားကောင်းများ စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရန် ရည်ရွယ်မွေးထုတ်ပေးနေခြင်းလည်းဖြစ်ကြောင်း။

**ကြံ့ခိုင်ဖွံ့ဖြိုးစေ**

အားကစားဟူသည်မှာ ခွန်အားနှင့် ဉာဏ်ရည်ကို အသုံးပြုပြီး လှုပ်ရှား ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ အားကစားလုပ်ဆောင်ခြင်းကြောင့် လူတစ်ယောက်၏ ခန္ဓာကိုယ်အစိတ်အပိုင်းအသီးသီးကို ကြံ့ခိုင်သန်စွမ်းစေရုံမက စိတ်ဓာတ်ပိုင်းဆိုင်ရာကိုပါ ကြံ့ခိုင်ဖွံ့ဖြိုးစေကြောင်း၊ ထို့ကြောင့် တပ်မတော်အနေဖြင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်မှုနှုန်း မြင့်မားချိန်ကာလမှအပ နှစ်စဉ်ပုံမှန်ကျင်းပပေးခဲ့ခြင်း ဖြစ်ကြောင်း၊ ယခုကျင်းပသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲတွင် မိမိတို့တပ်မတော်သားများ၏ တစ်ဦးချင်းအပြင် အဖွဲ့လိုက်ယှဉ်ပြိုင်ရသည့် အားကစားနည်း(၁၀)မျိုးကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း။

**စာမျက်နှာ ၄ သို့** ☆



တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးမင်းတို့က ဖွင့်ပွဲစာတန်းပါ မိုးပျံပူဖောင်းများအား ဖဲကြိုးဖြတ်၍ လွှတ်တင်ကြစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီးဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများ နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြစဉ်။

☆ စာမျက်နှာ ၃ မှ

တပ်မတော် အနေဖြင့် တပ်မတော်အားကစားနှင့် ကာယပညာ အုပ်ချုပ်ရေးအဖွဲ့နှင့် တပ်မတော် အားကစားကော်မတီတို့ကို ဖွဲ့စည်းပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အရည်အသွေးမြင့် တပ်မတော်သား အားကစားသမားများ မွေးထုတ်ပေးလျက်ရှိကြောင်း၊ ထို့ပြင် နှစ်စဉ်အားကစားပြက္ခဒိန်ကို ရေးဆွဲထားရှိပြီး တိုင်းစစ်ဌာနချုပ်များ အလိုက် သတ်မှတ်ပြိုင်ပွဲများကို ကျင်းပခဲ့သောကြောင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများအတွက် သွေးသစ်လောင်းနိုင်သည့် အားကစားသမားကောင်းများ စဉ်ဆက်မပြတ် ပေါ်ထွက်နေခြင်းလည်းဖြစ်ကြောင်း။

**အဆင့်အတန်းပြည့်မီစွာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ခဲ့**

အားကစားကဏ္ဍ တိုးတက်အောင်မြင်ခြင်းသည် နိုင်ငံသူနိုင်ငံသားများ၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည်များကို အောင်မြင်စွာ မြှင့်တင်ပေးနိုင်ခြင်းပင်ဖြစ်သောကြောင့် နိုင်ငံတော်၏ လူသားအရင်းအမြစ်ကို တိုက်ရိုက်သက်ရောက် ဖွံ့ဖြိုးတိုးတက်စေသည့် အဓိကအကြောင်းရင်းခံ တစ်ရပ်လည်းဖြစ်ကြောင်း၊ တပ်မတော်သားအားကစားသမားများသည် နိုင်ငံတကာ အားကစားပြိုင်ပွဲများနှင့် ဒေသတွင်းပြိုင်ပွဲများတွင် အဆင့်အတန်း ပြည့်မီစွာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ခဲ့ကြသည့် အပြင် နိုင်ငံ့ ဂုဏ်ဆောင်နိုင်သည့် ဆုတံဆိပ်အသီးသီး ဆွတ်ခူးရရှိနေကြသည်ကိုလည်း တွေ့ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်ထမ်းဆောင်ရာ၌ ကြံ့ခိုင်သန်စွမ်းမှု၊ ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် စိတ်ဓာတ်ထက်သန်ပြင်းပြမှုတို့ လိုအပ်ကြောင်း၊ အချင်းချင်းစည်းစည်းလုံးလုံး၊ အပြန်အလှန်နားလည်မှုရှိသည့် အဖွဲ့အစည်းစိတ်ဓာတ်နှင့် စုပေါင်းဖေးကူဆောင်ရွက်နိုင်စွမ်း ရှိရန်လည်း မဖြစ်မနေ လိုအပ်ကြောင်း၊ တပ်မတော်သား တပ်ဖွဲ့ဝင်အဆင့်အတန်းတိုင်းသည် နိုင်ငံ့လိုအပ်ချက်အရ တစ်ဦးချင်း၊ တစ်ယောက်ချင်းစီတိုင်း အပေါ်ကျရောက်လာသည့် နိုင်ငံ့တာဝန်မှန်သမျှကို အပြည့်အဝဆုံးသောခွန်အား၊ အထက်မြက်ဆုံးသော စွမ်းဆောင်ရည်များဖြင့် ကျေပွန်အောင်မြင်အောင် ထမ်းဆောင်သွားနိုင်ရန်လိုကြောင်း။

ယခု ကျင်းပပြုလုပ်သည့် အားကစား ပြိုင်ပွဲသည်လည်း နိုင်ငံတော်က ချမှတ်ထားသော လူမှုရေး ဦးတည်ချက်တစ်ရပ်ဖြစ်သည့် **"တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေး အတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး"** ဟူသည့်အချက်ကို အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းလည်းဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲတွင် မိမိတို့တိုင်းစစ်ဌာနချုပ်၏ ဂုဏ်ကိုဆောင်နိုင်သူ အားကစားသမားဖြစ်ရမည်ဟူသည့် ရည်မှန်းချက်ထားယှဉ်ပြိုင်သွားကြရန်၊ ရှိပြီးဖြစ်သည့် ကာယ၊ ဉာဏစွမ်းအားများကို ရေကုန်ရေခန်းထုတ်ဖော်ပြသပြီး တပ်မတော်ဂုဏ်ဆောင်အဆင့်မှ နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အဆင့်ထိရောက်အောင် ကြိုးပမ်းသွားကြရန်၊ ကာကွယ်ရေးတာဝန်ကျေပွန်သည့် တပ်မတော်သားကောင်းအဖြစ်သာမက တပ်မတော်နှင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အားကစားသမား ကောင်းများဖြစ်အောင် မလျှော့သောဇွဲ၊ လုံ့လ၊ အားမာန်၊ စိတ်ဓာတ်တို့ဖြင့် ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြိုင်ပွဲဝင်အသင်းများက စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုထွက်ခွာကြစဉ်။

**ကြည့်ရှုအားပေး**

ထို့နောက် စစ်ရေးပြမှူးကြီးဦးဆောင်၍ အလံတော်အဖွဲ့နှင့်အတူ ပြိုင်ပွဲဝင်အသင်းများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြု ထွက်ခွာကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဖလား ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည် ပြိုင်ပွဲအဖြစ် နေပြည်တော် တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုအား ကြည့်ရှုအားပေးကြသည်။ အဆိုပါ ပွဲစဉ်တွင် တစ်ဖက်နှင့်တစ်ဖက်ရလဒ်ကောင်း ရရှိနိုင်ရေး အပြန်အလှန် ဖိအားပေးကစားခဲ့ကြသော်လည်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ကိုယ်စားပြုအသင်းက အချိတ်အဆက်မိမိ၊ ကစားကွက်မိမိဖြင့် ဘောလုံးပိုင်ဆိုင်မှု အသာစီးရယူကာ ကစားနိုင်ခဲ့သောကြောင့် ပွဲကစားချိန်မိနစ်အားလုံးပြီးဆုံးချိန်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ကိုယ်စားပြုအသင်းက နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲတွင် ဘောလုံးပြိုင်ပွဲ၊ ကရာတေးဒို ပြိုင်ပွဲ၊ ပြေးခုန်ပစ် (ကျား/မ) ပြိုင်ပွဲ၊ မြန်မာ့သိုင်း (ကျား/မ) ပြိုင်ပွဲ၊ လက်ဝှေ့ပြိုင်ပွဲ၊ ဘော်လီဘော (ကျား/မ)ပြိုင်ပွဲ၊ ဂျူဒို(ကျား/မ) ပြိုင်ပွဲ၊ ဂေါက်သီးရိုက်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်း ပြိုင်ပွဲနှင့် တိုက်ကွမ်ဒိုပြိုင်ပွဲ စသည့် အားကစားပြိုင်ပွဲ ၁၀ မျိုးအား အောက်တိုဘာ ၁၁ ရက်အထိ ယှဉ်ပြိုင် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**☆ အားကစားကဏ္ဍ တိုးတက်အောင်မြင်ခြင်းသည် နိုင်ငံသူနိုင်ငံသားများ၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည်များကို အောင်မြင်စွာ မြှင့်တင်ပေးနိုင်ခြင်းပင်ဖြစ်သောကြောင့် နိုင်ငံတော်၏ လူသားအရင်းအမြစ်ကို တိုက်ရိုက်သက်ရောက် ဖွံ့ဖြိုးတိုးတက်စေသည့် အဓိကအကြောင်းရင်းခံတစ်ရပ်လည်းဖြစ်**

**☆ တပ်မတော်သား အားကစားသမားများသည် နိုင်ငံတကာ အားကစားပြိုင်ပွဲများနှင့် ဒေသတွင်း ပြိုင်ပွဲများတွင် အဆင့်အတန်းပြည့်မီစွာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ခဲ့ကြသည့်အပြင် နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် ဆုတံဆိပ်အသီးသီး ဆွတ်ခူးရရှိနေကြသည်ကိုလည်း တွေ့ကြရမည်**



၂၀၂၄ ခုနှစ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများကို တွေ့ရစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရုရှားနိုင်ငံ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုအသင်း ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် စက်တင်ဘာ ၂၅**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ရုရှားနိုင်ငံ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုအသင်း (Russian Association for Friendship and Cooperation–RAFC) ၏ ဒုတိယဥက္ကဋ္ဌ Mr.Alexander OSTROVSKIY ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရုရှား-မြန်မာ နှစ်နိုင်ငံ မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ ရုပ်မြင်သံကြားဇာတ်လမ်းတွဲများ နှစ်နိုင်ငံ ပူးပေါင်းစီစဉ်ရိုက်ကူးထုတ်လွှင့်ရေး၊ ယဉ်ကျေးမှု အပြန်အလှန်ဖလှယ်ရေး၊ ခရီးသွားကဏ္ဍ ပိုမိုမြှင့်တင်နိုင်ရေးနှင့် နှစ်နိုင်ငံပြည်သူများအကြား ဆက်သွယ်ဆက်ဆံမှု ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သွားနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ စက်တင်ဘာ ၂၁ ရက်မှ ၂၅ ရက်အထိ ကျင်းပသည့် (၂၁) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ယနေ့မွန်းလွဲပိုင်းတွင် China Eastern Airlines လေကြောင်းလိုင်းဖြင့် ကူမင်းမြို့မှ ရန်ကုန်မြို့ သို့ ပြန်လည်ရောက်ရှိကြသည်။

**ကြိုဆိုနှုတ်ဆက်**

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ စီးပွားရေးသံမှူး Mr. OUYANG daobing နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့ (ASEANSAI) ၏ အသိပညာမျှဝေသည့် အလုပ်ရုံဆွေးနွေးပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၅**

အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့(ASEANSAI)၏ အသိပညာမျှဝေမှု အစီအစဉ်အရ "စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်အကောင် အထည်ဖော်ဆောင်ရွက်မှုစစ်ဆေးခြင်းနှင့်စပ်လျဉ်းသည့် အသိပညာမျှဝေမှု အလုပ်ရုံဆွေးနွေးပွဲ" ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ပတ္တမြားခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် လက်ခံကျင်းပသည်။

**နှုတ်ခွန်းဆက်စကားပြောကြား**

အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက Video Message ဖြင့် နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယခုအလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေဖြင့် နိုင်ငံတကာစာရင်းစစ်ချုပ်ရုံးများနှင့် ပူးပေါင်းစစ်ဆေးရာတွင် လေ့လာသိရှိခဲ့ရသည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင် အကောင်အထည်ဖော်ဆောင်ရွက်မှုစစ်ဆေးခြင်းနှင့် စပ်လျဉ်းပြီး အသိပညာမျှဝေဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် ထိုင်းနိုင်ငံစာရင်းစစ်ချုပ်ရုံးတို့ကလည်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်နှင့်စပ်လျဉ်းသည့် စစ်ဆေးမှုများအကြောင်းကို အသိပညာမျှဝေ ဆွေးနွေးသွားမည်ဖြစ်သဖြင့် များစွာအကျိုးရှိလိမ့်မည်ဟုယုံကြည်ကြောင်း၊ မိမိတို့၏ အတွေ့အကြုံ၊ စိတ်ကူးစိတ်သန်းနှင့် သတင်းအချက်အလက်များကို တိုးမြှင့်မျှဝေဆောင်ရွက်၍ ခိုင်မာသည့်ဆက်သွယ်ဆက်ဆံရေးများဖြင့် ပူးပေါင်းဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မလေးရှားနိုင်ငံစာရင်းစစ်ချုပ် ASEANSAI Knowledge Sharing Committee ဥက္ကဋ္ဌ Mrs. Datuk Wan Surya Wan Mohd Radzi က Video Message ဖြင့် အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဒေါ်မြဇင်နှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြသက်မွန်တို့က စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင် အကောင်အထည်ဖော်ဆောင်ရွက်မှု စစ်ဆေးခြင်းလုပ်ငန်းစဉ်များ၊ စစ်ဆေးမှုနည်းလမ်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံစာရင်းစစ်ချုပ်ရုံးမှ ကိုယ်စားလှယ်များက စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင် အကောင်အထည်ဖော်မှုစစ်ဆေးခြင်းမှ အတွေ့အကြုံများကိုလည်းကောင်း၊ မလေးရှားနိုင်ငံစာရင်းစစ်ချုပ်ရုံးမှ ကိုယ်စားလှယ်များက သစ်တောစီမံခန့်ခွဲမှုနှင့် ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးကြပြီး တက်ရောက်လာကြသူများက အပြန်အလှန်မေးခွန်းများ မေးမြန်းဆွေးနွေး၍ အလုပ်ရုံဆွေးနွေးပွဲ ပထမနေ့ကို ရုပ်သိမ်းလိုက်သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ASEANSAI အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ကို စက်တင်ဘာ ၂၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# လှည်းကူးမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းသင်တန်း ဖွင့်လှစ်လျက်ရှိ

**လှည်းကူး စက်တင်ဘာ ၂၅**

လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူနိုင်ရေး မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းကို စက်တင်ဘာ ၁၇ ရက်မှ ၂၈ ရက်အထိ အခြေခံပညာအထက်တန်းကျောင်း( လှည်းကူး) ၌ ဖွင့်လှစ်သင်ကြားလျက်ရှိသည်။



မြို့နယ် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းနောင်က သင်တန်းနှင့် ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့ပြီး အထောက်အကူပစ္စည်းများ ပေးအပ်ခဲ့သည်။

အဆိုပါ သင်တန်းကို စက်တင်ဘာ ၁၇ ရက်မှ ၂၈ ရက်ထိ သင်တန်းနည်းပြဆရာ ၁၅ ဦးက သင်တန်းသား သင်တန်းသူ ၂၆၂ ဦးကို စာတွေ့၊ လက်တွေ့ သင်တန်း ပို့ချလျက်ရှိကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

၂၀၂၄ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် ပထမဆုရဆောင်းပါး

# ခရီးသွားနှင့်ငြိမ်းချမ်းရေး လက်တွဲတူယှဉ် ဖော်ဆောင်ပေး

သီတာအောင် (ဟိုတယ်/ခရီး)

ယခုသက္ကရာဇ် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလတွင် ကုလသမဂ္ဂ ခရီးသွားလုပ်ငန်းအဖွဲ့(UN Tourism)၏ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ကို ကျင်းပရန်အချိန်သည် ပြန်လည်ရောက်ရှိလာခဲ့ပြီဖြစ်ပါသည်။ ယေဘုယျအားဖြင့် ခရီးသွားလုပ်ငန်းဟူသည် အပန်းဖြေခရီးသွားခြင်း၊ အပျော်ခရီးထွက်ခြင်း (သို့မဟုတ်) စီးပွားရေးလုပ်ငန်းဆောင်တာများအတွက် သွားလာခြင်းများကို ဝန်ဆောင်မှုပေးနေသောလုပ်ငန်း သက်သက်သာသာဖြစ်သည်ဟု မှတ်ယူကြပေသည်။ သို့ရာတွင် ခရီးသွားလုပ်ငန်းသည် ခရီးသွားသက်သက်နှင့်သာသက်ဆိုင်သောလုပ်ငန်းမျိုး မဟုတ်ကြောင်းနှင့် ၎င်း၏ နောက်ကွယ်တွင်ရှိနေသော အနှစ်သာရများကို ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ကြီးမှ နှစ်စဉ်၊ နှစ်တိုင်းဖော်ထုတ်ပြပြီး ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ကို ကျင်းပပြုလုပ်လာခဲ့သည်မှာ ယခုအခါတွင် (၄၅) ကြိမ်မြောက် ရှိလာခဲ့ပြီဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကုလသမဂ္ဂ ခရီးသွားလုပ်ငန်းအဖွဲ့သည် ယခုနှစ် ၂၀၂၄ ခုနှစ်အတွက် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားကိုကျင်းပရန် ခရီးသွားလုပ်ငန်းမှရရှိနိုင်သော ကြီးမားသောအကျိုးတရားတစ်ခုကို ဖော်ထုတ်ပြလိုက်ပြန်သည်။ ၎င်းမှာ အဖွဲ့ဝင်နိုင်ငံများအကြား နားလည်မှုနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုတို့၌ ခရီးသွားလုပ်ငန်း၏အခန်းကဏ္ဍကို သိသာပေါ်လွင်စေရန်၊ မတူကွဲပြားသည့်ယဉ်ကျေးမှုများနှင့် မတူကွဲပြားသည့် အခြေအနေများအောက်၌ စည်းလုံးညီညွတ်မှုရရှိရန် ခရီးသွားလုပ်ငန်းကဏ္ဍမှတစ်ဆင့် မြှင့်တင်ပေးနိုင်ကြောင်းသိရှိစေရန်နှင့် ယနေ့အချိန်အခါထက် ပိုမိုငြိမ်းချမ်းသောကမ္ဘာကို တည်ဆောက်ရန်အတွက် ခရီးသွားလုပ်ငန်းကဏ္ဍမှ နည်းလမ်းများစွာဖြင့် အထောက်အကူ ပြုနေကြောင်းကို သတိပြုမိစေရန်ရည်ရွယ်၍ **“ ခရီးသွားနှင့်ငြိမ်းချမ်းရေး လက်တွဲတူယှဉ်ဖော်ဆောင်ပေး”** (Tourism and Peace) ဟူသောခေါင်းစဉ်ဖြင့်ကျင်းပသွားမည်ဖြစ်ပါသည်။




ဤတွင် **ငြိမ်းချမ်းရေးဆိုသည်မှာ ပဋိပက္ခများ၊ ခြိမ်းခြောက်မှုများ၊ အနှောင့်အယှက်များမှ ကင်းဝေးခြင်းကိုဆိုလိုပြီး လွတ်လပ်မှုနှင့်အတူ ယှဉ်တွဲနေပါသည်။ ပဋိပက္ခဟူသည်မှာကား ပြင်းထန်သော သဘောထားကွဲလွဲမှု (သို့မဟုတ်) ငြင်းခုံမှု တစ်ရပ်ပင်ဖြစ်ပါသည်။**

ယခုအခါတွင် ကမ္ဘာ့နေရာအနှံ့အပြား၌ နိုင်ငံရေးပြဿနာများသည် တစ်စထက်တစ်စကြီးထွားလာကာ ပြည်တွင်း၊ ပြည်ပကျူးကျော်စစ်များအဖြစ်သို့ ရောက်ရှိလာကြသည်ကို တွေ့ရှိရပါသည်။

ဒုတိယကမ္ဘာစစ်အပြီး နှစ်ပေါင်း ၈၀ နီးပါးအကြာ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့မှ စတင်ခဲ့သော ရုရှားနှင့်ယူကရိန်းတို့ဖြစ်ပွားသောစစ်သည် ကမ္ဘာ့စားနပ်ရိက္ခာထုတ်လုပ်မှုကို ကြီးမားစွာ ရိုက်ခတ်ခဲ့ပြီး ၎င်းနှင့်အတူ လောင်စာဆီမလုံလောက်မှုကလည်း ကမ္ဘာ့ထုတ်ကုန်များအပေါ် ဈေးနှုန်းမြင့်တက်မှုကို ဖြစ်ပေါ်စေခဲ့ပါသည်။ ထိုမှတစ်ဖန် အစ္စရေးနှင့်ပါလက်စတိုင်း၊ အစ္စရေးနှင့် အီရန်နိုင်ငံတို့၏ စစ်ရေးပဋိပက္ခများသည်လည်းကောင်း၊ တောင်တရုတ်ပင်လယ်တွင် ဖြစ်ပွားနေသည့် ပဋိပက္ခများသည်လည်းကောင်း ကမ္ဘာ့ငြိမ်းချမ်းရေးကို ပိုမိုယိုယွင်းလာစေခဲ့ပါသည်။

သို့ဖြစ်ပါ၍ ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့သည် ခရီးသွားလုပ်ငန်းဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို မြှင့်တင်ပေးနိုင်ရန်အလို့ငှာ ခရီးသွားလုပ်ငန်းနှင့် ငြိမ်းချမ်းရေးတို့၏ ဆက်နွယ်နေပုံကို အောက်ပါအတိုင်း ဖွင့်ဆိုဖော်ပြခဲ့ပါသည်–

**ငြိမ်းချမ်းရေးကြိုးပမ်းမှုသည် စဉ်ဆက်မပြတ်လုပ်ဆောင်နေရသော အားထုတ်မှုတစ်ရပ်ဖြစ်ပြီး ယခုအခါငြိမ်းချမ်းရေးဖော်ဆောင်ရာတွင် တိုးတက်မှုရရှိစေရန်အတွက် ခရီးသွားလုပ်ငန်း၏အခန်းကဏ္ဍသည် ယခင်ကထက် ပိုမိုသက်ဆိုင်လာပေသည်။ ခရီးသွားလုပ်ငန်းသည် နိုင်ငံများနှင့်ယဉ်ကျေးမှုများအကြား ငြိမ်းချမ်းရေးနှင့်နားလည်မှုကို မြှင့်တင်ရန်နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များကို ပံ့ပိုးပေးရန်အတွက် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်နေပါသည်။ ထို့အပြင် ခရီးသွားလုပ်ငန်းသည် လူမှုရေး၊ တရားမျှတမှု၊ လူ့အခွင့်အရေး၊ စီးပွားရေးသာတူညီမျှရှိမှု၊ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုစသည့်ငြိမ်းချမ်းရေး တည်ဆောက်မှုတွင် အဓိကပါဝင်နေသောအပိုင်းများနှင့် ပဋိပက္ခများကို အကြမ်းမဖက်သောနည်းဖြင့် ဖြေရှင်းနိုင်မည့် လွတ်လပ်သောဒီမိုကရေစီဝါဒတို့သည် ပီပီပြင်ပြင် ဆက်စပ်နေပါသည်။**

ထို့အပြင် ခရီးသွားလုပ်ငန်း၏ အကြီးမားဆုံး အားသာချက်မှာ မတူကွဲပြားသော အခြေအနေများအောက်ရှိ လူတို့အားအတူတကွ စုစည်းပေးနိုင်စွမ်းရှိသော စီးပွားရေးလုပ်ငန်းကြီးတစ်ခု ဖြစ်နေခြင်းပင်ဖြစ်ပါသည်။

တစ်ဖန်ခရီးသွားလုပ်ငန်းသည် ဆန်းသစ်တီထွင်မှုနှင့် စွန့်ဦးတီထွင်မှုများအတွက် ရေခံမြေခံကောင်းတစ်ခုဖြစ်ပြီး တီထွင်ဖန်တီးမှုဆိုင်ရာ ဖြေရှင်းဆောင်ရွက်ချက်များနှင့် စီးပွားရေးပုံစံသစ်များကို အားပေးခြင်းဖြင့် စီးပွားရေးတိုးတက်မှုကို တွန်းအားပေးနိုင်ပြီး အရည်အချင်းရှိသော လူငယ်များအတွက် အထူးအခွင့်အရေးများကို ပံ့ပိုးပေးနိုင်သည့်အပြင်၊ ခရီးသွားလုပ်ငန်းတွင် စွန့်ဦးတီထွင်လုပ်ဆောင်မှုများစတင်ခြင်းကို ပံ့ပိုးကူညီခြင်းစသည်တို့ဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နိုင်စေရေးကို အထောက်အကူပြုသည့်ငြိမ်းချမ်းရေးတည်ဆောက်မှု မဟာဗျူဟာသစ်များအတွက် မူဝါဒလမ်းစဉ်များ ဖန်တီးပေးရမည်ဖြစ်ပါသည်။

ယခုအခါတွင် ခရီးသွားလုပ်ငန်းသည် ပုံစံအမျိုးမျိုးဖြင့် ဝန်ဆောင်မှုများပေးနေသည်ကို ကျွန်ုပ်တို့တွေ့ရှိနိုင်ပါသည်။ ဥပမာအားဖြင့် တစ်နိုင်ငံနှင့် တစ်နိုင်ငံသွားရောက်လည်ပတ်ခြင်း၊ အစည်းအဝေးပွဲများလက်ခံကျင်းပခြင်း၊ ပညာရေး၊ ကျန်းမာရေးတို့နှင့်ပတ်သက်သည့် လေ့ကျင့်ရေး၊ သင်ကြားရေးဆိုင်ရာလဲလှယ်ရေး (ဖလှယ်ရေး) အစီအစဉ်များလုပ်ကိုင်ခြင်း၊ ချစ်ကြည်ရေးဆိုင်ရာ လေ့လာရေးခရီးစဉ်များဖိတ်ခေါ်ခြင်း၊ လူမှုရေးဆိုင်ရာ ပူးပေါင်းလှုပ်ရှားမှုများ ပြုလုပ်ခြင်းစသည်တို့ ဖြစ်ကြပါသည်။ ၎င်းတို့သည် မည်သို့ပင်ဖြစ်စေကာမူ မတူညီသောနိုင်ငံများနှင့် လူ့အဖွဲ့အစည်းများအကြား၊ ယဉ်ကျေးမှုများအကြား ကောင်းမွန်သောဆက်ဆံရေးနှင့် ငြိမ်းချမ်းရေးကို ပိုမိုဖြစ်ထွန်းစေပါသည်။

ထို့ကြောင့် ခရီးသွားလုပ်ငန်း၏ ဆက်နွယ်ပတ်သက်မှုအခန်းကဏ္ဍများကို အောက်ပါအတိုင်း ထင်ဟပ်၍ တွေ့မြင်နိုင်ပါသည်။

**(က) ငြိမ်းချမ်းရေးသံတမန်အဖြစ်ဆောင်ရွက်သော ခရီးသွားလုပ်ငန်း**

ခရီးသွားလုပ်ငန်းတွင် လူအချင်းချင်းကူးလူးဆက်ဆံခြင်း (People to People Connectivity) ဆိုသည့်စကားရပ်သည် ယနေ့ကမ္ဘာ့နိုင်ငံရေးအခြေအနေအရ ပိုမိုအရေးပါလာသည်ကို တွေ့ရှိရပါသည်။ အဘယ်ကြောင့်ဆိုသော် လူအချင်းချင်းကူးလူးဆက်ဆံခြင်းဖြင့် ခရီးစဉ်ဒေသ နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များ၊ ရိုးရာဓလေ့ထုံးစံများ၊ လူနေမှုပုံစံများကို အခြားနိုင်ငံမှခရီးသွားဧည့်သည်များအနေဖြင့် ထဲထဲဝင်ဝင်လေ့လာသိရှိနိုင်ပြီး ဒေသခံတို့၏ စိတ်ရင်းသဘောထားအမှန်ကိုလည်း တွေ့မြင်နိုင်မည် ဖြစ်ပေသည်။ နိုင်ငံ့ခေါင်းဆောင်များမှအစပြု၍ ပြည်သူအချင်းချင်းတို့သည် တစ်ဖက်နှင့်တစ်ဖက် ကောင်းမွန်သည့်အမြင်နှင့် ခင်မင်ရင်းနှီးမှုရှိမှသာလျှင် အပြန်အလှန်လည်ပတ်ခြင်း၊ ခရီးသွားခြင်းများကို ပြုလုပ်ကြပါသည်။ ထို့အပြင် အချို့ကိစ္စရပ်များတွင် အခြားသောနည်းဖြင့် ဆက်သွယ်မှုများထက် လူပုဂ္ဂိုလ်ချင်းသွားရောက်တွေ့ဆုံ၍ ရင်းနှီးပွင့်လင်းစွာ ပြောဆိုဆက်ဆံဆွေးနွေးခြင်းသည် ပိုမိုထိရောက် အောင်မြင်သဖြင့် ခရီးသွားလုပ်ငန်းသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် သံတမန်အဖြစ် ပါဝင်လာရပါတော့သည်။

အမှန်စင်စစ် ခရီးသွားလုပ်ငန်းကို ငြိမ်းချမ်းရေးတည်ဆောက်မှုအတွက် ကြားခံကိရိယာအဖြစ်အသုံးပြုမှုသည် ယခုမှပေါ်ပေါက်လာခြင်းမဟုတ်ပေ။ မြန်မာနိုင်ငံ၏ သမိုင်းကိုပြန်ပြောင်းကြည့်လျှင်လည်း ခရီးသွား၍ ငြိမ်းချမ်းရေးကို ဆောင်ရွက်နိုင်ခဲ့သည့် ကြီးမားသောသာဓကရှိခဲ့ပါသည်။ ၎င်းမှာ (၁၃) ရာစုတွင် ပုဂံပြည့်ရှင် နရသီဟပတေ့မင်းလက်ထက်၌ ပုဂံကိုမွန်ဂိုတရုတ်တို့ ဝင်ရောက်တိုက်ခိုက်မှုကြောင့် ငြိမ်းချမ်းရေးစကားဆိုရန် ရှင်ဒိသာပါမောက်ရဟန်းသည် တရုတ်နိုင်ငံ ပေကျင်းသို့ ခရီးထွက်ခဲ့ရပေသည်။ ၎င်း၏ဂုဏ်ဆောင်မှုကြောင့် မြန်မာနိုင်ငံသားတို့သည် မွန်ဂိုတို့၏အပြီးတိုင်ချေဖျက်မှုဘေးမှ ကင်းဝေးခဲ့ရပါသည်။ ဤသည်ကိုလည်း ကမ္ဘာကျော်ခရီးသည်ကြီး မာကိုပိုလိုက မှတ်တမ်းတင်ခဲ့ပါသည်။

**(ခ) ကမ္ဘာ့ငြိမ်းချမ်းရေးကို အထောက်အကူပြုနေသည့်ခရီးသွားလုပ်ငန်း**

ရေရှည်တည်တံ့သော တာဝန်သိခရီးသွားလုပ်ငန်း၏ အလေ့အကျင့်များသည် သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းခြင်း၊ ဒေသခံများ၏ လူမှုစီးပွားရေးဘဝကို တိုးတက်စေခြင်း၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းခြင်းစသည့်အကျိုးတရားများကိုရရှိစေပြီး ခရီးသွားဧည့်သည်များနှင့် ဒေသခံများအကြား မျှတသောဆက်ဆံရေးကို ဖြစ်ပေါ်စေပါသည်။ ထို့အပြင် မတူညီသောယဉ်ကျေးမှုနှင့် နောက်ခံများမှလူများကို အတူတကွပေါင်းစည်းစေခြင်းဖြင့် ခရီးသွားလုပ်ငန်းသည် အတားအဆီးများကို ချိုးဖျက်နိုင်ပြီး အပြန်အလှန်နားလည်မှုကို တည်ဆောက်ကာ သဟဇာတဖြစ်မှုကို မြှင့်တင်နိုင်ပေသည်။ ဥပမာအားဖြင့် ၂၀ ရာစုနှစ် နှောင်းပိုင်းကာလများတွင် အစ္စရေး၊ ပါလက်စတိုင်းနှင့် ဂျော်ဒန်နိုင်ငံတို့မှ လူငယ်များကို ခရီးသွားလုပ်ငန်းတွင် လုပ်ကိုင်ရန် စုစည်းပေးခြင်းဖြင့် ၎င်းဒေသရှိ လူငယ်တို့သည် မိမိတို့၏ယဉ်ကျေးမှုများကို အချင်းချင်းမျှဝေကြပြီး ရန်ဘက်များထက် မိတ်ဖက်များအဖြစ် အချင်းချင်းသိမြင်လာကြသဖြင့် **“ခရီးသွားလုပ်ငန်းမှတစ်ဆင့် ငြိမ်းချမ်းရေးဆီသို့”** သွားသည့် အစီအစဉ်သည် သိသာထင်ရှားသောခြေလှမ်းများ ဖြစ်လာခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။ ဤသည်ကား ခရီးသွားလုပ်ငန်း၏ အသွင်ကူးပြောင်းနိုင်မှု စွမ်းပကားကို မီးမောင်းထိုးပြလိုက်ခြင်းပင် ဖြစ်ပါသည်။ ထို့အပြင် ခရီးသွားလုပ်ငန်းလုပ်ကိုင်ခြင်းသည် ကမ္ဘာ့ကုလသမဂ္ဂမှချမှတ်ထားသည့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုအတွက် ကမ္ဘာ့ရည်မှန်းချက်ဖြစ်သည့် **“ငြိမ်းချမ်းရေး”** ဆိုသည့် ရည်မှန်းချက်ပန်းတိုင်ကို ဖော်ဆောင်ရာလည်းရောက်ပါသည်။

စာမျက်နှာ ၇ သို့ »»

**“ငြိမ်းချမ်းရေးကြိုးပမ်းမှုသည် စဉ်ဆက်မပြတ် လုပ်ဆောင်နေရသော အားထုတ်မှုတစ်ရပ်ဖြစ်ပြီး ယခုအခါငြိမ်းချမ်းရေးဖော်ဆောင်ရာတွင် တိုးတက်မှုရရှိစေရန်အတွက် ခရီးသွားလုပ်ငန်း၏အခန်းကဏ္ဍသည် ယခင်ကထက် ပိုမိုသက်ဆိုင်လာပေသည်။ ခရီးသွားလုပ်ငန်းသည် နိုင်ငံများနှင့် ယဉ်ကျေးမှုများအကြား ငြိမ်းချမ်းရေးနှင့်နားလည်မှုကို မြှင့်တင်ရန်နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များကို ပံ့ပိုးပေးရန်အတွက် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်နေပါသည်။ ထို့အပြင် ခရီးသွားလုပ်ငန်းသည် လူမှုရေး၊ တရားမျှတမှု၊ လူ့အခွင့်အရေး၊ စီးပွားရေးသာတူညီမျှရှိမှု၊ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုစသည့်ငြိမ်းချမ်းရေး တည်ဆောက်မှုတွင် အဓိကပါဝင်နေသောအပိုင်းများနှင့် ပဋိပက္ခများကို အကြမ်းမဖက်သောနည်းဖြင့် ဖြေရှင်းနိုင်မည့် လွတ်လပ်သောဒီမိုကရေစီဝါဒတို့သည် ပီပီပြင်ပြင် ဆက်စပ်နေ”**

# ကယားပြည်နယ်ဝန်ကြီးချုပ် လွိုင်ကော်မြို့နယ်အတွင်းရှိ ရေဘေးဒဏ်သင့် ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်း ဆန်တော်၊ ဆီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း

လွိုင်ကော် စက်တင်ဘာ ၂၅

ကယားပြည်နယ်အစိုးရအဖွဲ့က လွိုင်ကော်မြို့နယ်အတွင်း ဘီလူးချောင်းရေ မြင့်တက်မှုကြောင့် ရပ်ကွက်များအတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သည့်နည်းတူ ဘုန်းတော်ကြီးကျောင်းများလည်း ရေကြီးရေလျှံမှုများဖြစ်ပေါ်သဖြင့် ယနေ့နံနက်ပိုင်းက ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ရှမ်းပိုင်းရပ်ကွက်ရှိ ရွှေကျောင်းပရိယတ္တိစာသင်တိုက်သို့ရောက်ရှိပြီး ဆရာတော်များထံ သာသနာရေးဆိုင်ရာများလျှောက်ထားပြီး ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။ ဝန်ကြီးချုပ်က သံဃာတော်များအတွက် ဆွမ်းနှင့်ဆွမ်းဟင်းများ ချက်ပြုတ်ရာတွင် အဆင်ပြေစေရေးအတွက် လိုအပ်သည့် ထင်း၊ မီးသွေး၊ မီးဖိုများ၊ ရေသန့်များနှင့် စက်သုံးဆီများ လှူဒါန်းသွားရန်၊ ကျောင်းဝေယျာဝစ္စ ကိစ္စရပ်များ ဆောင်ရွက်ရန်အတွက် လှေတစ်စင်းအား စီစဉ်ထားရန်နှင့် ရေများ ပြန်လည်ကျဆင်းပါက ကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။



ဆက်လက်၍ ရွှေတောင်ရပ်ကွက်ရှိ ရွှေတောင်ပရိယတ္တိစာသင်တိုက်ရှိ ဆရာတော်များအား ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာများ လျှောက်ထားခြင်းနှင့် ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းအတွင်း သောက်သုံးရေ၊ ထင်း၊ မီးသွေးနှင့် စက်သုံးဆီများ လှူဒါန်းရန်၊ ကျောင်းဝေယျာဝစ္စ ကိစ္စရပ်များ ဆောင်ရွက်ရန်အတွက် လှေတစ်စင်းအား စီမံထားရန်နှင့် ရေများပြန်လည်ကျဆင်းပါက ကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကန္ဒရဝတီတံတားနှင့် ရှမ်းပိုင်းတံတား ရေကြီးရေလျှံမှုကြောင့် တံတားရေကျော်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပြီး ကန္ဒရဝတီတံတားမှာ ရေကျော်မှုများနှင့် ရေစီးအားကောင်းသောကြောင့် ယာဉ်နှင့်ပြည်သူများ သွားရောက်ရာတွင် အန္တရာယ်မဖြစ်စေရေး ကန့်သတ်ချက်ဖြင့် သွားလာနိုင်ရေး ကြီးကြပ်ဆောင်ရွက်ရန်နှင့် တံတားကြံ့ခိုင်မှုအား နေ့ညမပြတ် စောင့်ကြပ်ကြည့်ရှုရန် မှာကြားခဲ့သည်။

## လှည့်လည်ကြည့်ရှု

ဆက်လက်၍ ရေကြီးရေလျှံမှုများဖြစ်သည့် ရှမ်းပိုင်း၊ ဒေါနိုးကူး၊ ရှမ်းစု၊ ရွှေတောင်ရပ်ကွက်များအတွင်း စက်လှေဖြင့် လှည့်လည်ကြည့်ရှုခဲ့သည်။ ထို့နောက် ပြည်သူများ သွားလာရေးအဆင်ပြေစေရန် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ဝန်ထမ်းများ ကြက်ခြေနီနှင့် ပရဟိတအဖွဲ့များက စက်လှေများဖြင့် ကူညီပို့ဆောင်ပေးနေမှုများကို ကြည့်ရှုပြီး ပြည်သူများ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးနှင့် ဘေးအန္တရာယ်မဖြစ်စေရေး၊ အလှည့်ကျစနစ်ဖြင့် တာဝန်ထမ်းဆောင်ကြရေး ကြီးကြပ်ကူညီ ဆောင်ရွက်ပေးကြရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

---

»»» **စာမျက်နှာ ၆ မှ**

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုသည် ငြိမ်းချမ်းသည့်လူ့အဖွဲ့အစည်းကို ဖြစ်ပေါ်စေပြီး အပြန်အလှန်အားဖြင့် ငြိမ်းချမ်းသည့်လူ့အဖွဲ့အစည်းရှိမှသာလျှင် ခရီးသွားလုပ်ငန်းလုပ်ကိုင်ရာ၌ ပိုမိုအောင်မြင်ဖြစ်ထွန်းသည်ကို တွေ့ရှိရပါသည်။

**(ဂ) ဆန်းသစ်တီထွင်မှုကိုဖြစ်ပေါ်စေပြီး ငြိမ်းချမ်းရေးတည်ဆောက်မှု မဟာဗျူဟာများကို အထောက်အကူပြုသည့် ခရီးသွားလုပ်ငန်း**

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်မှာ ဆန်းသစ်တီထွင်မှုနှင့် စွန့်ဦးတီထွင်မှုတို့ အမြဲလိုအပ်လျက်ရှိပြီး ၎င်းတို့ကိုမြှင့်တင်အားပေးခြင်းဖြင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုသည် ငြိမ်းချမ်းရေးတည်ဆောက်မှု မဟာဗျူဟာများ ချမှတ်ရာတွင် ဆန်းသစ်သောနည်းဖြင့် အထောက်အကူ ဖြစ်စေနိုင်ပါသည်။

**(ဃ) ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးရရှိမှုတွင် လူငယ်များ၏အခန်းကဏ္ဍ**

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုနှင့် ငြိမ်းချမ်းရေးရရှိမှုတွင် လူငယ်များပါဝင်ပတ်သက်မှုသည် အရေးကြီးကြောင်းကို ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့က ဤကဲ့သို့အလေးအနက်ဖော်ပြခဲ့ပါသည်-

**ခရီးသွားလုပ်ငန်း၏ အနာဂတ်သည် လူငယ်များ၏လက်ထဲတွင် ရှိနေပါသည်။ လူငယ်များအတွက်ရင်းနှီးမြှုပ်နှံပေးရာတွင် ၎င်းတို့၏ ပညာရေးကို ပံ့ပိုးကူညီပေးခြင်း၊ လေ့ကျင့်ရန်အခွင့်အလမ်းများနှင့် ခရီးသွားကဏ္ဍတွင် ၎င်းတို့၏ တက်ကြွစွာပါဝင်မှုကို အားပေးခြင်းတို့ဖြင့် လူမှုဆက်ဆံရေးနယ်ပယ်တွင် အပြောင်းအလဲများ ပြုလုပ်ပေးနိုင်ပြီး ငြိမ်းချမ်းရေးကို မြှင့်တင်ပေးရန်အတွက် ၎င်းတို့၏စွမ်းပကားများကို အသုံးပြုနိုင်ပါသည်။**

သို့ဖြစ်ပါ၍ ခရီးသွားလုပ်ငန်း၏ အနာဂတ်ကို ပုံဖော်ရာတွင် လူငယ်များ၏အခန်းကဏ္ဍကို အလေးထားပြီး ၎င်းတို့ကို ဆွဲဆောင်ခြင်းဖြင့် မှန်ကန်သော အသိအမြင်များကို ရရှိစေပြီး အချင်းချင်းနားလည်မှုနှင့် ငြိမ်းချမ်းရေးကို ဦးစားပေးတတ်သော မျိုးဆက်သစ်ခရီးသွားများကို ပြုစုပျိုးထောင်ပေးနိုင်ပါသည်။ ဤသို့ဖြင့် ခရီးသွားခြင်းကို အားလပ်ရက်တွင် အနားယူအပန်းဖြေခြင်း သက်သက်ထက် ပိုမိုသည့်ငြိမ်းချမ်းရေးကို မြှင့်တင်ပေးသည့်လုပ်ငန်းစဉ်အဖြစ် ပိုမိုသိမြင်လာစေပြီး ခရီးသွားလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်ရသည်ကို ပိုမိုပျော်ရွှင်၊ ဂုဏ်ယူတတ်လာကြမည်ဖြစ်ပါသည်။

> ❛ခရီးသွားလုပ်ငန်း၏ အနာဂတ်သည် လူငယ်များ၏လက်ထဲတွင် ရှိနေပါသည်။ လူငယ်များအတွက် ရင်းနှီးမြှုပ်နှံပေးရာတွင် ၎င်းတို့၏ ပညာရေးကို ပံ့ပိုးကူညီပေးခြင်း၊ လေ့ကျင့်ရန်အခွင့်အလမ်းများနှင့် ခရီးသွားကဏ္ဍတွင် ၎င်းတို့၏ တက်ကြွစွာပါဝင်မှုကို အားပေးခြင်းတို့ဖြင့် လူမှုဆက်ဆံရေးနယ်ပယ်တွင် အပြောင်းအလဲများ ပြုလုပ်ပေးနိုင်ပြီး ငြိမ်းချမ်းရေးကို မြှင့်တင်ပေးရန်အတွက် ၎င်းတို့၏စွမ်းပကားများကို အသုံးပြုနိုင်❜

**(င) ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်ရာတွင် သတင်းမီဒီယာများ၏ အခန်းကဏ္ဍ**

ခရီးသွားလုပ်ငန်းမြှင့်တင်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်ရာတွင် သတင်းမီဒီယာများသည် လူအများစုသတိမမူမိသော အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ မီဒီယာသည်သတင်းအချက်အလက်အတွက် မရှိမဖြစ်လိုအပ်သောလမ်းကြောင်းတစ်ခုအဖြစ် ဆောင်ရွက်ပေးလျက်ရှိရာ ၎င်းသည် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်သည့် ကဏ္ဍနှစ်ခုလုံးအတွက် ပုံဖော်ပေးခြင်းဖြင့် လူထု၏အမြင်ကို လွှမ်းမိုးနိုင်ပါသည်။ မြန်မာနိုင်ငံနှင့်ပတ်သက်၍ နိုင်ငံတကာ ခရီးသွားများအကြား အထင်လွဲမှားနေမှုများကို သတင်းမီဒီယာများ၏ အစွမ်းဖြင့် ချေဖျက်၍ မိမိနိုင်ငံ၏ ကောင်းမွန်သော ပုံရိပ်ကို တည်ဆောက်ပြရမည်ဖြစ်ပါသည်။ နိုင်ငံတကာသုံး အင်္ဂလိပ်ဘာသာဖြင့် မှန်ကန်၊ မြန်ဆန်စွာ အချိန်နှင့်တစ်ပြေးညီ ကမ္ဘာကိုထိုးဖောက်နိုင်သော မီဒီယာများသည် မိမိနိုင်ငံ၏ ပကတိအခြေအနေမှန်များနှင့် ကောင်းမွန်သောပုံရိပ်ကို မီးမောင်းထိုးပြသနိုင်ပြီး မတူညီသောအသိုက်အဝန်းများအကြား နားလည်မှုနှင့် ငြိမ်းချမ်းစွာအပြန်အလှန်ဆက်သွယ်မှုကို ဖြစ်ပေါ်စေပါသည်။ ဤသို့ဖြင့် သတင်းမီဒီယာများ၏ အခန်းကဏ္ဍဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် မြှင့်တင်ပေးနိုင်သကဲ့သို့ ငြိမ်းချမ်းရေးကိုလည်း ဖော်ဆောင်ပေးနိုင်ပါသည်။

**(စ) ခရီးသွားလုပ်ငန်းကိုအနှောင့်အယှက်ဖြစ်စေသောပြည်တွင်းမငြိမ်သက်မှုများ**

ဒေသတစ်ခုသည် သယံဇာတများ မည်မျှပေါများကြွယ်ဝစေကာမူ ပဋိပက္ခများရှိနေလျှင် ၎င်းဒေသသည် မည်သို့မျှစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု မဖြစ်နိုင်ပေ။ ကျွန်ုပ်တို့နိုင်ငံသည်လည်း ကမ္ဘာ့အင်အားကြီး နိုင်ငံများအကြား အားပြိုင်မှုတွင် မြေဇာပင်ဖြစ်နေ၍ ပြည်တွင်းမငြိမ်သက်မှုများနှင့် နိုင်ငံရေးပဋိပက္ခများကလည်း နိုင်ငံ၏ပုံရိပ်ကို ကျဆင်းစေပါသည်။ ၎င်းဖြစ်ရပ်များသည် ခရီးသွားလုပ်ငန်းကို များစွာအနှောင့်အယှက်ဖြစ်စေကြောင်းကို အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် ကိုဗစ် - ၁၉ ကပ်ရောဂါ ကာလအလွန်တွင် မိမိတို့နိုင်ငံသို့ နိုင်ငံတကာခရီးသွားဧည့်သည် ရောက်ရှိမှုအရေအတွက် အနည်းဆုံးဖြစ်သည်က သက်သေပြလျက်ရှိနေပေသည်။ ဤသို့ဖြစ်ရခြင်းမှာ ခရီးသွားလုပ်ငန်းနှင့် ငြိမ်းချမ်းရေးတို့သည် ယှဉ်တွဲဆက်စပ်နေခြင်းကြောင့်ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် ခရီးသွားခြင်းဖြင့် ယဉ်ကျေးမှု၊ နားလည်မှုများကို ဖလှယ်ပေးနိုင်ပြီး မတူကွဲပြားမှုများကို နည်းပါးသွားအောင် ဖန်တီးပေးနိုင်စွမ်းရှိသဖြင့် ၂၀၂၄ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့၏ အနှစ်သာရအဖြစ် ငြိမ်းချမ်းရေးကိုဖော်ဆောင်ပေးရန် ရည်ရွယ်၍ ကျင်းပသွားမည်ဖြစ်ပါသည်။ ငြိမ်းချမ်းရေးသည် ကျွန်ုပ်တို့လူသားအားလုံးအတွက် မရှိမဖြစ်လိုအပ်ပြီး လူသားအားလုံးကလည်း လိုလားတောင့်တကြသည့်အရာဖြစ်ပေရာ ငြိမ်းချမ်းရေးကို တည်ဆောက်ရာတွင် ခရီးသွားလုပ်ငန်း ကဏ္ဍအနေဖြင့် ပါဝင်ဖြည့်ဆည်း အကျိုးပြုခြင်းသည် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ချမှတ်ထားသည့် မူဝါဒနှင့်လည်းကိုက်ညီပါသည်။ ထို့အပြင် ပဋိပက္ခများသည် ငြိမ်းချမ်းမှု၊ လုံခြုံမှုများကို ကင်းမဲ့စေပြီး စားဝတ်နေရေး ကျပ်တည်းမှုတို့ကို ဖြစ်ပေါ်စေသည့်အပြင် လူ့အခွင့်အရေးများကိုဆုံးရှုံးစေရာ ငြိမ်းချမ်းရေး၏တန်ဖိုးကို မငြိမ်းချမ်းသည့်ဒေသများတွင် နေထိုင်သူများက ပိုမိုသိရှိကြပါသည်။

သို့ဖြစ်ပါ၍ ပဋိပက္ခများနှင့်သဘောထားကွဲလွဲမှုများ ရှိနေဆဲဖြစ်သော ယနေ့ကမ္ဘာတွင်အတိတ်မှဖြစ်ရပ်များကို သင်ခန်းစာယူ၍ ကျွန်ုပ်တို့နေထိုင်ရာ ကမ္ဘာကြီးကို နောင်လာနောက်သားများအား ငြိမ်းချမ်းသည့်ကမ္ဘာကြီးအဖြစ် အမွေပေးနိုင်စေရန် ကြိုးစားဖို့လိုအပ်ပါသည်။ ဤတွင် ကျွန်ုပ်တို့သည် နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် အထောက်အကူပြုပေးသော၊ ငြိမ်းချမ်းရေးသံတမန်အဖြစ် လုပ်ကိုင်နေသော၊ မတူညီသော ယဉ်ကျေးမှုနှင့် နောက်ခံများမှလူများကို အတူတကွပေါင်းစည်းပေးသော၊ ဆန်းသစ်တီထွင်မှုများကို ဖြစ်ပေါ်စေသော စသည့်အနှစ်သာရများနှင့် ပြည့်စုံနေသည့် ခရီးသွားလုပ်ငန်းနှင့် ၎င်းနှင့်အပြန်အလှန်မှီခိုဖြစ်တည်လျက်ရှိနေသော ငြိမ်းချမ်းရေးကို ရရှိအောင် လူငယ်များ၏ အင်အားကိုယူ၍ အတူယှဉ်တွဲဖော်ဆောင်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

– UN Tourism ၏ Concept Note (2024)

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလား အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၅**

၂၀၂၄ ခုနှစ် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလား အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တက်ရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကားပြောကြားရာတွင် "အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်"ဆိုသည့် ဆောင်ပုဒ်အတိုင်း အားကစားစိတ်ဓာတ်သည် တိုင်းပြည်ချစ်စိတ်ကို ဖြစ်ပေါ်စေပြီး ထိုမှတစ်ဆင့် တိုင်းပြည်ကို ကာကွယ်စောင့်ရှောက်လိုသည့်စိတ်ဓာတ် ပေါ်ပေါက်လာစေမည်ဖြစ်သည့်အတွက် အားကစားပွဲများကို ရာသီအလိုက် နိုင်ငံတော်က ကျင်းပပေးနေခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး၊ နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး၊ ဗလငါးတန်နှင့် ပြည့်စုံသည့်လူငယ်များ ဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေးတို့ကို ဦးတည်ချက်ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နေသည့်အတွက် မိမိတို့ဝန်ကြီးဌာနရှိ ဝန်ထမ်းများအနေဖြင့်လည်း ကျန်းမာကြံ့ခိုင်ရေးအတွက် ဌာနအလိုက် အားကစားလှုပ်ရှားမှုများကို စဉ်ဆက်မပြတ် ကြိုးတင်လေ့ကျင့်ပြင်ဆင် ဆောင်ရွက်ထားကြစေလိုကြောင်း၊ ကျန်းမာပျော်ရွှင်ပြီး စည်းလုံးညီညွတ်မှုရှိသည့် ဝန်ကြီးဌာနဖြစ်စေလိုကြောင်း ပြောကြားသည်။

ယနေ့ကျင်းပသည့် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲကို ဝန်ထမ်းများ ကျန်းမာကြံ့ခိုင်စေရန်၊ စည်းလုံးညီညွတ်စေရန်၊ အားကစားစိတ်ဓာတ်ဖြင့် သန့်သန့်ရှင်းရှင်းယှဉ်ပြိုင်နိုင်စေရန်နှင့် နိုင်ငံ့ကိုယ်စားပြု အားကစားသမားများ ပေါ်ထွန်းလာစေရန်ဟူသည့် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်ပြီး ဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် အားကစားဝါသနာရှင်များ တစ်ခဲနက် လာရောက်အားပေးမှုနှင့်အတူ ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် (တတိယလုပွဲ) ပွဲစဉ်တွင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအသင်းက မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် ယှဉ်ပြိုင်အနိုင်ရရှိသည်။

ဆက်လက်၍ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ (ဗိုလ်လုပွဲ) ပွဲစဉ်ကို အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအသင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့် ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ဌာနဆိုင်ရာအကြီးအကဲများက နှစ်သိမ့်ဆုရရှိသည့် ပြည်ထောင်စုဝန်ကြီးရုံးအသင်းနှင့် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနအသင်းတို့အား လည်းကောင်း၊ စတုတ္ထဆုရရှိသည့် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအသင်းအား လည်းကောင်း ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က တတိယဆုရရှိသည့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအသင်းအား ဆုပေးအပ်ချီးမြှင့်ပြီး ဒုတိယဝန်ကြီး ဦးရဲတင့်က ဒုတိယဆုရရှိသည့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလား အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပထမဆုရရှိသည့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် ပြည်ထောင်စုဝန်ကြီးဖလားကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ၂၀၂၄ ခုနှစ် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလား အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အကောင်းဆုံးအားကစားသမားဆုရရှိသည့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအသင်းမှ မောင်ပေါစံအား ဆုပေးအပ်ချီးမြှင့်ပြီး ပြိုင်ပွဲတွင် ပါဝင်ကူညီဆောင်ရွက်ပေးသော အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ဒိုင်အဖွဲ့အား အမှတ်တရ လက်ဆောင်ပစ္စည်းပေးအပ်ကာ ဆုရရှိသည့် ပြိုင်ပွဲဝင်အားကစားသမားများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

အဆိုပါပြည်ထောင်စုဝန်ကြီးဖလား အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲကို စက်တင်ဘာ ၂၃ ရက်မှ ၂၅ ရက်အထိ ကျင်းပခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးနှင့် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းတို့မှ ပြိုင်ပွဲဝင်အသင်း ခြောက်သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

**သတင်းစဉ်**



အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ (ဗိုလ်လုပွဲ) ပွဲစဉ်အဖြစ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအသင်းနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

# ၂၀၂၄ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးအားကစားပွဲတော်ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၅**

၂၀၂၄ ခုနှစ် ပဥ္စမအကြိမ် အမျိုးသား အားကစားပွဲတော် အကြို ရန်ကုန်တိုင်းဒေသကြီး အားကစားပွဲတော်ကို စက်တင်ဘာ ၁၄ ရက်မှ ၂၄ ရက်အထိ အားကစားနည်း ၂၄ နည်းဖြင့် ကျင်းပလျက်ရှိရာ ယမန်နေ့ညနေပိုင်းက အသက် ၂၀ နှစ်နှင့်အောက် ဖူဆယ်(အမျိုးသား)ပြိုင်ပွဲဗိုလ်လုပွဲကို သဃ်န်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီနာယက တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ဖူဆယ်(အမျိုးသား) ပြိုင်ပွဲတွင် ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုနှင့် အကောင်းဆုံးဂိုးသမားဆု ရရှိခဲ့ကြသည့် အားကစားသမားများကို တိုင်းဒေသကြီး ဝန်ကြီးများက ဆုတံဆိပ်နှင့် ငွေသားဆုများကို လည်းကောင်း၊ တတိယဆုရရှိသည့် ဗိုလ်တထောင်ခရိုင်အသင်းကို တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်၊ ဒုတိယဆုရရှိသည့် အင်းစိန်ခရိုင်အသင်းကို အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ ပထမဆုရရှိသည့် မရမ်းကုန်းခရိုင်အသင်းကို တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးစိုးသိန်းတို့က တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများကိုပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီနာယက ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကား ပြောကြားခဲ့သည်။

**ပေးအပ်ချီးမြှင့်**

ယင်းနောက် ရွှေတံဆိပ် ၃၃ ခု၊ ငွေတံဆိပ် ၂၂ ခု၊ ကြေးတံဆိပ် ၁၉ ခု စုစုပေါင်း ၇၄ ခုဖြင့် တတိယဆုရရှိသော မင်္ဂလာဒုံခရိုင်အသင်းကို ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က စုပေါင်းတံခွန်စိုက်ဆုဖလားနှင့် ငွေကျပ် သိန်း ၃၀၊ ရွှေတံဆိပ် ၃၄ ခု၊ ငွေတံဆိပ် ၂၁ ခု၊ ကြေးတံဆိပ် ၂၈ ခု စုစုပေါင်း ၈၃ ခုဖြင့် ဒုတိယဆုရရှိသော အလုံခရိုင်အသင်းကို အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးဇင်မင်းထက်က စုပေါင်းတံခွန်စိုက်ဆုဖလားနှင့် ငွေကျပ်သိန်း ၅၀၊ ရွှေတံဆိပ် ၄၁ ခု၊ ငွေတံဆိပ် ၃၇ ခု၊ ကြေးတံဆိပ် ၂၉ ခု စုစုပေါင်း ၁၀၇ ခုဖြင့် ပထမဆုရရှိသော သန်လျင်ခရိုင်အသင်းကို ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီ နာယက ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက စုပေါင်းတံခွန်စိုက် ဆုဖလားနှင့် ငွေကျပ်သိန်း ၁၀၀ ကို ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**ပါဝင်ယှဉ်ပြိုင်**

၂၀၂၄ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး အားကစားပွဲတော်တွင် ဘောလုံး၊ ဖူဆယ်၊ ဘတ်စကက်ဘော၊ ကြက်တောင်၊ ရိုးရာခြင်းလုံး၊ ဂေါက်သီး၊ ခရစ်ကက်၊ စားပွဲတင်တင်းနစ်၊ တင်းနစ်၊ ဘော်လီဘော၊ ရေကူး၊ ပြေးခုန်ပစ်၊ ကာယဗလနှင့် ကာယကြံ့ခိုင်မှု၊ ဘီလီယက်နှင့်စနူကာ၊ လက်ဝှေ့၊ ဂျူဒို၊ ကရာတေး၊ ပိုက်ကျော်ခြင်း၊ တိုက်ကွမ်ဒို၊ မြန်မာ့သိုင်း/ဗိုဗီနမ်၊ အလေးမ၊ ဝူရှူးနှင့် မသန်စွမ်းအားကစားစသည့် အားကစားနည်း ၂၄ နည်း ပါဝင်ပြီး ခရိုင် ၁၄ ခရိုင်မှ ကစားသမား ၂၄၀၇ ဦးနှင့် အုပ်ချုပ်သူ/နည်းပြ ၅၉၉ ဦး စုစုပေါင်း ၃၀၀၆ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း တပ်ကုန်းမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေး ထောက်ပံ့

**နေပြည်တော် စက်တင်ဘာ ၂၅**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ (၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့တွင် တပ်ကုန်းမြို့နယ် အောင်ဆန်းခန်းမ၌ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံအားပေးစကား ပြောကြားသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နေပြည်တော်၌ ရေဘေးဖြစ်ပွားခဲ့မှုအခြေအနေ၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ပံ့ပိုးထောက်ပံ့မည့်အခြေအနေ၊ သဘာဝဘေးလျော့ပါးရေးနှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးတို့အတွက် အသိပညာရရှိစေရေး ဝန်ကြီးဌာနက ဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

ထို့အတူ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ရေကြီးရေလျှံမှုကြောင့် တပ်ကုန်းမြို့နယ်တွင် ထိခိုက်ဆုံးရှုံးခဲ့မှု၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ ပုံမှန်ဖြစ်စေရေး ဆောင်ရွက်နေမှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် အသက်မွေးဝမ်းကျောင်းကဏ္ဍများအတွက် နိုင်ငံတော်က ထောက်ပံ့ကူညီရန် လျာထားဆောင်ရွက်နေမှုများကို ရှင်းလင်းမှာကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများ၊ အဝတ်အထည်များ၊ ဆန်၊ ခေါက်ဆွဲခြောက်နှင့် ရေသန့်များ ထောက်ပံ့ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော်အတွင်း လမ်းများပြုပြင်ဆောင်ရွက်နေမှုနှင့် ရေကြီးရေလျှံမှုကြောင့် သဲ၊ နုန်းများ၊ အမှိုက်များ ရှင်းလင်းနေမှု လှည့်လည်ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၅**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့ ဘောဂသီရိယာဉ်ရပ်နားစခန်းအနီး ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီးပေါ်၌ လမ်းသားများ ပေါက်ပြဲနေမှုနှင့် ပျဉ်းမနားမြို့ရှောင်လမ်း မိုင်တိုင်အမှတ် (၂၁၁/၄ နှင့် ၂၁၁/၅) အကြား လမ်းပေါက်ပြဲနေမှုအား ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လမ်းများ ရေရှည်ကောင်းမွန်စေရေး၊ သတ်မှတ်စံချိန်စံညွှန်းပြည့်မီစေရေး မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တပ်ကုန်းမြို့နယ် နေပြည်တော်-ကင်းသာ-ကိုးကွေ့-လိန်းလီ- ပင်လောင်းလမ်းပေါ်ရှိ မိုင်တိုင်အမှတ် (၃/၀) တွင် လမ်းပေါ် ရေကျော်ပြီး သဲ၊ နုန်းများ တင်ကျန်နေမှုအား လူအင်အား၊ စက်ယန္တရားများဖြင့်



ဖယ်ရှားရှင်းလင်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်သူများ သွားလာမှုအဆင်ပြေစေရေး၊ လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေး၊ ရေစီးကြောင်းမှန်ကန်စွာစီးဆင်းစေရေး အလေးထားဆောင်ရွက်ရန် မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် တပ်ကုန်းမြို့နယ် ပိန်းတောကျေးရွာ ပိန်းတောတောင်ကျောင်းတိုက်အတွင်း ရေကြီးရေလျှံမှုကြောင့် တင်ကျန်ခဲ့သည့် သဲ၊ နုန်းများ၊ အမှိုက်များ စုပေါင်းဖယ်ရှားရှင်းလင်းဆောင်ရွက်နေမှုနှင့် ပိန်းတောကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအတွင်းရှိ သဲ၊ နုန်းများကို လူအင်အား၊ စက်ယန္တရားများဖြင့် ဖယ်ရှားရှင်းလင်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျောင်းအမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တပ်ကုန်းမြို့နယ် နဝင်းချောင်းကူးတံတား (ပိန်းတော) ပြုပြင်ဆောင်ရွက်ပြီးစီးမှုနှင့် ရေစီးရေလာကောင်းမွန်စေရေး စက်ယန္တရားများဖြင့် ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ပုဗ္ဗသီရိမြို့နယ် ပေါက်တောကျေးရွာ အခြေခံပညာမူလတန်းကျောင်းအတွင်းရှိ နုန်းများအား စက်ယန္တရားများဖြင့် ဖယ်ရှားရှင်းလင်းဆောင်ရွက်နေမှုကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ရေဘေးဒဏ်ခံစားခဲ့ရသော မွေးမြူရေးလုပ်ငန်းများအတွက် အလှူရှင်များက အလှူငွေ၊ အစာနှင့်ဆေးဝါးများ လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၅**

ရေဘေးဒဏ် ခံစားခဲ့ရသော မွေးမြူရေးလုပ်ငန်းများအတွက် အလှူငွေ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန နေပြည်တော်ရုံးအမှတ် (၃၆) ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ညီနောင်အသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာမြဟန်က လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။

ထို့နောက် အလှူငွေများ ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ ငွေကျပ်သိန်း ၂၀၀၀ နှင့် ငွေကျပ်သိန်း ၈၀ တန်ဖိုးရှိ တိရစ္ဆာန်အစာများ၊ မြန်မာဆန်းသီရိကုမ္ပဏီမှ ငွေကျပ် သိန်း ၆၀၀ တန်ဖိုးရှိ တိရစ္ဆာန်ကုသဆေး ၁၈ မျိုး၊ Fortune International Limited မှ ငွေကျပ် ၃၈၇ ဒသမ ၈ သိန်းတန်ဖိုးရှိ တိရစ္ဆာန်ဆေးနှင့် ဆေးပစ္စည်းများကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူတို့က လက်ခံရယူကြပြီး ဗဟိုသဘာဝဘေးဒဏ် စီမံခန့်ခွဲရေးကော်မတီသို့ ဆက်လက်ပေးအပ်လှူဒါန်းသွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# သာစည်မြို့နယ်၌ ရေကြီးရေလျှံပြီး ရေဝင်ရောက်ခဲ့သော ကန်ကြီးအောက်ကျေးရွာ မူလတန်းလွန်ကျောင်းနှင့် ဘုန်းတော်ကြီးကျောင်းတို့၌ မြို့နယ်မီးသတ်တပ်ဖွဲ့က သန့်ရှင်းရေးများဆောင်ရွက်ပေး

**သာစည် စက်တင်ဘာ ၂၅**

မန္တလေးတိုင်း ဒေသကြီး သာစည်မြို့နယ်၌ ရာဂီမုန်တိုင်း အကြွင်းအကျန် မိုးတိမ်များကြောင့် စက်တင်ဘာ ၁၀ ရက်မှ စတင်၍ မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံခဲ့မှုများ ဖြစ်ပေါ်၍ ရေဝင်ရောက်ခဲ့သည့် လှိုင်းတက်ကျေးရွာအုပ်စု ကန်ကြီးအောက်ကျေးရွာ မူလတန်းကျောင်းနှင့် ဘုန်းတော်ကြီးကျောင်းတို့၌ စက်တင်ဘာ ၂၅ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦး၊ ဆရာ ဆရာမများနှင့် ကျေးရွာသူ ကျေးရွာသားများစုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်ခဲ့သည်။

ဦးစွာ နံနက်ပိုင်းတွင် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရွာသူ ရွာသားများက ဘုန်းတော်ကြီးကျောင်းတွင် ရေဝင်ရောက်ပြီး ကျောင်းဆောင်များ၌ တင်ကျန်ခဲ့သည့် ရွှံ့နွံများ၊ အမှိုက်များအား ဖယ်ရှားရှင်းလင်းပြီး သန့်ရှင်းရေးများ ဆောင်ရွက်ကာ နေ့လယ်ပိုင်း၌ မူလတန်းကျောင်းတွင် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျေးရွာသူ ကျေးရွာသားများနှင့် ကျောင်းသားကျောင်းသူများစုပေါင်း၍ ရွှံ့နွံများ၊ အမှိုက်များအား ဖယ်ရှားရှင်းလင်းခြင်း၊ စာသင်ခုံများ သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ မီးသတ်ယာဉ်ဖြင့် ရေထိုး ဆေးကြောခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် စက်တင်ဘာ ၂၅**

ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

# ဘေးအန္တရာယ်ကြံ့ကြံ့ခံနိုင်ရေး လူငယ်စွမ်းအားမြှင့်တင်ရေးသင်တန်းဖွင့်ပွဲ ကျင်းပ

နေပြည်တော်　စက်တင်ဘာ ၂၅

၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အဖြစ် ဘေးအန္တရာယ်ကြံ့ကြံ့ခံနိုင်ရေး လူငယ်စွမ်းအားမြှင့်တင်ရေး သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် လူမှုရေးအသင်းအဖွဲ့များမှ သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

**ကြိုးစားဆောင်ရွက်ကြစေလို**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက သင်တန်းတွင် သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ခြင်း၊ ကြိုတင်ကာကွယ်ခြင်း၊ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ခြင်း၊ ပြန်လည်ထူထောင်ခြင်း ကဏ္ဍများအလိုက် အသိပညာ၊ အတွေ့အကြုံများရရှိစေရန်နှင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုတွင် လူငယ်များ၏ အခန်းကဏ္ဍများသိရှိစေရန် ပို့ချသွားမည်ဖြစ်ကြောင်း၊ တက်ရောက်သူများအနေဖြင့် ရရှိလာမည့် အသိပညာဗဟုသုတများကို ပြန်လည်မျှဝေ၊ အသုံးချခြင်းဖြင့် မိမိအကျိုး၊ အများအကျိုး၊ မိမိနိုင်ငံ၊ ပတ်ဝန်းကျင်နှင့် လူသားအားလုံးအတွက် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။



အဆိုပါ သင်တန်းသို့ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီးတို့ရှိ အရပ်ဘက်လူမှုရေးအသင်းအဖွဲ့များမှ လူငယ်သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ပြီး သင်တန်းကာလမှာ စက်တင်ဘာ၂၅ ရက်မှ ၂၇ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံး၊ ကဗျာပြိုင်ပွဲများ၌ ဆုရရှိသူများထုတ်ပြန်

နေပြည်တော်　စက်တင်ဘာ ၂၅

၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ဆောင်းပါးပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲများ၌ ဆုရရှိကြသူများကို ပညာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။ အဆိုပါဆုရရှိသူများမှာ အောက်ပါအတိုင်းဖြစ်သည်-

## ၂၀၂၄ ခုနှစ်၊ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ

**အဆင့်မြင့်ပညာအဆင့် ဆရာ/ဆရာမများ**

**ခေါင်းစဉ် - "အနာဂတ်စိန်ခေါ်မှုများနှင့် ဆရာ၏အခန်းကဏ္ဍ"**

ပထမ - ဒေါ်အိအိသော်၊ လရိပ်ချို (မြန်မာစာ)၊ နည်းပြ၊ မြန်မာစာဌာန၊ မိတ္ထီလာပညာရေးဒီဂရီကောလိပ်၊ မန္တလေးတိုင်းဒေသကြီး

ဒုတိယ - ဒေါ်မိုးမိုးခိုင်၊ ကထိက၊ သမိုင်းသင်ပြနည်းဌာန၊ မန္တလေးပညာရေးဒီဂရီကောလိပ်၊ မန္တလေးတိုင်းဒေသကြီး

တတိယ - ဒေါ်မေဇင်ဦး၊ မေဦး(မြန်မာစာ)၊ နည်းပြ၊ ပညာရေးဖွံ့ဖြိုးမှုဘာသာရပ်များဌာန၊ လှည်းကူးပညာရေးဒီဂရီကောလိပ်၊ ရန်ကုန်တိုင်းဒေသကြီး

**အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်ကြီးနှင့်အထက် အရာထမ်းများအဆင့်**

**ခေါင်းစဉ် - "ဆရာသည်သာအခရာ"**

ပထမ - ဒေါက်တာနန်းအိဖြိုးမွန်၊ နန်းမွန်(ပညာရေး)၊ လက်ထောက်ညွှန်ကြားရေးမှူး (ပညာဌာန)၊ နေပြည်တော်ပညာရေးမှူးရုံး(တွဲဖက်)

ဒုတိယ - ဒေါ်ခင်ဆွေဦး၊ ကျောင်းအုပ်ကြီး၊ အလက(၂၉)၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

တတိယ - ဒေါ်အိအိခိုင်၊ ဧကရီ(ကျောင်းကုန်း)၊ ကျောင်းအုပ်ကြီး၊ အခြေခံပညာအထက်တန်းကျောင်း၊ တကုန်းကြီး၊ ကန့်ကြီးထောင့်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

**အခြေခံပညာအထက်တန်းဆင့်သင်ဆရာ၊ ဆရာမများအဆင့်**

**ခေါင်းစဉ် - "လိုချင်သောပညာအတွက် လိုအပ်သောဆရာ"**

ပထမ - ဒေါ်လေးလေးနွယ်၊ မလေး(ပညာရေး)၊ အထက်တန်းပြ၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး(အရှေ့)

ဒုတိယ - ဒေါ်လွင်လွင်ဟန်၊ လွင်(မြန်မာစာ)၊ အထက်တန်းပြ၊ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

တတိယ - ဒေါ်စန်းမော်၊ မိုးဝသန်(မြဝတီ)၊ အထက်တန်းပြ၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ မြဝတီမြို့၊ ကရင်ပြည်နယ်

**အခြေခံပညာအလယ်တန်းဆင့်နှင့် မူလတန်းဆင့်သင်ဆရာ၊ ဆရာမများအဆင့်**

**ခေါင်းစဉ် - "လိုချင်သောပညာအတွက် လိုအပ်သောဆရာ"**

ပထမ - ဒေါ်သီတာခိုင်(သီတာဝင့်)၊ ဒုတိယမူလယ်တန်းပြ၊ အမှတ်(၄)အခြေခံပညာ အလယ်တန်းကျောင်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ဒုတိယ - ဒေါ်စိုးစန္ဒာလွင်၊ဒုတိယမူလတန်းပြ၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

တတိယ - ဒေါ်နှင်းဝါထွန်း(စနိုး)၊ ဒုတိယအလယ်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း၊ မလွန်၊ မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီး

## ၂၀၂၄ ခုနှစ်၊ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ

**တက္ကသိုလ်/ဒီဂရီကောလိပ်/ကောလိပ်/သိပ္ပံအဆင့်**

**ခေါင်းစဉ် - "ဘဝလမ်းညွှန် ဆရာမွန်"**

ပထမ - မောင်ဇင်ဖြိုးကျော်၊ တတိယနှစ်၊ ပထမနှစ်ဝက်၊ ဘိုကလေးပညာရေးဒီဂရီကောလိပ်၊ ဧရာဝတီတိုင်းဒေသကြီး

ဒုတိယ - မလင်းလဲ့လဲ့ဝေ၊ တတိယနှစ်၊ ပထမနှစ်ဝက်၊ တောင်ငူပညာရေးဒီဂရီကောလိပ်၊ ပဲခူးတိုင်းဒေသကြီး(အရှေ့)

တတိယ - မအေးအေးအောင်၊ ပထမနှစ်၊ ဒုတိယနှစ်ဝက်၊ မုံရွာပညာရေးဒီဂရီကောလိပ်၊ စစ်ကိုင်းတိုင်းဒေသကြီး

**အခြေခံပညာအထက်တန်းအဆင့်**

**ခေါင်းစဉ် - "ပညာဥယျာဉ်မှူး"**

ပထမ - မောင်ကောင်းခန့်ကျော်၊ Grade-12၊ အခြေခံပညာအထက်တန်းကျောင်း၊ တံခွန်တိုင်၊ ရွှေကျင်မြို့၊ ပဲခူးတိုင်းဒေသကြီး(အရှေ့)

ဒုတိယ - မဝေဝေလွင်၊ Grade-11၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကညင်ပင်၊ မင်းလှမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး(အနောက်)

တတိယ - မထက်အိန္ဒြာလှိုင်၊ Grade-11၊ လမ်းပြကြယ်ကိုယ်ပိုင်အထက်တန်းကျောင်း၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး

**အခြေခံပညာအလယ်တန်းအဆင့်**

**ခေါင်းစဉ် - "ဆရာမပြ နည်းမကျ"**

ပထမ - မောင်ဉာဏ်လင်းမြတ်၊ Grade-9၊ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

ဒုတိယ - မသန္တာအေး၊ Grade-9၊ အခြေခံပညာအထက်တန်းကျောင်း၊ တာချီလိတ်မြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)

တတိယ - မမျိုးသဇင်ကျော်၊ Grade-9၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၊ ဒဂုံအရှေ့မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

## ၂၀၂၄ ခုနှစ်၊ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ကဗျာပြိုင်ပွဲ

**တက္ကသိုလ်/ဒီဂရီကောလိပ်/ကောလိပ်/သိပ္ပံအဆင့်**

**ခေါင်းစဉ် - "ဘဝရှေ့ဆောင် မီးရှူးရောင်"**

ပထမ - မောင်ဉာဏ်လင်းမြင့်၊ တတိယနှစ်၊ ပထမနှစ်ဝက်၊ တောင်ငူပညာရေးဒီဂရီကောလိပ်၊ ပဲခူးတိုင်းဒေသကြီး(အရှေ့)

ဒုတိယ - မဝေဝေထွန်း၊ ပညာရေးဘွဲ့သင်တန်း၊ တတိယနှစ်၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ စစ်ကိုင်းတိုင်းဒေသကြီး

တတိယ - မောင်ချစ်မင်းဦး၊ ဒုတိယနှစ်၊ ဒုတိယနှစ်ဝက်၊ မကွေးပညာရေးဒီဂရီကောလိပ် မကွေးတိုင်းဒေသကြီး

**အခြေခံပညာအထက်တန်းအဆင့်**

**ခေါင်းစဉ် "ကြယ်ရှုဝံပမာ မြတ်ဆရာ"**

ပထမ - မနှင်းအိဝင့်လွှာ၊ Grade-12၊ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

ဒုတိယ - မစုံးစုံးဇင်၊ Grade-11၊ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၊ ဘားအံမြို့၊ ကရင်ပြည်နယ်

တတိယ - မောင်သန်းမြတ်မိုး၊ Grade-11၊ အမှတ်(၂၉)အခြေခံပညာအထက်တန်းကျောင်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

**အခြေခံပညာအလယ်တန်းအဆင့်**

**ခေါင်းစဉ် "ဆရာသခင် ကျေးဇူးရှင်"**

ပထမ - မနေခြည်လင်းလက်၊ Grade-6၊ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

ဒုတိယ - မောင်ပြည့်စုံမြတ်သူ၊ Grade-9၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

တတိယ - မအေးပပသော်၊ Grade-9၊ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၊ ဇမ္ဗူသီရိ မြို့နယ်၊ နေပြည်တော်

ပြိုင်ပွဲများတွင် ဆုရရှိသူအားလုံးသည် အောက်တိုဘာလ ၃ ရက် (ကြာသပတေးနေ့) ညနေထက်နောက်မကျဘဲ နေပြည်တော် စည်ပင်တည်းခိုရိပ်သာ အမှတ်(၁)တွင် တည်းခိုနိုင်ရန်အတွက် ဦးအောင်လှိုင်ဝင်း ဒုတိယညွှန်ကြားရေးမှူး အခြေခံပညာဦးစီးဌာန (ဖုန်း-၀၉ ၈၉၀၂၄၈၈၈၄)နှင့် ဦးစိုင်းထွန်းအောင်ကျော် လက်ထောက်ညွှန်ကြားရေးမှူး အခြေခံပညာဦးစီးဌာန(ဖုန်း-၀၉ ၂၆၅၃၈၇၂၈၁) နေပြည်တော်ထံ ဆုရရှိသူ (+၁)သာ ရောက်ရှိ (မပျက်မကွက်)သတင်းပို့ကြရမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) အရာထမ်းလောင်း (အထူး) သင်တန်းအမှတ်စဉ်(၁၂)နှင့် စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ် (၂၁၀) သင်တန်းဆင်းပွဲကျင်းပ





ရန်ကုန် စက်တင်ဘာ ၂၅

ပြည်ထောင်စု ရာထူးဝန်အဖွဲ့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) အရာထမ်းလောင်း (အထူး)သင်တန်းအမှတ်စဉ် (၁၂) ၏ သင်တန်းဆင်းစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တက္ကသိုလ်စစ်ရေးပြကွင်း (၁) ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သော်၊ အဖွဲ့ဝင် ဦးစိုးတင့်၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌအား သင်တန်းဆင်းတပ်ခွဲက အလေးပြုခြင်း၊ ထူးချွန်ဆုရရှိသူများအား ဆုချီးမြှင့်ခြင်းနှင့် အောင်လက်မှတ် ပေးအပ်ခြင်းတို့ ဆောင်ရွက်ကြသည်။

ထို့နောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက သင်တန်းဆင်း အမှာစကား ပြောကြားရာတွင် နိုင်ငံရေးနှင့် စီးပွားရေးစနစ်များ၊ အစိုးရအဖွဲ့များ မည်သို့ပြောင်းလဲစေကာမူ နိုင်ငံတော်ယန္တရားတစ်ခုလုံး စဉ်ဆက်မပြတ်ကောင်းမွန်စွာ သက်ဝင်လှုပ်ရှားစေရန်၊ နိုင်ငံ့ဝန်ထမ်းများက အဓိကဆောင်ရွက်ကြသူများဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းများ စောင့်ထိန်းရမည့်ကျင့်ဝတ်နှင့် လိုက်နာရမည့် စည်းကမ်းများနှင့်အညီ ဆောင်ရွက်ကြရန် အထူးမှာကြားလိုကြောင်း၊ အစိုးရဌာနများသည် ပြည်သူကို အလုပ်အကျွေးပြုရသည့် ဌာနများဖြစ်သဖြင့် သင်တန်းသား အရာထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များကို ကောင်းမွန်စွာ စီမံခန့်ခွဲတတ်သည့် တာဝန်ကျေပွန်သော အရာထမ်းများအဖြစ် ပြည်သူ့အကျိုးကို ရှေးရှု ဖော်ဆောင်ပေးနိုင်သော ဝန်ထမ်းကောင်းများ ဖြစ်အောင် ကြိုးစားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၁၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇွန် ၃ ရက်မှ စက်တင်ဘာ ၂၅ ရက်အထိ ကြာမြင့်ခဲ့သည်။

**ပေးအပ်ချီးမြှင့်**

အလားတူ စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ် (၂၁၀) သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) စစ်ရေးပြကွင်း၌ ကျင်းပရာ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ်က သင်တန်းသားစံပြဆု၊ သင်တန်းသူစံပြဆု၊ သေနတ်ပစ်ထူးချွန်ဆု၊ စစ်ရေးပြထူးချွန်ဆုနှင့် သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်ပြီး မိန့်ခွန်းပြောကြားသည်။

သင်တန်းဆင်းပွဲသို့ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူး/ပါမောက္ခများ၊ သင်ကြား/စီမံဌာနများမှ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး ရေတိုက်စားမှုကြောင့် ပျက်စီးသွားသော ကျေးရွာချင်းဆက်လမ်းများနှင့် တွင်းဆေးတွင်းမှုတ်လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၅

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ရောက်ကုန်းကျေးရွာသို့ရောက်ရှိပြီး ရေတိုက်စားခဲ့မှုကြောင့် ပျက်စီးသွားသော ကျေးရွာအဝင်လမ်း ပြတ်တောက်သွားသည့်လမ်းပိုင်း ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှုနှင့် လမ်းပခုံး အရှည်ပေ ၃၀၀၀ ပြုပြင်ပေးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

**ပေါင်းစပ်ညှိနှိုင်းပေး**

ထို့နောက် ရောက်ကုန်းကျေးရွာ သောက်သုံးရေရရှိရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လေမှုတ်စက်များဖြင့် ကိုယ်ပိုင်တွင်းတိမ်များကို တွင်းဆေးတွင်းမှုတ် ပြုလုပ်ပေးနေမှုကို ကြည့်ရှုပြီး ရောက်ကုန်းကျေးရွာ ရွာတွင်းလမ်းမရှင်းလင်းပေးရေးနှင့် အခြေခံပညာအထက်တန်းကျောင်းခွဲ စာသင်ခန်းမများအတွင်း သန့်ရှင်းရေးဆောင်ရွက်ရေးအတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးကာ ရောက်ကုန်းကျေးရွာ ရေဘေးသင့်ပြည်သူများအတွက် အဝတ်အထည်များ ထောက်ပံ့ပေးအပ်၍ စိုက်ပျိုးရေးသမဝါယမအသင်းများဖွဲ့စည်းကာ မျိုးနှင့် သွင်းအားစုဓာတ်မြေဩဇာများ ကူညီပံ့ပိုးပေးပြီး ဆီထွက်သီးနှံနေကြာစိုက်ပျိုးရေး ညှိနှိုင်းဆွေးနွေးသည်။

ယင်းနောက် ပုဏ္ဏမာရွာနှင့် ရွာတော်ကုန်းရွာသို့ သွားသည့် ကျေးရွာအဝင်လမ်း အရှည်ပေ ၂၀၀၀ လမ်းပခုံးပြုပြင်ပေးရေး၊ ရေတိုက်စား၍ ပျက်စီးသွားသောကျေးရွာတွင်း ကတ္တရာလမ်း ၁၅ ပေ ပြန်လည်ပြုပြင်ပေးရေးနှင့် ရွာတော်ကုန်းမှ လမ်းဟောင်းသို့ ဆက်သွယ်သောလမ်း လေးဖာလုံ ပြုပြင်ပေးရေး အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဒေသခံများနှင့်တွေ့ဆုံပြီး ဆောင်းသီးနှံ စိုက်ပျိုးရေးနှင့် မြစိမ်းရောင် ရန်ပုံငွေထုတ်ပေးထားသည့် ရေဘေးသင့်ကျေးရွာများတွင် ချေးငွေအရင်းပြန်ဆပ်ရန် သင့်တော်သည့်အချိန်ကာလတစ်ခု သတ်မှတ်၍ ဖြေလျှော့ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် ငွေတောင်တောရ ပရိယတ္တိစာသင်တိုက်သို့ရောက်ရှိပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှံ့လျှားရေသန့်စင်စက်ယာဉ် တစ်စီးဖြင့် ကျောင်းဝင်းအတွင်းရှိ ရေတွင်းမှ ရေကို သန့်စင်၍ တပ်ကုန်းမြို့ပေါ် လေးရပ်ကွက်နှင့် ကျေးရွာရှစ်ရွာသို့ သောက်သုံးရေဖြန့်ဝေပေးနေမှုကို လည်းကောင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက



နဝင်းချောင်းတံတား ချဉ်းကပ်လမ်း ၇၅ ပေ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုနှင့် ပျက်စီးသွားသော တံတားလက်ရန်းများ ပြန်လည်တပ်ဆင်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ အမြန်ဆုံးပြီးစီးအောင်ဆောင်ရွက်ရန် မှာကြား၍ မကျီးပင်ကျေးရွာနှင့် ချောင်းခွကျေးရွာတို့မှ ရေဘေးသင့်ပြည်သူများအတွက် အဝတ်အထည်များ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ချောင်းခွကျေးရွာသို့ ရောက်ရှိပြီး တွင်းဆေးတွင်းမှုတ်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ချောင်းခွကျေးရွာတွင် ကိုယ်ပိုင်တွင်းတိမ် ၃၄ တွင်းရှိသည့်အနက် ၂၈ တွင်းကို လည်းကောင်း၊ မကျီးပင်ကျေးရွာတွင် ၉၃ တွင်း ရှိသည့်အနက် ၇၈ တွင်းကိုလည်းကောင်း တွင်းဆေးတွင်းမှုတ်ဆောင်ရွက်ပေးထားပြီးဖြစ်ရာ ကျေးရွာအလိုက်ကျန်တွင်းများကို ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ရေကြီးနစ်မြုပ်မှုခံခဲ့ရသော သီးနှံစိုက်ခင်းများအား ပြန်လည်ကုစားရန် အသိပညာပေး ဆွေးနွေး



ပျဉ်းမနား စက်တင်ဘာ ၂၅

ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့နယ်နှင့် လယ်ဝေးမြို့နယ်အတွင်း ရာဂီမုန်တိုင်းကြောင့် ရေကြီးနစ်မြုပ်မှုခံခဲ့ရသော သီးနှံစိုက်ခင်းများ ပြန်လည်ကုစားနိုင်ရေးအတွက် နည်းပညာပေး ဆွေးနွေးပွဲများကို စက်တင်ဘာ ၂၅ ရက်တွင် ပျဉ်းမနားမြို့နယ်ရှိ နတ်သူရဲကျေးရွာနှင့် လယ်ဝေးမြို့နယ် ပိတောက်ချောင်ကျေးရွာတို့တွင် ဆောင်ရွက်သည်။

ထိုကဲ့သို့ဆောင်ရွက်ရာတွင် နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်) သီးနှံကာကွယ်ရေးဌာနခွဲနှင့် မြေအသုံးချရေးဌာနခွဲမှ ညွှန်ကြားရေးမှူးများနှင့် သက်ဆိုင်ရာဘာသာရပ် ကျွမ်းကျင်ပညာရှင်ဝန်ထမ်းများက ဦးဆောင်၍ နေပြည်တော်ကောင်စီနယ်မြေ သီးနှံကာကွယ်ရေးနှင့် မြေအသုံးချရေးတာဝန်ခံများ၊ ခရိုင်/မြို့နယ်စိုက်ပျိုးရေးဝန်ထမ်းများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် သီးနှံစိုက်တောင်သူများအား ပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်ပြီး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ၍ စိုက်ပျိုးရေးဆေးကုမ္ပဏီများက လှူဒါန်းသည့် ပိုးသတ်ဆေးနှင့် ရွက်ဖျန်းမြေဩဇာများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဟံသာဝတီရွှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ပြန်လည်ဖော်ထုတ် ထိန်းသိမ်းဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

ပဲခူး စက်တင်ဘာ ၂၅

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယမန်နေ့ညနေပိုင်းက ပဲခူးမြို့အတွင်းရှိ ဟံသာဝတီရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ပြန်လည်ဖော်ထုတ်ထိန်းသိမ်း ဆောင်ရွက်နေမှုတို့ ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် သိန္နိတံခါးပေါက်အနီးရှိ ဟံသာဝတီမြို့ရိုး တံခါးပေါက် ပြန်လည်ဖော်ထုတ်ထားရှိမှုနှင့် မြေယာအလှရှုခင်း၊ ကျုံးပတ်လမ်း ဆောင်ရွက်ထားရှိမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပဲခူးမြို့နယ် မဲခုန်ကျေးရွာ၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ဘုရင့်နောင်မင်းတရားကြီး စီးနင်းခဲ့သည့်မြင်း ၁၆ ကောင်ဆွဲ လှည်းယာဉ်တော်ကြီးအား မူလပုံစံ၊ အရွယ်အစားအတိုင်း တည်ဆောက်နေမှုနှင့် ပဲခူးမြို့၌ ရှေးဟောင်းသမိုင်းဝင် လိပ်ပြာကန်အား တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဘက်စုံပြန်လည်အဆင့်မြှင့်တင်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ရှေးဟောင်းသမိုင်းဝင်နေရာများ အဆင့်မြှင့်တင်ဆောင်ရွက်သည့် လုပ်ငန်းများတွင် သမိုင်းပညာရှင်ပါဝင်သည့် ကြီးကြပ်ရေးအဖွဲ့ဖြင့် စိစစ်ကြပ်မတ်ဆောင်ရွက်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



# ပြတ်တောက်သွားသော ညာဘက်လက်မအား ပြန်လည်ဆက်ပေးသည့် ခွဲစိတ်ကုသမှု ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့

**နေပြည်တော် စက်တင်ဘာ ၂၅**

ရန်ကုန် တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အမှတ်(၉) ရပ်ကွက် မြိုင်လမ်းအမှတ် -၂၁၄/ခ နေထိုင်သူ မောင်စိုင်းဇော်ထိုက်အသက် ၂၆ နှစ်သည် ဇူလိုင် ၃၀ ရက်နံနက်ပိုင်းက ဆောက်လုပ်ရေးလုပ်ငန်းခွင်၌ သံဖြတ်စက် Cutter ထိခိုက်မိရာမှ ညာဘက် လက်မ ပြတ်တောက်သွားသည့် ဒဏ်ရာ (Right Thumb Traumatic Amputation) ဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် ရောက်ရှိလာရာ အဆိုပါလူနာ၏ ပြတ်တောက်သွားသော ညာဘက် လက်မအား ပြန်လည်ဆက်ပေးသည့် ခွဲစိတ်ကုသမှု (Thumb Replantation) ကို ည ၇ နာရီ ၃၅ မိနစ်တွင် စတင်ခဲ့ပြီး ည ၁၁ နာရီ ၃၅ မိနစ်တွင် ခွဲစိတ်မှုအောင်မြင်စွာ ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ လူနာ ရောက်ရှိလာသည်နှင့် တစ်ပြိုင်နက် အရေးပေါ်ကုသမှုဌာနမှ ဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများက အရေးပေါ်ပြုစု ကုသမှုများ ပြုလုပ်ပြီး လိုအပ်သော စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ခြင်းကို အချိန်နှင့် တစ်ပြေးညီပြုလုပ်ကာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ လက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုသမှုပညာ ဆေးလက်တွေ့ပါရဂူဘွဲ့ သင်တန်းသား သင်တန်းသူများ ဖြစ်သည့် ဒေါက်တာခိုင်မေဦး၊ ဒေါက်တာ ရဲနိုင်ဦးတို့နှင့် ဒေါက်တာ မင်းမင်းအောင် ဆေးပညာမဟာသိပ္ပံ (တတိယနှစ်) (အရိုးရောဂါပညာ) တို့ဦးဆောင်သည့် လက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုသမှုအဖွဲ့နှင့် ဒေါက်တာ ဒါလီစိုးဝင်း လက်ထောက်ဆရာဝန် (မေ့ဆေး)၊ ဆေးပညာမဟာသိပ္ပံ(မေ့ဆေး) သင်တန်းသားများ ဖြစ်သည့် ဒေါက်တာ ထက်အောင်လင်း၊ ဒေါက်တာ အောင်ကိုကိုတို့ ဦးဆောင်သည့် မေ့ဆေးဆရာဝန်အဖွဲ့နှင့် သူနာပြု ဒေါ်ပိုးခန့်ထူး၊ ဒေါ်နှင်းအဥ္ဇလီတို့ ပါဝင်သော သူနာပြုအဖွဲ့တို့ ပူးပေါင်း၍ ပြတ်တောက်သွားသော လက်မအား ပြန်လည်ဆက်ခြင်း (Replantation) ခွဲစိတ်ကုသမှုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။

လူနာ၏ ကျန်းမာရေးအခြေအနေနှင့် ဆက်ထားသော ညာဘက်လက်မ၏ သွေးလည်ပတ်မှု အခြေအနေမှာ ကောင်းမွန်ပြီး စိတ်ချရသည့် အခြေအနေတွင် ရှိသည့်အတွက် အဆိုပါလူနာအား ဩဂုတ် ၁၂ ရက် (ခွဲစိတ်ပြီး ၁၃ ရက်မြောက်နေ့)တွင် ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီး ပုံမှန်ပြင်ပလူနာအနေဖြင့် ဆေးရုံရက်ချိန်းဖြင့် ဆက်လက်စောင့်ရှောက် ကုသပေးလျက်ရှိရာ (ခွဲစိတ်ပြီး ၂၈ ရက် မြောက်နေ့)တွင်လည်း ဆက်ထားသောလက်မ၏ အခြေအနေမှာ ကောင်းမွန်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



လူနာ၏လက်မ ပြတ်တောက်သွားသည့် အခြေအနေ။



ခွဲစိတ်ကုသမှုဆောင်ရွက်စဉ် (၃၀-၇-၂၀၂၄)



ခွဲစိတ်ပြီး (၂၈) ရက်မြောက် လက်မ၏ အခြေအနေ (၂၇-၈-၂၀၂၄)

# ဥက္ကံမြို့၌ ပီလောပီနံအခြေခံတန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းဖွင့်

ရန်ကုန် စက်တင်ဘာ ၂၅

ရန်ကုန်တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းအစီအစဉ်ဖြင့် ပီလောပီနံအခြေခံတန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းကို စက်တင်ဘာ ၂၄ ရက်က တိုက်ကြီးမြို့နယ် ဥက္ကံမြို့ ကျွဲဘုတ်ကျေးရွာအုပ်စုတွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။



အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်နိုင်ဦးနှင့် တိုက်ကြီးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့မှအဖွဲ့ဝင်(၂)ဦးစိုးဝင်းမောင်တို့က အမှာစကားများ ပြောကြားကြသည်။

အဆိုပါ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းကို ခုနစ်ရက်ကြာ စာတွေ့ ၃၀ ရာခိုင်နှုန်း နှင့် လက်တွေ့ ၇၀ ရာခိုင်နှုန်း သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းသို့ သင်တန်းသားသင်တန်းသူ ၁၅ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**ကိုဇင်(ပြန်/ဆက်)**



နှစ် (၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အလုံခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ရဲတပ်ဖွဲ့ဝင် ၁၂ ဦးတို့ စက်တင်ဘာ ၂၄ ရက် နံနက် ၉ နာရီက ဒဂုံမြို့နယ်ရှိ တပ်မတော်ဆေးရုံခုတင် ၅၀၀ တွင် စုပေါင်းသွေးလှူဒါန်းစဉ်။

မြို့နယ်(ပြန်/ဆက်)

## ကမ္ဘာ့ခေါင်းဆောင်များက ကုလသမဂ္ဂလုံခြုံရေးကောင်စီကို တရားမျှတစွာ ပြန်လည်ဖွဲ့စည်းရန် တောင်းဆို



နယူးယောက်  စက်တင်ဘာ ၂၅

နယူးယောက်မြို့ ကုလသမဂ္ဂ အထွေထွေညီလာခံသို့ တက်ရောက်လျက်ရှိသည့် ကမ္ဘာ့ခေါင်းဆောင်များသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဖွဲ့စည်းပုံကို ပြုပြင်ပြောင်းလဲရန် တောင်းဆိုခဲ့ကြောင်း သိရသည်။

**တိုးမြှင့်သတ်မှတ်ရန်အဆိုပြု**

ထို့ပြင် ကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင်ငါးနိုင်ငံ၏ ဗီတိုအာဏာအသုံးပြုခြင်းအပေါ် ကန့်သတ်ခြင်းနှင့် အမြဲတမ်းအဖွဲ့ဝင်နိုင်ငံအရေအတွက်ကို တိုးမြှင့်သတ်မှတ်ရန် အဆိုပြုခဲ့ကြောင်း သိရသည်။

ယူကရိန်းအရေးနှင့် ဂါဇာကမ်းမြောင်ဒေသ၌ ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခများကြောင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီအပေါ် ဝေဖန်မှုများ တိုးမြှင့်လျက်ရှိသည်။ အထူးသဖြင့် ရုရှား၊ အမေရိကန်နှင့် တရုတ်တို့သည် ၎င်းတို့၏ဗီတိုအာဏာကို မကြာခဏကျင့်သုံးခြင်းဖြင့် ထိရောက်သော အရေးယူဆောင်ရွက်မှုများ ပျက်ကွက်ခဲ့ခြင်းအတွက် လုံခြုံရေးကောင်စီကို ပြစ်တင်ဝေဖန်မှုများ ပိုမိုများပြားလာကြောင်း သိရသည်။

ပြီးခဲ့သော နှစ်အနည်းငယ်အတွင်း ကုလသမဂ္ဂ လုံခြုံရေးကောင်စီသည် ၎င်း၏တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ခြင်းမရှိကြောင်း တူရကီယဲသမ္မတ ရီဆက်တေယစ်အာဒိုဂန်က ပြောကြားသည်။

ဂါဇာဒေသ၌ ရက်ပေါင်း ၃၅၀ ကြာမြင့်လျက်ရှိပြီဖြစ်သည့် ပဋိပက္ခကို အဆုံးသတ်ရန် ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း တူရကီယဲသမ္မတ အာဒိုဂန်က ဆက်လက်ပြောကြားသည်။

လက်တင်အမေရိကနှင့် အာဖရိကတို့ကို လုံခြုံရေးကောင်စီ၏ အမြဲတမ်းနေရာများမှ ဖယ်ထုတ်ခြင်းသည် ကိုလိုနီခေတ်က လွှမ်းမိုးချုပ်ကိုင်သည့် ကျင့်ထုံးများကို ကျင့်သုံးသည့် လက်ခံနိုင်ဖွယ်မရှိသော တန်းတူညီမျှမှုပင်ဖြစ်ကြောင်း ဘရာဇီးသမ္မတ လူလာဒါဆေးလ်ဗားက ပြောကြားသည်။

**တရားမျှတမှုမရှိ**

အလားတူ လုံခြုံရေးကောင်စီ၏ ဖွဲ့စည်းမှုသည် တရားမျှတမှုမရှိကြောင်းနှင့် ဆောင်ရွက်ချက်များသည်လည်း လက်ရှိအဖြစ်မှန်များနှင့် ကွဲလွဲလျက်ရှိကြောင်း ဆီယာရာလီယွန်သမ္မတ ဂျူးလီးယက်စ်မာဒါဘိုင်အိုက ပြောကြားကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

## အစ္စရေးက လက်ဘနွန်နိုင်ငံအား တိုက်ခိုက်မှုကြောင့် ဒေသတွင်း ပဋိပက္ခများအရှိန်မြင့်လာမည်ကို စိုးရိမ်ကြောင်း အီရန်သမ္မတ ပြောကြား

တီဟီရန်  စက်တင်ဘာ ၂၅

အစ္စရေးက လက်ဘနွန်နိုင်ငံအား ထိုးစစ်ဆင်တိုက်ခိုက်နေခြင်းကြောင့် ဒေသတွင်း ပဋိပက္ခများအရှိန်မြင့်လာမည်ကို စိုးရိမ်ကြောင်း အီရန်နိုင်ငံ သမ္မတ မာဆော့ ပီဇက်ရှီရန်က ယနေ့ပြောကြားသည်။

အစ္စရေး၏ တိုက်ခိုက်မှုကို ရှုတ်ချကြောင်းနှင့် အစ္စရေးသည် ဂါဇာဒေသတွင်လည်း ပါလက်စတိုင်း ဒေသခံများစွာကို သတ်ဖြတ်နေကြောင်း နယူးယောက်မြို့တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်နှင့် တွေ့ဆုံစဉ် အီရန်နိုင်ငံ သမ္မတ မာဆော့ ပီဇက်ရှီရန်က ပြောကြားသည်။

ယခုကဲ့သို့သောတိုက်ခိုက်မှုများကြောင့် ဒေသတွင်း ပဋိပက္ခများအရှိန်မြင့်လာမည်ကို စိုးရိမ်ကြောင်းနှင့် အီရန်နိုင်ငံအနေဖြင့် ဒေသတွင်း ငြိမ်းချမ်းတည်ငြိမ်မှုရရှိရေး ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက မှတ်ချက်ပြုပြောကြားသည်။

ဂါဇာဒေသတွင် တိုက်ခိုက်မှုများရပ်တန့်ရေးအတွက် ဆောင်ရွက်မည်ဖြစ်ပြီး လက်ဘနွန်နိုင်ငံအတွင်း၌ ဂါဇာကမ်းမြောင်ဒေသကဲ့သို့ တိုက်ခိုက်မှုများဖြစ်ပွားမည်ကို မလိုလားကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**



## ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းဒေသ၌ ဆိုးလစ်ခ်မုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ပြီးနောက် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပွား



ဟန္နွိုင်း  စက်တင်ဘာ ၂၅

ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းဒေသ၌ပြီးခဲ့သည့်ရက်အနည်းငယ်အတွင်း ဆိုးလစ်ခ်မုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ပြီးနောက် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ရာ ဒေသခံ သုံးဦး သေဆုံးကြောင်း အမျိုးသား သဘာဝဘေးအန္တရာယ် ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးကော်မတီက ယနေ့ပြောကြားသည်။

သေဆုံးသူများသည် ငွေ့အန်ပြည်နယ်မှ ဖြစ်ကြောင်း သိရသည်။ သဘာဝဘေးဖြစ်ပွားနေစဉ်အတွင်း သန်ဟိုး၊ ငွေ့အန်၊ ဟာတင်၊ သွာသိန်ဟူးနှင့် ကွမ်နန်း ပြည်နယ်တို့၌ နေအိမ် ၃၂၉ လုံး ပျက်စီးခဲ့သည်။ ထို့ပြင် ဒေသတွင်းရှိ စပါးနှင့် သီးနှံစိုက်ဧက ဟက်တာ ၅၀၀၀ ခန့် ရေလွှမ်းမိုးကာ ပျက်စီးခဲ့သည်။

ယခုနှစ် ပထမရှစ်လအတွင်း ဗီယက်နမ်နိုင်ငံတွင် ဖြစ်ပွားသည့် သဘာဝဘေးများကြောင့် သေဆုံးသူနှင့် ပျောက်ဆုံးသူ စုစုပေါင်း ၁၄၇ ဦးရှိကြောင်း ဗဟိုစာရင်းအင်းရုံးက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

## ကမ္ဘောဒီးယားနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ကုန်သွယ်မှု ယခုနှစ်အတွင်း ၁၁ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်ခဲ့

ဖနောင်ပင်  စက်တင်ဘာ ၂၅

အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ကမ္ဘောဒီးယားနိုင်ငံတို့၏ ကုန်သွယ်မှုပမာဏသည် ၂၀၂၄ ခုနှစ် ပထမရှစ်လတွင် အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၄၉ ဘီလီယံရှိပြီး ယမန်နှစ် အလားတူကာလက အမေရိကန်ဒေါ်လာ ၉ ဒသမ ၃၈ ဘီလီယံ ရှိခဲ့ခြင်းကြောင့် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၁၁ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံ အကောက်ခွန်ဦးစီးဌာနမှ စက်တင်ဘာ ၂၄ ရက်တွင် ထုတ်ပြန်သည့် သတင်းထုတ်ပြန်ချက်အရ သိရသည်။

**၁၀ ရာခိုင်နှုန်းတိုးလာ**

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအတွင်း အခြားအာဆီယံနိုင်ငံများသို့ ကုန်ပစ္စည်းများတင်ပို့မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၃ ဘီလီယံရှိခဲ့ပြီး ယမန်နှစ် အလားတူကာလက အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၁ ဘီလီယံရှိခဲ့ခြင်းကြောင့် ရာခိုင်နှုန်းအားဖြင့် ၁၀ ရာခိုင်နှုန်း တိုးလာကြောင်း သိရသည်။

ယခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအတွင်း အာဆီယံနိုင်ငံများမှ ကမ္ဘောဒီးယားနိုင်ငံသို့ သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇ ဒသမ ၀၆ ဘီလီယံရှိပြီး ယမန်နှစ် အလားတူကာလက အမေရိကန်ဒေါ်လာ ၆ ဒသမ ၂၇ ဘီလီယံရှိခဲ့ခြင်းကြောင့် ၁၂ ဒသမ ၅ ရာခိုင်နှုန်း တိုးလာကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ ထိပ်တန်းကုန်သွယ်ဖက်ငါးနိုင်ငံသည် ဗီယက်နမ်၊ ထိုင်း၊ စင်ကာပူ၊ အင်ဒိုနီးရှားနှင့် မလေးရှားတို့ဖြစ်ကြောင်းလည်း သိရသည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–အလင်းသစ်**



## အစ္စရေးတပ်မတော်က လက်ဘနွန်နိုင်ငံတောင်ပိုင်းနှင့် အရှေ့ပိုင်းသို့ လေကြောင်းမှတိုက်ခိုက်

ဘေရွတ်  စက်တင်ဘာ ၂၅

အစ္စရေးတပ်မတော်က လက်ဘနွန်နိုင်ငံတောင်ပိုင်းနှင့် အရှေ့ပိုင်းသို့ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ကလေး ၅၀ နှင့် အမျိုးသမီး ၉၄ ဦး အပါအဝင် စုစုပေါင်း ဒေသခံ ၅၅၈ ဦးသေဆုံးကြောင်း လက်ဘနွန်နိုင်ငံ ကျန်းမာရေးဝန်ကြီး ဖီရတ်စ်အေဗီရတ်က ယနေ့ပြောကြားသည်။

လေကြောင်းတိုက်ခိုက်မှုသည် လူနာတင်ယာဉ်များကို ပစ်မှတ်ထားခဲ့ကြောင်းနှင့် တိုက်ခိုက်မှုများအတွင်း ဆေးဘက်ဆိုင်ရာဝန်ထမ်း လေးဦးသေဆုံးပြီး ဒေသခံ ၁၆ ဦးဒဏ်ရာရရှိခဲ့ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ ယခုကဲ့သို့ အရပ်သားများနှင့် ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများကိုပစ်မှတ်ထား၍ တိုက်ခိုက်ခဲ့ခြင်းအတွက် အစ္စရေးတပ်မတော်၏ လုပ်ရပ်အားရှုတ်ချကြောင်း ၎င်းကမှတ်ချက်ပြုပြောကြားသည်။

အစ္စရေးတပ်မတော်၏ ဟစ်ဇ်ဘိုလာ စစ်သွေးကြွအဖွဲ့ဝင်များကိုသာ ပစ်မှတ်ထား၍ တိုက်ခိုက်သည်ဆိုသည့်အကြောင်းပြချက်မှာ မှားယွင်းနေပြီး အစ္စရေးတပ်မတော်သည် အပြစ်မဲ့အရပ်သားများနှင့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများကိုပါ ပစ်မှတ်ထားတိုက်ခိုက်နေသည်ကို တွေ့ရှိရကြောင်း ၎င်းက ပြောကြားသည်။

အစ္စရေးတပ်မတော်သည် စက်တင်ဘာ ၂၃ ရက်မှ စတင်၍ လက်ဘနွန်နိုင်ငံ တောင်ပိုင်းနှင့် အရှေ့ပိုင်းရှိ မြို့ရွာများအား လေကြောင်းမှ တိုက်ခိုက်ခဲ့သဖြင့် ဒေသခံထောင်ပေါင်းများစွာသည် လက်ရှိအချိန်တွင် စိတ်ချရသည့်နေရာများသို့ ရွှေ့ပြောင်းခိုလှုံနေကြကြောင်း သိရသည်။ အပြန်အလှန်အားဖြင့် လက်ဘနွန်ဟစ်ဇ်ဘိုလာ စစ်သွေးကြွအဖွဲ့ကလည်း တဲအဗစ်မြို့အား ဒုံးကျည်ဖြင့် တိုက်ခိုက်ခဲ့ရာ အစ္စရေးတပ်မတော်၏ ဒုံးခွင်းဒုံး စနစ်၏ ဟန့်တားမှုကြောင့် ထိခိုက်မှုမရှိကြောင်း သိရသည်။ **ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင် ကျွန်း ၄၅ ဒသမ ၉၁၉၈ တန်၊ သစ်မာ ၁ ဒသမ ၉၉၄၂ တန်နှင့် အခြား ၁၄ ဒသမ ၉၉၄၁ တန် ဖမ်းဆီးရမိ



နေပြည်တော် စက်တင်ဘာ ၂၅

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူ ပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၆ ရက်မှ ၂၂ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၄၅ ဒသမ ၉၁၉၈ တန်၊ သစ်မာ ၁ ဒသမ ၉၉၄၂ တန်၊ အခြား ၁၄ ဒသမ ၉၉၄၁ တန် စုစုပေါင်း ၆၂ ဒသမ ၉၀၈၁ တန်၊ ယာဉ်/ ယန္တရား ခြောက်စီးနှင့် ပြစ်မှုကျူးလွန်သူ ရှစ်ဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တော ဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

# ရေနံချောင်းမြို့တွင် ဘုန်းကြီးဝတ်နေသူတချို့ကို စစ်မှုထမ်းရန်တိမ်းရှောင်သည်ဟုဆိုကာ တပ်မတော်က သင်္ကန်းချွတ်ခိုင်းပြီး အဓမ္မဖမ်းဆီးခေါ်ဆောင်နေကြောင်း သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိ




နေပြည်တော် စက်တင်ဘာ ၂၅

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ဝက်မစွတ်ကျေးရွာအုပ်စုတွင် တပ်မတော်က လူငယ်များကို အတင်းအဓမ္မဖမ်းဆီးခြင်းများ လုပ်ဆောင်နေသဖြင့် လူငယ်များနှင့် အမျိုးသားများ တိမ်းရှောင်မှုများ အလွန်များပြားလာကြောင်း၊ တချို့မှာ ဘုန်းကြီးကျောင်းများတွင် သင်္ကန်းဆီးပြီး ဘုန်းကြီးဝတ်ဖြင့် နေထိုင်ကြကြောင်း၊ ထို့ကြောင့် တပ်မတော်က ဝက်မစွတ်ကျေးရွာအုပ်စုအတွင်းရှိ ဘုန်းကြီးကျောင်းတချို့ကို ဝင်ရောက်စိစစ်ပြီး ဘုန်းကြီး ဝတ်ထားသူများကို သင်္ကန်းချွတ်ခိုင်းကာ စစ်သားအဖြစ် အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်မှုများ ဖြစ်ပွားနေခြင်းဖြစ်ကြောင်း အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာက သတင်းအမှားများ ရေးသားထုတ်လွှင့်လျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းသည် တရားမဝင် ပြည်ဖျက်မီဒီယာများနှင့် နိုင်ငံကိုအလုံးစုံပျက်သုဉ်းလိုသည့် အကြမ်းဖက်၊ လောက်ကောင်များက ဘာသာရေးကို ခုတုံးလုပ်၍ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်လျက်ရှိသည့် ပြည်သူလူထုနှင့် တပ်မတော်အကြား သွေးခွဲရန်နှင့် အထင်အမြင်လွဲမှားစေရန်၊ သွေးထိုးလှုံ့ဆော် ဝါဒဖြန့်ထုတ်လွှင့်နေခြင်းသာဖြစ်ကြောင်း၊ လက်ရှိတွင် ပြည်သူ့စစ်မှုထမ်းအမှတ်စဉ် (၅)အထိ အောင်မြင်စွာ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး သင်တန်းဆင်းပြီးသော နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်း စစ်သည်များသည်လည်း တာဝန်ကျရာတပ်ရင်း/ တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်နေပြီဖြစ်ကြောင်း၊ မိဘပြည်သူများကိုအထင်အမြင် လွဲမှားစေရန်နှင့် စိုးရိမ်ပူပန်မှု မြင့်တက်စေရန် ရည်ရွယ်ချက်ရှိရှိဖြင့် လုပ်ကြံဖန်တီးရေးသား ထုတ်လွှင့်ခြင်းသာဖြစ်ပြီး ပြည်သူ့စစ်မှုထမ်းဆိုင်ရာ သတင်းမှန်များကိုလည်း နိုင်ငံပိုင်မီဒီယာများမှ စဉ်ဆက်မပြတ် ထုတ်လွှင့်ပေးလျက်ရှိကြောင်း သက်ဆိုင်ရာတာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရှိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၂၅

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၂၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "ဖြူပြာမင်းနိုင်" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မြို့မ(၂)ရပ်ကွက်နေ ဖြူပြာမင်းနိုင်(ခ)အငယ်လေးအား မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ပြွန်တန်ဆာ နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ။**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၆-၉-၂၀၂၄ ကြာသပတေးနေ့

### MRTV HD

- ၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ တေဇ္ဈဂ်သုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၇:၃၀ မြန်မာနိုင်ငံ၏မြို့တော်နေပြည်တော်(အပိုင်း-၈)
- ၀၈:၄၀ ဓာတုကင်းစင်ကျန်းမာစို့ GAPစနစ်လိုက်နာစို့
- ၀၉:၁၅ NRC အစီအစဉ်(ကချင်)
- ၁၀:၁၅ ရုပ်မြင်သံကြားဇာတ်လမ်း 'ဝင်ဒို'
- ၁၁:၄၀ NEXT LEVEL
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နိဂုံး' (အပိုင်း-၅၀)(ဇာတ်သိမ်းပိုင်း)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ယုံကြည်ရာလမ်း' (အပိုင်း-၃)
- ၁၄:၅၀ ရေဘေးသင့်ဒေသများပြန်လည်ထူထောင်ရေးရန်ပုံငွေဖူဆယ်ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (MUSIC FC & FRIEND FC)
- ၁၆:၀၀ ရေဘေးသင့်ဒေသများပြန်လည်ထူထောင်ရေးရန်ပုံငွေဖူဆယ်ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (YW FC & MOVIE FC)
- ၁၇:၁၀ Soccer View
- ၁၇:၂၅ လူမှုစီးပွားသတင်းများ
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၉:၁၅ မြန်မာဇာတ်လမ်းတွဲ 'လျှို့ဝှက်အချစ်ရဲ့ဂတ်စားကွက်' (အပိုင်း-၁၄)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၂၁:၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ယုံကြည်ရာလမ်း' (အပိုင်း-၄)

### mitv

- 07:02 Evergreen Classic: Kyun Nawt Htar Nay Bagan Pyay (Ye Htike)
- 07:09 Golden Umbrella Hoisting Ceremony in Kyaungpankone Village
- 07:27 Safari World
- 07:38 The Boat Trip to the Three Islands Around Ngwe Saung
- 08:01 News
- 08:26 Fishery Products: Pickled Prawn Business
- 08:41 Ramayana Classic Talk & Discussion (Episode-3)
- 09:01 Danu Food: Tofu Dish
- 09:09 From Bamboo Strip to Sublime Buddha
- 09:31 Patchwork Bags
- 10:01 News
- 10:26 Myanmar Childhood Games (Episode-3)
- 10:36 We'll Leave After 12 Passengers Are On Board

### MRTV NRC

**ဝ (၀၆:၀၀ မှ ၀၈:၀၀)**
ဒေသတစ်လွှား စိတ်ဝင်စားဖွယ်ရာများ (အပိုင်း -၁၆)

**ကချင် (၀၈:၀၀ မှ ၁၀:၀၀)**
ကချင်ရိုးရာတဆေးနှင့် ခေါင်ရည်ပြုလုပ်ပုံ

**ကယား (၁၀:၀၀ မှ ၁၂:၀၀)**
သဘာဝဆန်ဆန်အလှရှိရာ ခူးပရာတောင် ရွှေတောင်တန်းဆီသို့

**ပအိုဝ်းကရင် (၁၂:၀၀ မှ ၁၃:၀၀)**
နှလုံးရောဂါအကြောင်းသိကောင်းစရာ

**အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀)**
ကရင်စာပေစကားပြောကြရအောင် (အပိုင်း -၄)

**အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ (အသီးအငေါ်အဝေါ်)

**ချင်း (လိုင်စိုး) (၁၅:၀၀ မှ ၁၆:၀၀)**
နွေးထွေးသည့်လုပ်ငန်းရှာသို့ အလည်တစ်ခေါက် (အပိုင်း -၁)

**ချင်း (ချိုး) (၁၆:၀၀ မှ ၁၇:၀၀)**
ချင်း(ချိုး) ဘာသာစကားပြောကြရအောင် (အပိုင်း -၄)

**မွန် (၁၇:၀၀ မှ ၁၉:၀၀)**
တောင်သူတို့အတွက်အရိပ်ပေးနိုင် လုံ့လက်ရာခမောက်လေး

**ရခိုင် (၁၉:၀၀ မှ ၂၁:၀၀)**
ပြိုးပဒေသာ (ဇာတ်လမ်း)

**ရှမ်း (၂၁:၀၀ မှ ၂၃:၀၀)**
ရေးနေ့ဓလေ့

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၉:၄၅ Festivals Around the World
- ၁၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ 'အစ္စရေးနိုင်ငံ'
- ၀၉:၃၀ ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို 'တနာတတ်သူတာဝန်ယူ'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ 'သွစ်ဇာလန်နိုင်ငံ'
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဗီဂျီသမ္မတနိုင်ငံ)
- ၁၁:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၅၆)

### MRTV FARMERS' HTV Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၀၅ ဟင်းသီးဟင်းရွက်ပွဲတော်မှသည် တောင်သူဆီသို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ First Ever Tour of My New Garden
- ၁၈:၃၀ Growing 10,000 Pounds of Organic Tomatoes in a High Tunnel Greenhouse
- ၁၉:၀၀ Started Gardening 18 Months Ago, Here's What it Looks Like Now
- ၁၉:၃၀ Day in the Life of a Small Farm
- ၂၂:၀၀ ချန်ပီယံလေးများ(ဇာတ်လမ်း)

### MRTV SPORTS HTV Sports

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
- ၀၆:၄၅ Football Highlights
- ၁၁:၀၀ အားကစားသတင်း
- ၁၅:၀၀ ရေဘေးသင့်ပြည်သူများပြန်လည်ထူထောင်ရေးရန်ပုံငွေ ဖူဆယ်ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
- ၁၆:၀၀ ရေဘေးသင့်ပြည်သူများပြန်လည်ထူထောင်ရေးရန်ပုံငွေ ဖူဆယ်ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်

Scan Here

MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် နေရာများတွင် လိုအပ်သည့်သန့်ရှင်းရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်၊ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၅**

နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်/ကျေးရွာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် တက်ကြွစွာပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင်လည်း နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်တို့တွင်လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်၊ လင်းခေးမြို့နယ်၊ မောက်မယ်မြို့နယ်တို့တွင်လည်းကောင်း၊ ကယားပြည်နယ် လွိုင်ကော်မြို့နယ်တွင်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်တွင်လည်းကောင်း၊ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများတွင် လိုအပ်သည်များ ကူညီရွှေ့ပြောင်းပေးခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ လမ်း၊ တံတားများ၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့်နုန်းများ၊ သစ်ပင်သစ်ကိုင်းများ ဖယ်ရှားပေးခြင်းအပါအဝင် အခြားလိုအပ်သည်များကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ တက်ကြွစွာ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ယာယီရေဘေးရှောင်စခန်းများတွင် ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးအဖွဲ့များက လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ကျန်းမာရေးအသိပညာပေးဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် အလှူရှင်များက ထောက်ပံ့ပစ္စည်းများ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို အားတက်သရောပေးအပ်လှူဒါန်းခြင်းနှင့် သံဃာတော်များအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်နေမှုများကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့အပြင် ရေကြီးမှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်း/ တံတားများကိုလည်း လမ်းပန်းဆက်သွယ်ရေး အမြန်ပြန်လည်ကောင်းမွန်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပျက်စီးခဲ့သည့် လမ်း/တံတားများကိုလည်း ယာယီသံပေါင်ဘေလီတံတားများ အစားထိုး၍ အမြန်ဆုံးပြန်လည်ပြင်ဆင် ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပြုပြင်ရန် ကျန်ရှိနေသည့်တံတားများကိုလည်း အမြန်ဆုံး ဆက်လက်ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**





## ရေတာရှည်မြို့နယ်၌ ရေဘေးရှောင် ကျွဲ/နွားများအတွက် အစာနုအိတ်များ ပေးအပ်ခြင်းနှင့် ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများ ဆောင်ရွက်

**ရေတာရှည် စက်တင်ဘာ ၂၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ်၌ ယမန်နေ့ မွန်းလွဲ ၃ နာရီက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ရေဘေးရှောင် ကျွဲ/နွားများအတွက် အစာနုအိတ်များပေးအပ်ခြင်းနှင့် ကာကွယ်ဆေးထိုးနှံခြင်းကို ပိတောက်စမ်းကျေးရွာ၌ ပြုလုပ်သည်။



အဆိုပါ ရေတာရှည်မြို့နယ်ရှိ ဆင်ဌွေကျေးရွာ၊ ပိတောက်စမ်းကျေးရွာနှင့် ရွာသစ်ကျေးရွာတို့တွင် ရေဘေးရှောင် ကျွဲ အကောင် ၁၀၀ နှင့် နွား ၂၂၅ ကောင်အား အာဟာရဖြည့် ကျွေးရန်အတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးမှ ထောက်ပံ့ပေးအပ်သော ၅၀ ကီလိုဂရမ်ပါ အစာနုအိတ် ၁၅ အိတ်ကို မွေးမြူသူတောင်သူများထံ ပေးအပ်ခဲ့ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဥက္ကာသန်းက တက်ရောက် ချီးမြှင့်အားပေးသည်။

ထို့နောက် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာကြည်လင်နှင့် ဝန်ထမ်းများက ရေဘေးရှောင်ကျွဲ အကောင် ၁၀၀ နှင့် နွား ၂၂၅ ကောင်အားလည်းချောင်းကွဲ ရောဂါကာကွယ်ဆေးဆက်လက်ထိုးနှံပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ရွှေမန်းလူမှုဘဝမြှင့်တင်ရေးပရဟိတအဖွဲ့ ရေဘေးသင့်သူများအား ကျပ်သိန်း ၂၀၀ ကျော် တန်းဖိုးရှိ ပစ္စည်းများ လှူဒါန်း

**လှိုင်သာယာ စက်တင်ဘာ ၂၅**

ရွှေမန်းလူမှုဘဝမြှင့်တင်ရေး ပရဟိတအဖွဲ့ဥက္ကဋ္ဌ လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၂) ဦးကျော်သူဝင်း(ခ) ဦးရွှေမန်း ဦးဆောင်သောပရဟိတအဖွဲ့သည် ဩဝါဒါစရိယဆရာတော်ကြီးများအမှူထား၍ ခုနစ်ရက်သားသမီးများ၏ စုပေါင်းလှူဒါန်းမှုဖြင့် နေပြည်တော်ရှိ ဥတ္တရခရိုင် ဇေယျာသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်တို့တွင် ရေဘေးသင့်ဘုန်းတော်ကြီးကျောင်းများနှင့် ရေတိုက်စားမှုကြောင့် ပျက်စီးဆုံးရှုံးသွားသော သာသနာ့ဥယျာဉ်ကျောင်းတိုက်နှင့် ဆင်တဲကြီးကျေးရွာရှိ အိမ်ထောင်စုများအား ငွေနှင့် ဆန်၊ ဆီ၊ ဆေး၊ ဆား၊ ရေသန့်နှင့် ခေါက်ဆွဲခြောက် စသည့်စုစုပေါင်းတန်ဖိုး ငွေကျပ်သိန်း ၂၀၀ ကျော်ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## တောင်ဥက္ကလာပမြို့နယ်၌ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ တုံ့ပြန်ကာကွယ်ဆေး တိုက်ကျွေး

**တောင်ဥက္ကလာပ စက်တင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်အတွင်း ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ တုံ့ပြန်ကာကွယ်ဆေး (OCV) တိုက်ကျွေးခြင်းကို စက်တင်ဘာ ၂၂ ရက်က စတင်၍ မြို့နယ်အတွင်းရှိ ဦးတည်အုပ်စုဖြစ်သည့် ရပ်ကွက်များတွင် အဖွဲ့ ၁၅ ဖွဲ့ ခွဲကာ တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိသည်။



ကာကွယ်ဆေးတိုက်ကျွေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးကြပ်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးအေးမိုးနှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ နှင့်Volunteer များပူးပေါင်းပါဝင်သည့် အဖွဲ့ ၁၅ ဖွဲ့တို့က ရွှေ့ပြောင်းအုပ်စုများရှိသည့် အမှတ် (၁၄) ရပ်ကွက် စီမံကိန်း (၁)၊ စီမံကိန်း (၂)၊ အမှတ် (၁၅) ရပ်ကွက်တို့ရှိ ရပ်ကွက်နေပြည်သူများအား ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ တုံ့ပြန်ကာကွယ်ဆေး (OCV) တိုက်ကျွေးခြင်းကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကာကွယ်ဆေးတိုက်ကျွေးခြင်းကို စက်တင်ဘာ ၂၂ ရက်မှ အောက်တိုဘာ ၃ ရက်အထိ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ပြည်သူလူထုအနေဖြင့် အစာသန့်၊ ရေသန့်၊ လက်သန့်၊ အိမ်သာသန့်ဟူသော သန့်လေးသန့်ကို လိုက်နာရန်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးကို ဝိုင်းဝန်းဆောင်ရွက်ရန်လိုအပ်ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**ခင်ဆွေနှင်း(ပြန်/ဆက်)**

**ပြည့်ဝဆီများကို**
**တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ**
**စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# ငြိမ်းချမ်းရေးယဉ်ကျေးမှု ထွန်းကားဖွံ့ဖြိုးအောင် အားလုံးပါဝင်ပြုစုပျိုးထောင်

**ဒေါက်တာခိုင်ခိုင်ဝင်း**

စက်တင်ဘာလ ၂၁ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့အဖြစ် ကုလသမဂ္ဂက ၁၉၈၁ ခုနှစ်တွင် သတ်မှတ်ခဲ့ပါသည်။ ယင်းနေ့ စက်တင်ဘာလ ၂၁ ရက်နေ့ကိုပင် ၂၀၀၁ ခုနှစ်၌ အကြမ်းမဖက်ရေးနှင့် အပစ်အခတ်ရပ်စဲရေးနေ့အဖြစ် ကုလသမဂ္ဂအထွေထွေညီလာခံက တညီတညွတ်တည်းသတ်မှတ်ခဲ့ပါသည်။ ငြိမ်းချမ်းရေးနှင့်စပ်လျဉ်းပြီး ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းနိဒါန်းပိုင်း၌ ကမ္ဘာကြီးနှင့် လူသားအားလုံးအတွက် အရေးအကြီးဆုံး၊ အလိုလားအပ်ဆုံးအရာမှာ ငြိမ်းချမ်းရေးဖြစ်ကြောင်း အတိအလင်းထုတ်ဖော်ကြေညာထားပါသည်။

**လူ့သမိုင်းကို အကျည်းတန်စေ**

လူ့သမိုင်း၌ ဆိုးရွားရက်စက်အကြမ်းကြုတ်ဆုံး ကမ္ဘာစစ်ကြီးနှစ်ကြိမ် ဖြစ်ခဲ့ပါသည်။ စစ်ပွဲ၏ အဖိုးအခအဖြစ် လူသားများ၏ အသက်အိုးအိမ်၊ စည်းစိမ်များ တန်ဖိုးကြီးစွာပေးဆပ်ခဲ့ကြရပါသည်။ လူသားအချင်းချင်း ရက်စက်စွာ တိုက်ခိုက်၊ သတ်ဖြတ်နေမှုများသည် လူ့သမိုင်းကို အကျည်းတန်စေပါသည်။ ယနေ့ကမ္ဘာကြီးတွင် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်ခြင်း၊ ရောဂါဘယကပ်ဘေးများကို လူသားများ ရင်ဆိုင်ကြုံတွေ့နေရသည့်အပြင် လူ့ပယောဂကြောင့် ဖြစ်ပွားပေါ်ပေါက်ရသော အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ပျက်စီးဆုံးရှုံးမှုများ၊ ဆင်းရဲအတိဒုက္ခများလည်း တွေ့ကြုံခံစားနေကြရပါသည်။

Global Peace Index 2024 အစီရင်ခံစာအရ ယနေ့အချိန်ကာလသည် ဒုတိယကမ္ဘာစစ်ကြီးပြီးသည့်နောက်ပိုင်း ငြိမ်းချမ်းရေးနှင့်စပ်လျဉ်းပြီး ကမ္ဘာကြီးကို ခြိမ်းခြောက်မှုအရှိဆုံးကာလဖြစ်ပြီး ကမ္ဘာ့နိုင်ငံများအနက် နိုင်ငံပေါင်း ၉၂ နိုင်ငံသည် ၎င်းတို့နိုင်ငံနယ်နိမိတ်များနှင့် စပ်လျဉ်း၍ ပဋိပက္ခများ ထိတွေ့ဖြစ်ပွားနေသည်ဟု ဆိုပါသည်။ ငြိမ်းချမ်းရေးအတွက် အကြီးမားဆုံးခြိမ်းခြောက်မှုမှာ စစ်ပွဲများ၊ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပါသည်။ ၂၁ ရာစုအတွင်း စစ်ဘက်ဆိုင်ရာနည်းပညာများ တိုးတက်ပြောင်းလဲလာခြင်းနှင့် ပထဝီနိုင်ငံရေး ပြိုင်ဆိုင်မှုများ ပိုမိုမြင့်မားလာခြင်းများသည် စစ်ပွဲများ ဖြစ်ပွားရခြင်းလမ်းကြောင်းများအဖြစ် တည်ရှိနေကြောင်း အဆိုပါအစီရင်ခံစာတွင် ဖော်ပြထားပါသည်။

စစ်မက်ဖြစ်ပွားမှုများ၊ အကြမ်းဖက်မှုများကြောင့် အပြစ်မဲ့ပြည်သူများ၊ ကလေးငယ်များ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများ မြေစာပင်ဖြစ်ရပြီး ဒုက္ခမျိုးစုံ ရင်ဆိုင်ရသည့်အပြင် နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကိုပါ ထိခိုက်ပျက်စီးစေပြီး ကမ္ဘာကြီးနှင့် လူသားအားလုံးနှင့်ဆိုင်သော အခွင့်အရေးများအပေါ် သက်ရောက်မှုများဖြစ်စေကာ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း ကြီးစွာသော အနှောင့်အယှက်များ ဖြစ်စေပါသည်။

**ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းတွင် ဖော်ပြထား**


ယနေ့ကမ္ဘာကြီးကို ကြည့်မည်ဆိုပါက မြန်မာနိုင်ငံအပါအဝင် နေရာဒေသအများအပြားတွင် မငြိမ်းချမ်းမှုများ၊ ပဋိပက္ခများ၊ စစ်ပွဲများ၊ အကြမ်းဖက်တိုက်ခိုက်မှုများကို စိတ်မချမ်းမြေ့ဖွယ် မြင်တွေ့နေရပါသည်။ ငြိမ်းချမ်းမှုမရှိဘဲ စစ်မက်များ ဖြစ်ပွားနေခြင်းများသည် လူသားများ အေးချမ်းစွာ နေထိုင်ရှင်သန်ဖွံ့ဖြိုးရေးတို့အတွက် အကြီးမားဆုံးစိန်ခေါ်မှု၊ အတားအဆီးနှင့် ဟန့်တားပိတ်ပင်မှုများဖြစ်ပါသည်။ ငြိမ်းချမ်းရေးအတွက် အရေးကြီးသည့် လူ့အဖွဲ့အစည်းဝင်လူသားတစ်ဦးချင်းအတွက် အဓိကအကျဆုံး အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်နှင့် လူပုဂ္ဂိုလ်လုံခြုံခွင့်စသည့် ငြိမ်းချမ်းရေးဆိုင်ရာ အခွင့်အရေး Right to Peace ကို လူသားတိုင်းခွဲခြားမှုမရှိဘဲ ရရှိခံစားနိုင်ခွင့်ရှိကြောင်း ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းတွင် ဖော်ပြထားရှိပါသည်။

လူသားတိုင်း အေးချမ်းလုံခြုံစွာ နေထိုင်နိုင်ခြင်းသည် လူ့အခွင့်အရေးတစ်ရပ်ဖြစ်ပြီး လူသားအားလုံးအတွက် အရေးကြီးဆုံးနှင့် အလိုအပ်ဆုံးအရာမှာ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးဖြစ်ရာ ငြိမ်းချမ်းရေးရရှိရေး ဖြေရှင်းဆောင်ရွက်ကြရာတွင် စေ့စပ်ညှိနှိုင်းခြင်း၊ နားလည်မှုရယူခြင်းတို့အပေါ်အခြေခံကာ ယုံကြည်မှု တည်ဆောက်ခြင်းဖြင့် အေးချမ်းတည်ငြိမ်မှုကို မထိခိုက်စေဘဲ ငြိမ်းချမ်းရေး တည်ဆောက်ရန် လိုအပ်ပါသည်။

ငြိမ်းချမ်းရေးရှိမှသာ ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုရရှိနိုင်မည်ဖြစ်ကာ လူ့အခွင့်အရေးများ ပြည့်ဝစွာ ရရှိခံစားနိုင်မည်ဖြစ်ပါသည်။ တန်းတူညီမျှခွင့်၊ လွတ်လပ်ခွင့်၊ လုံခြုံခွင့်နှင့် ငြိမ်းချမ်းရေးရရှိခံစားခွင့် အစရှိသော လူ့အခွင့်အရေးများကို လေးစားတန်ဖိုးထားခြင်းဖြင့် ရရှိလာသည့် ငြိမ်းချမ်းရေးသည်လည်း အစွန့်ရှည်တည်တံ့ ခိုင်မြဲနိုင်မည်ဖြစ်ပါသည်။ ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂၁ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့အတွက် ကုလသမဂ္ဂက ချမှတ်ထားသော **"Cultivating a Culture of Peace"** **"ငြိမ်းချမ်းရေးယဉ်ကျေးမှု ထွန်းကားဖွံ့ဖြိုးအောင်၊ အားလုံးပါဝင် ပြုစုပျိုးထောင်"** ဆောင်ပုဒ်နှင့်အညီ နိုင်ငံအတွင်း ငြိမ်းချမ်းရေးယဉ်ကျေးမှု ထွန်းကားဖွံ့ဖြိုးစေရေး အခက်အခဲနှင့် စိန်ခေါ်မှုများ မည်သို့ပင်ရှိစေကာမူ ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်လှုပ်ရှားသူ သက်ဆိုင်သူအားလုံးက မဆုတ်မနစ်၊ ပွင့်ပွင့်လင်းလင်း၊ ရင်းရင်းနှီးနှီး စေ့စပ်ညှိနှိုင်း အဖြေရှာခြင်းတို့ဖြင့် ငြိမ်းချမ်းရေးအတွက် ရှေးရှုဆောင်ရွက်သွားကြပါရန်နှင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာကြီး ငြိမ်းချမ်းသာယာရှိပါစေကြောင်း ဆုမွန်တောင်းလိုက်ရပါသည်။ ။

> ❖ **လူသားတိုင်း အေးချမ်းလုံခြုံစွာ နေထိုင်နိုင်ခြင်းသည် လူ့အခွင့်အရေးတစ်ရပ်ဖြစ်ပြီး လူသားအားလုံးအတွက် အရေးကြီးဆုံးနှင့် အလိုအပ်ဆုံးအရာမှာ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးဖြစ်ရာ ငြိမ်းချမ်းရေးရရှိရေး ဖြေရှင်းဆောင်ရွက်ကြရာတွင် စေ့စပ်ညှိနှိုင်းခြင်း၊ နားလည်မှုရယူခြင်းတို့အပေါ် အခြေခံကာ ယုံကြည်မှု တည်ဆောက်ခြင်းဖြင့် အေးချမ်းတည်ငြိမ်မှုကို မထိခိုက်စေဘဲ ငြိမ်းချမ်းရေး တည်ဆောက်ရန်လိုအပ်**
>
> ❖ **ငြိမ်းချမ်းရေးရှိမှသာ ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုရရှိနိုင်မည်ဖြစ်ကာ လူ့အခွင့်အရေးများ ပြည့်ဝစွာ ရရှိခံစားနိုင်မည်ဖြစ်ပါသည်။ တန်းတူညီမျှခွင့်၊ လွတ်လပ်ခွင့်၊ လုံခြုံခွင့်နှင့် ငြိမ်းချမ်းရေးရရှိခံစားခွင့် အစရှိသော လူ့အခွင့်အရေးများကို လေးစားတန်ဖိုးထားခြင်းဖြင့် ရရှိလာသည့် ငြိမ်းချမ်းရေးသည်လည်း အစွန့်ရှည်တည်တံ့ ခိုင်မြဲနိုင်မည်**

## အင်းဝမြို့၏ ရှေးဟောင်း လောကဝေသဘူမြို့ထောင့်စေတီအား သန့်ရှင်းရေးဆောင်ရွက် အလှူရှင်များ ပေါ်ပေါက်လာပါက ရှေးမူမပျက် ပြန်လည်ပြင်ဆင်ခြင်းများ ပြုလုပ်ရန်ရည်ရွယ်



ရန်ကုန် စက်တင်ဘာ ၂၅

အင်းဝမြို့၏ ညောင်ရမ်းခေတ် ကြာသပတေးမင်းတည်ထားကိုးကွယ်ခဲ့သည့် ရှေးဟောင်းစေတီတစ်ဆူဖြစ်သည့် လောကဝေသဘူမြို့ထောင့်စေတီအား သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်နေပြီး အလှူရှင်များ ထပ်မံပေါ်ပေါက်လာပါက ရှေးမူမပျက်ပြန်လည်ပြင်ဆင်ခြင်းများ ပြုလုပ်သွားရန်ရည်ရွယ်ထားကြောင်း ရှင်းလင်းရေးအတွက် ဦးဆောင်ဆောင်ရွက်ပေးနေသူ သုတေသီ၊ စာရေးဆရာ ဘိုရှိတ်(ရတနာပူရ)က ပြောသည်။

အဆိုပါစေတီမှာ ညောင်ရမ်းမင်းဆက်တွင် နောက်ဆုံးစိုးစံခဲ့သော ကြာသပတေးမင်းလက်ထက်က တည်ထားကိုးကွယ်ခဲ့သည့် အင်းဝမြို့၏ ရှေးဟောင်းအထင်ကရစေတီတစ်ဆူလည်းဖြစ်ကြောင်း ပြောကြားသည်။

အင်းဝမြို့ ညောင်ရမ်းခေတ်ကြာသပတေးမင်းကောင်းမှု လောကဝေသဘူမြို့ထောင့်စေတီမှာ နှစ်ပေါင်း ၂၇၀ ခန့် ကြာမြင့်နေသည့် စေတီတစ်ဆူဖြစ်ပြီး ညောင်ပင်၊ ချုံ၊ နွယ်များကြား တိမ်မြုပ်နေခဲ့ခြင်း ဖြစ်သည်။

အဆိုပါစေတီကို စက်တင်ဘာ ၂၅ ရက်တွင် သန့်ရှင်းရေးစတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

"လောကဝေသဘူစေတီက ညောင်ရမ်းမင်း ၁၀ ဆက်ရှိတယ်။ အဲဒီထဲမှာ နောက်ဆုံး စိုးစံခဲ့တဲ့မင်းက ကြာသပတေးမင်းလက်ထက်မှာ တည်ထားကိုးကွယ်ခဲ့တဲ့စေတီပါ။ အပြင်မြို့ကြီးရဲ့ မြို့ရိုးကြီးပေါ်မှာ တည်ထားတဲ့စေတီတစ်ဆူပါ။ အရင်တုန်းကတည်းက ဒီစေတီကြီးရှိပေမယ့် ဘွဲ့နာမည်မသိခဲ့ဘဲ မြို့ထောင့်စေတီ စသဖြင့် ခေါ်နေကြတယ်။ အဲဒီအချိန်မှာ ကျွန်တော်က အင်းဝမြို့တည်၊ နန်းတည်တဲ့ ပေမူတွေ၊ မော်ကွန်း တွေကို ရှာဖွေတဲ့အခါမှာ ဒီစေတီဟာ လောကဝေသဘူဆိုတာ သိလာရတယ်။ ချုံတွေ၊ ညောင်ပင်တွေနဲ့ ရှင်းလင်းရေးလုပ်နေတာပါ။ ကျွန်တော်ကပဲ စေတနာအလျောက်ဦးဆောင်ပြီးတော့ သန့်ရှင်းရေးအတွက် ဆောင်ရွက်ဖြစ်တာပါ။ အခုကတော့ ချုံတွေ၊ ညောင်ပင်တွေထဲ နစ်နေတာ အပျက်အစီးတွေတော့ရှိပါတယ်"ဟု ၎င်းက ပြောသည်။

လက်ရှိတွင် စေတီကြီး၌ပေါက်ရောက်နေသည့် ညောင်ပင်၊ ချုံနွယ်များကို ရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်နေပြီး ဓာတုဆေးရည်အသုံးပြုကာ ညောင်ပင်သတ်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

ထို့အပြင် အဆိုပါစေတီတွင် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီး၍ အလှူရှင်များ ထပ်မံပေါ်ပေါက်လာပါက ရှေးမူမပျက်ပြန်လည်ပြင်ဆင်ခြင်းများဆောင်ရွက်သွားရန် ရည်ရွယ်ထားကြောင်း ၎င်းက ပြောသည်။

**MT**

## ရေကြီးခြင်း သတိပေးချက်

နေပြည်တော် စက်တင်ဘာ ၂၅

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးလက်မခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၁၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ပဲခူးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်သည်။

မိုး/ဇလ

# မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်မည့် ရခိုင်ပြည်နယ်ကိုယ်စားပြုအဖွဲ့အား ထောက်ပံ့ငွေပေးအပ်ပွဲကျင်းပ

**စစ်တွေ စက်တင်ဘာ ၂၅**

နေပြည်တော်၌ကျင်းပမည့် ၂၀၂၄ ခုနှစ် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်မည့် ရခိုင်ပြည်နယ်ကိုယ်စားပြုအဖွဲ့အား ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်နိုင်ရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က အောင်နိုင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်နယ်လူမှုရေးဝန်ကြီး ဦးသက်ထွန်းထံသို့ ထောက်ပံ့ငွေများ ပေးအပ်သည်။ ယင်းနောက် (၂၅)ကြိမ်မြောက်



ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်များက ဖျော်ဖြေတင်ဆက်ကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည်

ပြည်နယ်ကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ အောင်မြင်မှုများ များစွာဆွတ်ခူးနိုင်ရေး အားပေးစကားပြောကြားသည်။

နေပြည်တော်၌ကျင်းပမည့် ၂၀၂၄ ခုနှစ် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ ရခိုင်ပြည်နယ်ကိုယ်စားပြု မဟာဂီတခြောက်ဦး၊ ကာလပေါ် ခေတ်ဟောင်းတေး ခုနစ်ဦး၊ အမျိုးဂုဏ်လေးဦး၊ အကပြိုင်ပွဲငါးဦး၊ အရေးပြိုင်ပွဲတစ်ဦး၊ အတီးပြိုင်ပွဲခြောက်ဦး၊ ကဗျာလွတ်အက ၁၈ ဦး၊ ရခိုင်တိုင်းရင်းသား ရိုးရာအက ၁၈ ဦး၊ ချင်းတိုင်းရင်းသားရိုးရာအက ၁၈ ဦး၊ ရိုးရာတူရိယာတေးဂီပြိုင်ပွဲတွင် ၁၅ ဦး၊ နည်းပြ၊ အုပ်ချုပ်သူ၊ ကြီးကြပ်သူများအပါအဝင် စုစုပေါင်း ၁၁၀ ဦးဖြင့် ပြိုင်ပွဲအမျိုးအစားပေါင်း ကိုးမျိုးတွင် သွားရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်း (ပြန်/ဆက်)**



## ကလောမြို့နယ်၌ သန်းခေါင်စာရင်း စာရင်းစစ်၊ စာရင်းကောက်သင်တန်းဖွင့်

**ကလော စက်တင်ဘာ ၂၅**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ်တွင် ၂၀၂၄ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း စာရင်းစစ်၊ စာရင်းကောက်သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက ကလောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ကလောမြို့နယ် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးလင်းဇော်ထွေးက အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ ခရိုင်၊ မြို့နယ်အဆင့် ဌာဆိုင်ရာများနှင့်စာရင်းစစ်၊ စာရင်းကောက်သင်တန်းသား သင်တန်းသူ ၇၀ ခန့် တက်ရောက်ခဲ့ပြီး သင်တန်းသား သင်တန်းသူ ၁၆၅ ဦးနှင့် အရန်စာရင်းစစ် စာရင်းကောက် ၁၀ ဦးစုစုပေါင်း ၁၇၅ ဦးတို့ကို ကလောမြို့ green haven hotel၊ အောင်ပန်းမြို့ အထက(၃)၊ ဟဲဟိုးမြို့ အထက(၄)တို့တွင် သင်တန်းဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းကာလမှာ ၁၀ ရက်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ❍ အာဆီယံကလပ်မှ

ကစားသမားအဖြစ် တိုက်စစ်မှူး ရင်တာရိုတစ်ဦးတည်းသာ ပါဝင်လာပြီး ပြည့်ဖြိုးသူ (ဂိုး)၊ ဖွဲ့ခန့်မင်း၊ သက်ဟိန်းစိုး၊ နန္ဒကျော်၊ ဟိန်းဖြိုးဝင်း၊ အောင်ဝဏ္ဏစိုး၊ ဇင်ဖြိုးအောင်၊ စအောင်ပြည့်ကို၊ ခွန်ကျော်ဇင်ဟိန်း၊ ဖွဲ့ထက်မင်းတို့ဖြင့် တွဲဖက်ကစားခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် နောက်မှလိုက်ကစားကာ သုံးဂိုးစီသရေအထိ ပြန်ကစားနိုင်သော်လည်း ပွဲပြီးခါနီး နာကျင်အချိန်ပိုတွင် ပေးလိုက်ရသည့်ဂိုးကြောင့် ရှုံးပွဲဆက်ခဲ့ရခြင်းဖြစ်သည်။ မာကာဆာအသင်းအတွက် ဂိုးများကို ၃၃ မိနစ်တွင် နာမင်၊ ၃၆ မိနစ်တွင် နေတို၊ ၄၉ မိနစ်တွင် ဖောလ်၊ ၉၀+၂ မိနစ်တွင် ရာဟာမန်တို့က သွင်းယူပြီး ရှမ်းယူနိုက်တက်အသင်းအတွက် ချေပဂိုးများကို ၄၅+၂ မိနစ်တွင် ရင်တာရို၊ ၅၆ မိနစ်တွင် မတ်ခ်ဆာကီ၊ ၆၇ မိနစ်တွင် ဘာကာယိုကိုတို့က သွင်းယူခဲ့သည်။

မာကာဆာအသင်းသည် နှစ်ပွဲကစား လေးမှတ်ရထားပြီး ရှမ်းယူနိုက်တက်အသင်းမှာမူ နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ ရှမ်းယူနိုက်တက်အသင်းသည် အုပ်စုတတိယပွဲအဖြစ် ဇန်နဝါရီ ၈ ရက်တွင် မလေးရှားကလပ် တီရန်ဂါနူးအသင်းနှင့် အိမ်ကွင်းကစားရမည်ဖြစ်သည်။

**သတင်း–ကိုညီလေး**

**ဓာတ်ပုံ–PSM Makasa**

## သထုံမြို့နယ်၌ မြို့နယ်အဆင့် ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာပွဲတော်အခမ်းအနား ကျင်းပ

**သထုံ စက်တင်ဘာ ၂၅**

မွန်ပြည်နယ် သထုံမြို့နယ်တွင် ကရင်သက္ကရာဇ် (၂၇၆၃)ခုနှစ် အတွက် ကရင်တိုင်းရင်းသားတို့၏ ရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာပွဲ မြို့နယ်အဆင့် အခမ်းအနားကို ယနေ့နံနက်က သိမ်ကုန်းရပ်ကွက်ရှိ မြို့နယ် ကရင်စာပေနှင့် ယဉ်ကျေးမှု ကော်မတီခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် သံဃာတော်များအား ဆွမ်းဆက်ကပ်တရားနာယူပြီး လှူဖွယ်များ လှူဒါန်းခြင်း၊ ကရင်တိုင်းရင်းသား အလံတော်အား အလေးပြုခြင်း၊ ချည်ဖြူဖြင့် အပြန်အလှန် လက်ချည်ပြီး ဘိုးဘွားများထံမှ ဆုံးမဩဝါဒများ နာခံခြင်း၊ မြို့နယ် ကရင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်တစ်ဦးက ကရင်ရိုးရာ ချည်ဖြူ ဖွဲ့ လက်ချည်ပွဲ ဖြစ်ပေါ်လာပုံနှင့် ချည်ဖြူဖွဲ့ရာတွင် ပါဝင်သည့် ပစ္စည်းကိုးမျိုးတို့၏ အဓိပ္ပာယ်



အား ရှင်းလင်းခြင်း၊ ရိုးရာဝါးညှပ်အက၊ ယိမ်းအကများဖြင့် ဖျော်ဖြေခြင်း၊ အစားအသောက်များဖြင့် ဧည့်ခံကျွေးမွေးခြင်း စသည်တို့ကို ပြုလုပ်ခဲ့ကြသည်။

သထုံမြို့နယ်တွင် ကရင်တိုင်းရင်းသား ၈၀၀၀၀ ဝန်းကျင်ခန့် နေထိုင်လျက်ရှိပြီး ချည်ဖြူဖွဲ့မင်္ဂလာပွဲတော်ကို သထုံမြို့ပေါ်နှင့် ကရင်တိုင်းရင်းသား အများစု နေထိုင်သည့် ကျေးရွာ ၃၇ ရွာတို့၌ နှစ်စဉ် ပြုလုပ်လေ့ရှိကြောင်း မြို့နယ် ကရင်စာပေနှင့်ယဉ်ကျေးမှုကော်မတီမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဝမ်းတွင်းမြို့နယ်၌ သန်းခေါင်စာရင်း မြို့နယ်အဆင့်သင်တန်းဖွင့်

**ဝမ်းတွင်း စက်တင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူရေးသင်တန်း ဖွင့်လှစ်သင်ကြားပေးနေမှုများကို ယမန်နေ့က မြို့နယ်သန်းခေါင်စာရင်း ကောက်ယူရေးကော်မတီဥက္ကဋ္ဌ ဦးရဲမြင့်သိန်း၊ အတွင်းရေးမှူး ဦးစိုးမင်းနှင့်အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြသည်။

**လေ့ကျင့်သင်ကြားပေး**

ဝမ်းတွင်းမြို့နယ်၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသော လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးသင်တန်းတွင် ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူရေးစီမံချက်များ၊ သန်းခေါင်စာရင်းလုပ်ငန်းစဉ်များ၊ စာရင်းကောက်အဖွဲ့များ၏ အခန်းကဏ္ဍများနှင့်



ဥပဒေပြဋ္ဌာန်းချက်များ၊ စာရင်းကောက်ကွက်နှင့် စာရင်းကောက်မြေပုံများ၊ အိမ်အကြောင်းအရာမေးခွန်းများ၊ လူဦးရေဆိုင်ရာ အချက်အလက်မေးခွန်းများစသည့် ဘာသာရပ်ဆိုင်ရာများကို နည်းပြဆရာများက လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ❂ ဘာရီးအသင်း

၂၈ မိနစ်မှာ ဖာမန်ရဲ့ ကိုယ့်ဂိုး ကိုယ်သွင်းမိသလိုဖြစ်ခဲ့တဲ့သွင်းဂိုး၊ ၄၈ မိနစ်မှာ ပက်ဒရိုနီတိုရဲ့သွင်းဂိုးက သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

အသက် ၂၆ နှစ်အရွယ်ရှိ ပြင်သစ်တိုက်စစ်မှူး အန်ကွန်ကူဟာ အခုပွဲစဉ်မှာ သွင်းဂိုးသုံးဂိုးသွင်းယူနိုင်ခဲ့တာကြောင့် ယခုဘောလုံးရာသီမှာ ချယ်လ်ဆီးအသင်းအတွက် ပွဲစဉ်စုစုပေါင်း ရှစ်ပွဲမှာ သွင်းဂိုး ခြောက်ဂိုး အထိရှိလာခဲ့ပြီဖြစ်ပါတယ်။

စက်တင်ဘာ ၂၄ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အခြားသော ကာရာဘောင်ဖလားတတိယအဆင့် ပွဲစဉ်တွေမှာတော့ မန်စီးတီးအသင်းက ဝက်ဖို့ဒ်အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့်လည်းကောင်း၊ အက်စတွန်ဗီလာအသင်းက ဝိုင်ကွန်ဘီအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့်လည်းကောင်း၊ လက်စတာစီးတီးအသင်းနဲ့ ဝယ်ဆဲလ်အသင်းတို့ပွဲစဉ်မှာ သာမန်ပွဲကစားချိန်အတွင်း ဂိုးမရှိသရေရလဒ် ထွက်ပေါ်ခဲ့တာကြောင့် ပင်နယ်တီအဆုံးအဖြတ်ခံယူရာမှာ လက်စတာစီးတီးအသင်းက သုံးဂိုး–ဂိုးမရှိ ဖြင့်လည်းကောင်းအနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**

## လေဖိအားနည်းရပ်ဝန်း အားလျော့သွားပြီ

**နေပြည်တော် စက်တင်ဘာ ၂၅**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း(အိန္ဒိယနိုင်ငံ၊ အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်း ကမ်းလွန်–ဩရိဿတောင်ပိုင်း ကမ်းခြေ) တို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ ချက်တစ်ဂတ်ပြည်နယ်တောင်ပိုင်းတွင် အားလျော့သွားပြီ ဖြစ်ပါသည်။

**မိုး/ဇလ**

# ရေကြောင်းသတိပေးချက်

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန်လုပ်ကွက် အမှတ်၊ M–9 ရှိ ဇော်တိကစီမံကိန်းနှင့် ကမ်းလွန်လုပ်ကွက်အမှတ်၊ M–5 & M–6 ရှိ ရတနာစီမံကိန်းတို့တွင် Geophysical Site Survey လုပ်ငန်းများအား SMS RADIANCE ရေယာဉ်ဖြင့် ကမ်းလွန်လုပ်ကွက် M–9 ရှိ Proposed Well Location ဖြစ်သော GSI Zawtika 21 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၇ မိနစ် ၁၈.၅၈၇၁၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၄ မိနစ် ၅၆.၂၇၆၇၈ စက္ကန့်၊ Proposed Well Location ၏ Survey Boundary တည်နေရာများဖြစ်သော Corner–1 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၆ မိနစ် ၂၀.၈၅၀၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၆ မိနစ် ၂၅.၂၉၈၉ စက္ကန့်၊ Corner–2 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၈ မိနစ် ၅၅.၈၉၈၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၅ မိနစ် ၃၄.၅၃၇၈ စက္ကန့်၊ Corner–3 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၈ မိနစ် ၁၆.၃၁၃၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၃ မိနစ် ၂၇.၂၄၂၀ စက္ကန့်နှင့် Corner–4 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၅ မိနစ် ၄၁.၂၇၄၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃၄ မိနစ် ၁၈.၀၂၄၇ စက္ကန့်၊ ကမ်းလွန်လုပ်ကွက်အမှတ် M–9 ရှိ Platform Location တည်နေရာများဖြစ်သော Zawtika–40 to ZWP–16 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၉ မိနစ် ၅၅.၁၂၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၉ မိနစ် ၂၄ . ၀၂၅ စက္ကန့်၊ Zawtika–40 to ZWP–14 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၆ မိနစ် ၄၂.၅၃၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၁ မိနစ် ၁၇.၇၃၁ စက္ကန့်၊ Zawtika–38 to ZWP–8 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၁ မိနစ် ၅၅.၆၉၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၅ မိနစ် ၂၄.၈၇၈ စက္ကန့်နှင့် Zawtika–35 to PLEM 7 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၃ မိနစ် ၄၀.၈၄၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၀ မိနစ် ၅၀.၀၅၂ စက္ကန့်၊ Platform Location ၏ Connection Location များဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၅ မိနစ် ၂၁.၅၄၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၃ မိနစ် ၂၅ . ၂၉၄ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၉ မိနစ် ၅၄.၉၉၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၇ မိနစ် ၄၁.၂၀၁ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၉ မိနစ် ၀၄.၃၆၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၀ မိနစ် ၂၁.၅၂၅ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၁ မိနစ် ၂၅.၆၃၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၂ မိနစ် ၄၀.၄၀၄ စက္ကန့်၊ ကမ်းလွန်လုပ်ကွက် M–5/M–6 ရှိ Proposed Well Location များဖြစ်သော M5–Exp C1 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၇ မိနစ် ၄၅.၀၇၄၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၀ မိနစ် ၁၀.၄၇၇၁ စက္ကန့်၊ M5–Exp C2 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၂ မိနစ် ၅၀.၂၁၆၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၆ မိနစ် ၀၀.၃၉၆၆ စက္ကန့်၊ M6–Exp CA မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၂ မိနစ် ၅၇.၉၁၁၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၃ မိနစ် ၅၉.၃၃၁၆ စက္ကန့် နှင့် M6–Exp CF မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၇ မိနစ် ၀၆.၀၁၁၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၀၉ မိနစ် ၂၉.၁၈၆၅ စက္ကန့်၊ Proposed Well Location ၏ Survey Boundary တည်နေရာများဖြစ်သော M5–Exp C1 ၏ (Corner 1) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၇ မိနစ် ၄၃.၆၁၀၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၈ မိနစ် ၃၆.၃၃၀၈ စက္ကန့်၊ M5–Exp C1 ၏ (Corner 2)မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၆ မိနစ် ၄၃.၄၈၃၃ စက္ကန့်၊ အရှေ့ လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၀ မိနစ် ၃၅.၁၂၈၅ စက္ကန့်၊ M5–Exp C1 ၏ (Corner 3) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၈ မိနစ် ၃၈.၈၈၃၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၁ မိနစ် ၃၇.၀၃၉၄ စက္ကန့်၊ M5–Exp C1 ၏ (Corner 4) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၉ မိနစ် ၃၉.၀၁၈၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၉ မိနစ် ၃၈.၂၂၆၄ စက္ကန့်၊ M5–Exp C2 ၏ (Corner 1) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၁ မိနစ် ၅၈.၂၃၈၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၄ မိနစ် ၂၅.၉၅၀၆ စက္ကန့်၊ M5–Exp C2 ၏ (Corner 2) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၀ မိနစ် ၅၈.၁၄၃၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၆ မိနစ် ၂၄.၇၀၆၉ စက္ကန့်၊ M5–Exp C2 ၏ (Corner 3) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၂ မိနစ် ၅၃.၅၅၅၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၇ မိနစ် ၂၆.၅၅၆၄ စက္ကန့်၊ M5–Exp C2 ၏ (Corner 4) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၃ မိနစ် ၅၃.၆၅၈၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၅ မိနစ် ၂၇.၇၈၄၉ စက္ကန့်၊ M6–Exp CA ၏ (Corner 1) မြောက် လတ္တီတွဒ် ၁၅ ဒီဂရီ ၂၁ မိနစ် ၅၂.၅၈၈၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၂ မိနစ် ၅၂.၄၈၈၇ စက္ကန့်၊ M6–Exp CA ၏ (Corner 2) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၁ မိနစ် ၅၃.၀၅၀၅ စက္ကန့်၊ အရှေ့ လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၅ မိနစ် ၀၆.၆၅၀၉ စက္ကန့်၊ M6–Exp CA ၏ (Corner 3) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၄ မိနစ် ၀၃.၂၂၈၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၅ မိနစ် ၀၆.၁၈၆၁ စက္ကန့်၊ M6–Exp CA ၏ (Corner 4) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၄ မိနစ် ၀၂.၇၆၈၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၂ မိနစ် ၅၂.၁၈၆၁ စက္ကန့်၊ M6–Exp CF ၏ (Corner 1) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၆ မိနစ် ၀၀.၆၉၉၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၀၈ မိနစ် ၂၂.၃၉၆၇ စက္ကန့်၊ M6–Exp CF ၏ (Corner 2) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၆ မိနစ် ၀၁.၁၇၂၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၀ မိနစ် ၃၆.၄၉၅၀ စက္ကန့်၊ M6–Exp CF ၏ (Corner 3) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၈ မိနစ် ၁၁.၃၄၉၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၀ မိနစ် ၃၅.၉၈၇၀ စက္ကန့်နှင့် M6–Exp CF ၏ (Corner 4) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၈ မိနစ် ၁၀.၈၄၄၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၀၈ မိနစ် ၂၁.၈၆၆၆ စက္ကန့်၊ Proposed Well Location များဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၇ မိနစ် ၄၅.၂၄၇၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၀ မိနစ် ၁၀.၅၁၄၄ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၂ မိနစ် ၅၀.၃၉၀၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၆ မိနစ် ၀၀ . ၄၃၄၂ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၂ မိနစ် ၅၈.၀၈၂၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၃ မိနစ် ၅၉.၃၆၃၉ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၇ မိနစ် ၀၆.၁၈၃၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၀၉ မိနစ် ၂၉.၂၁၉၁ စက္ကန့်၊ Proposed Well Location ၏ Survey Boundary တည်နေရာများဖြစ်သော Point A ၏ (Corner 1) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၇ မိနစ် ၄၃.၇၈၃၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၈ မိနစ် ၃၆.၃၆၈၂ စက္ကန့်၊ Point A ၏ (Corner 2) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၆ မိနစ် ၄၃.၆၅၆၄ စက္ကန့်၊ အရှေ့ လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၀ မိနစ် ၃၅.၁၆၅၈ စက္ကန့်၊ Point A ၏ (Corner 3) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၈ မိနစ် ၃၉.၀၅၆၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၁ မိနစ် ၃၇.၀၇၆၆ စက္ကန့်၊ Point A ၏ (Corner 4) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၉ မိနစ် ၃၉.၁၉၁၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၉ မိနစ် ၃၈.၂၆၃၈ စက္ကန့်၊ Point B ၏ (Corner 1) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၁ မိနစ် ၅၈.၄၁၁၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၄ မိနစ် ၂၅.၉၈၈၃ စက္ကန့်၊ Point B ၏ (Corner 2) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၀ မိနစ် ၅၈.၃၁၇၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၆ မိနစ် ၂၄.၇၄၄၅ စက္ကန့်၊ Point B ၏ (Corner 3) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၂ မိနစ် ၅၃.၇၂၉၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၇ မိနစ် ၂၆.၅၉၃၉ စက္ကန့်၊ Point B ၏ (Corner 4) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၃ မိနစ် ၅၃.၈၃၁၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၅ မိနစ် ၂၇.၈၂၂၆ စက္ကန့်၊ Point C ၏ (Corner 1) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၁ မိနစ် ၅၂.၇၆၀၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၂ မိနစ် ၅၂.၅၂၁၁ စက္ကန့်၊ Point C ၏ (Corner 2) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၁ မိနစ် ၅၃.၂၂၂၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၅ မိနစ် ၀၆.၆၈၃၁ စက္ကန့်၊ Point C ၏ (Corner 3) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၄ မိနစ် ၀၃.၃၉၉၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၅ မိနစ် ၀၆.၂၁၈၃ စက္ကန့်၊ Point C ၏ (Corner 4) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၄ မိနစ် ၀၂.၉၃၇၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၂ မိနစ် ၅၂.၀၃၃၂ စက္ကန့်၊ Point D ၏ (Corner 1) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၆ မိနစ် ၀၀.၈၇၁၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၀၈ မိနစ် ၂၂.၄၃၀၃ စက္ကန့်၊ Point D ၏ (Corner 2) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၆ မိနစ် ၀၁.၃၄၄၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၀ မိနစ် ၃၆.၅၂၇၆ စက္ကန့်၊ Point D ၏ (Corner 3) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၈ မိနစ် ၁၁.၅၂၁၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၀ မိနစ် ၃၅.၀၁၉၆ စက္ကန့် နှင့် Point D ၏ (Corner 4) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၈ မိနစ် ၁၀.၀၁၃၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၀၈ မိနစ် ၂၁.၈၉၉၃ စက္ကန့်တို့တွင် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့မှ နိုဝင်ဘာလ ၂၀ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ်၊ M–9 ရှိ ဇော်တိကစီမံကိန်းနှင့် ကမ်းလွန်လုပ်ကွက် အမှတ်၊ M–5 & M–6 ရှိ ရတနာစီမံကိန်းတို့တွင် Geophysical Site Survey လုပ်ငန်းများအား SMS RADIANCE ရေယာဉ်ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်တည်နေရာများမှ (၄)ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗာန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

# လွိုင်လင်မြို့တွင် အခြေခံစက်ချုပ်နည်းပညာသင်တန်းဆင်းပွဲကျင်းပ

**လွိုင်လင် စက်တင်ဘာ ၂၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနက ဖွင့်လှစ်သည့် အခြေခံစက်ချုပ်နည်းပညာ သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လွိုင်လင်ခရိုင်ရုံး လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

**ကြည့်ရှုအားပေး**

သင်တန်းဆင်းပွဲတွင် ခရိုင်စီမံကိန်းဦးစီးမှူး ဦးအောင်လင်းဇော်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းအချောထည်များ ပေးအပ်ကာ သင်တန်းသူများ ချုပ်လုပ်ထားသည့် အထည်များကို ကြည့်ရှုအားပေးသည်။

အဆိုပါ အခြေခံစက်ချုပ်နည်းပညာသင်တန်းသို့ ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဖိတ်ကြားထားသောဌာနဆိုင်ရာများနှင့် သင်တန်းသူ ၁၀ ဦး တက်ရောက်ကြသည်။ ယင်းသင်တန်းကို ဩဂုတ် ၂၇ ရက်မှ စက်တင်ဘာ ၂၅ ရက်အထိ တစ်လ ကြာသင်ကြားပေးခဲ့ကာ မွမ်းမံသင်တန်းကို ထပ်မံဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**လွိုင်လင်မိုး(ပြန်/ဆက်)**



# စစ်တောင်းမြစ် ရေကြီးမှုအခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂၅**

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးပေခွဲခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

*

# မကွေးတိုင်းဒေသကြီး၌ ပဲစင်းငုံသီးနှံစိုက်ပျိုးထားရှိမှုနှင့် ဈေးနှုန်းဈေးကွက်

မကွေးတိုင်းဒေသကြီးသည် နှမ်း၊ မြေပဲနှင့် ပဲမျိုးစုံသီးနှံများ အဓိက စိုက်ပျိုးထွက်ရှိသည့် ဒေသတစ်ခုဖြစ်ပြီး ကုန်ကျစရိတ် သက်သာ၍ စိုက်ပျိုးရလွယ်ကူသည့် ပဲစင်းငုံသီးနှံကို မကွေးခရိုင်၊ မင်းဘူးခရိုင်၊ သရက်ခရိုင်၊ ပခုက္ကူခရိုင်နှင့် ဂန့်ဂေါခရိုင်များ၌ ၂၀၂၄ ခုနှစ်တွင် ဧက ၁၈၂၀၀၀ ခန့် စိုက်ပျိုးထားရှိကြောင်း ခရိုင်ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ပဲစင်းငုံသီးနှံကို ဇွန်လနှင့် ဇူလိုင်လတို့တွင် စတင်စိုက်ပျိုးပြီး ၅-၆ လခန့်အကြာ ဇန်နဝါရီလတွင် ရိတ်သိမ်းရကြောင်း၊ မျိုးအနေဖြင့် ပဲစင်းငုံ(အနီ)နှင့် (အဝါ)မျိုးများကို စိုက်ပျိုးကြပြီး ပဲစင်းငုံ (အနီ) မျိုးများကို အများဆုံးစိုက်ပျိုးကြကြောင်း၊ သီးသန့်စိုက်ပျိုးမှုနှင့် သီးညှပ်စိုက်ပျိုးမှုဟူ၍ နှစ်မျိုးရှိပြီး သီးညှပ်စိုက်ပျိုးခြင်းကို ပိုမိုစိုက်ပျိုးကြကြောင်း၊ ပဲစင်းငုံသီးနှံကို ထွန်ကြောင်းဆွဲ၍ အတန်းလိုက် အစေ့ချစနစ်ဖြင့် စိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုးစေ့ တစ်ပြည်ခန့် ကုန်ကျကြောင်း၊ စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် လေးသိန်းခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် ၁၂-၁၅ တင်းခန့် ထွက်ရှိပြီး ဈေးနှုန်းအနေဖြင့် ဖေဖော်ဝါရီလ ပဲစင်းငုံသီးနှံ ပေါ်စအချိန်တွင် ပဲစင်းငုံ (အနီ) တစ်တင်းလျှင် ငွေကျပ် ၁၁၈၀၀၀-၁၂၀၀၀၀ ဖြင့် ရောင်းချခဲ့ရပြီး အကျိုးအမြတ်အနေဖြင့် ငွေကျပ် ၁၀ သိန်းကျော်ရရှိကြောင်း သိရသည်။

စက်တင်ဘာလ တတိယပတ်တွင် ပဲစင်းငုံ (အနီ) တစ်တင်းလျှင် ငွေကျပ် ၁၄၉၀၀၀-၁၅၁၀၀၀ ဖြင့် ဈေးနှုန်းမြင့်တက်ကာ အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ပဲစင်းငုံသီးနှံများကို မကွေးမြို့ပေါ်ရှိ ပွဲရုံများမှ ရန်ကုန်နှင့် မန္တလေးမြို့များသို့ တင်ပို့ရောင်းချပြီး ထိုမှတစ်ဆင့် အိန္ဒိယ၊ နီပေါနှင့် ဘင်္ဂလားဒေ့ရှ် စသည့်နိုင်ငံများသို့ တင်ပို့လျက်ရှိကြောင်း၊ ပြည်ပ ဝယ်လိုအားကောင်းပြီး ဈေးနှုန်းကောင်းမွန်ခြင်းကြောင့် အကျိုးအမြတ်များရရှိသည့် ပဲစင်းငုံသီးနှံများကို နှစ်စဉ်စိုက်ပျိုးလျက်ရှိရာ ယခုနှစ် စိုက်ပျိုးထားရှိသည့် ပဲစင်းငုံသီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။



# မကွေးမြို့နယ်၌ မိုးမြေပဲများလှိုင်လှိုင်ထွက်ပေါ်၍ အရောင်းအဝယ်ဖြစ်ကာ အကျိုးအမြတ်ရရှိ

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်အတွင်းရှိ ကိုးပင်ကွေ့၊ လယ်ယား၊ ထန်းပင်စမ်း စသည့် ကျေးရွာများတွင် နှမ်း၊ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံသီးနှံများကို အဓိက စိုက်ပျိုးလျက်ရှိပြီး ကိုးပင်ကွေ့ကျေးရွာတွင် မိုးမြေပဲ ၁၅ ဧကခန့် စိုက်ပျိုးထားကြောင်း သိရသည်။

မိုးမြေပဲကို ဇွန်လလယ်တွင် စတင်စိုက်ပျိုးကြပြီး စက်တင်ဘာလ ဆန်းတွင် လှိုင်လှိုင်ထွက်ပေါ်လျက်ရှိကြောင်း၊ မျိုးအနေဖြင့် စွန်တာနီ (မြေပဲဆန်အနီ) မျိုးများကို စိုက်ပျိုးကြပြီး စိုက်ပျိုးထုတ်လုပ်မှုအတွက် တစ်ဧကလျှင် ငွေကျပ် ၈၅၀၀၀၀ ခန့်ကုန်ကျကြောင်း၊ တစ်ဧကလျှင် ၅၆ တင်းခန့်ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် စက်တင်ဘာလ တတိယပတ်တွင် မြေပဲတောင့်တစ်တင်းလျှင် ငွေကျပ် ၂၅,၀၀၀-၂၈၀၀၀ ဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိပြီး တစ်ဧကလျှင် ငွေကျပ် ခုနစ်သိန်းကျော်ခန့် အမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် မိုးမြေပဲများကို မကွေးမြို့ပေါ်ရှိ ပွဲရုံများမှတစ်ဆင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့များသို့လည်းကောင်း တင်ပို့ရောင်းချပြီး ဒေသတွင်းရှိ ဆီစက်လုပ်ငန်းရှင်များနှင့် မြေပဲကို တန်ဖိုးမြှင့်ထုတ်ကုန်ပြုလုပ်ပြီး ပြန်လည်ရောင်းချသည့် လုပ်ငန်းရှင်များမှလည်း ဝယ်ယူကြကြောင်း၊ ယခုနှစ်တွင် အထွက်နှုန်းကောင်းပြီး ဈေးကောင်းရရှိသောကြောင့် တောင်သူများ အကျိုးအမြတ်များရရှိကြောင်း သိရသည်။

# ရွှေတောင်မြို့နယ်တွင် တိုင်ထောင်ပဲ စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် မီးလောင်အုပ်စု အင်္ဂလိုင်ဂန်ကျေးရွာတွင် တိုင်ထောင်ပဲများ စိုက်ပျိုးထားရှိကြောင်း၊ တိုင်ထောင်ပဲကို ဇွန်လတွင် စတင်စိုက်ပျိုးပြီး နှစ်လခွဲ အကြာ စက်တင်ဘာလတွင် ပဲသီးများကို ခူးဆွတ်ရကြောင်း၊ မျိုးအနေဖြင့် မြွားနီမျိုးများကို စိုက်ပျိုးကြပြီး စိုက်ပျိုးထုတ်လုပ်မှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ရှစ်သိန်းခန့် ကုန်ကျကြောင်း၊ တိုင်ထောင်ပဲသီးများ စတင်ခူးဆွတ်ချိန်တွင် အတောင့်ရေ ၇၅၀၀ - ၈၃၀၀ ခန့် ခူးဆွတ်ရရှိကာ တစ်ရက်ခြား တစ်ခါဖြင့် နှစ်လခန့် ခူးဆွတ်ရောင်းချရကြောင်း၊ လက်ကားဈေး ပဲအတောင့် ၁၀၀ ပါ တစ်အိတ်လျှင် ငွေကျပ် ၅၀၀၀ ဖြင့် ရောင်းချရပြီး အကျိုးအမြတ်အနေဖြင့် ပဲတောင့်အထွက်နှုန်းနှင့် ဈေးနှုန်းအတက်အကျအပေါ် မူတည်၍ ပျမ်းမျှ ငွေကျပ် ၁၆ သိန်းခန့် ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် တိုင်ထောင်ပဲသီးများကို ကုန်စိမ်းပွဲစားများက ရွှေတောင်မြို့ပေါ်သို့ ရောင်းချခြင်းအပြင် ရန်ကုန်မြို့သို့ တင်ပို့ရောင်းချကြောင်း သိရသည်။

# ဥယျာဉ်ကျေးရွာ၌ မိုးနှမ်းဈေးနှုန်း ကောင်းမွန်၍ တောင်သူများ အကျိုးအမြတ်ရရှိ

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ် ပန်းတော်ပြင်ကျေးရွာအုပ်စုရှိ ဥယျာဉ်ကျေးရွာတွင် စပါး၊ နှမ်း၊ ပဲမျိုးစုံနှင့် စားဖိုဆောင်သီးနှံများကို ရာသီအလိုက် စိုက်ပျိုးလျက်ရှိပြီး မိုးနှမ်း ဧက ၂၅၀ စိုက်ပျိုးထားရှိကြောင်း၊ နှမ်းကို မေလတွင် စိုက်ပျိုးပြီး ဩဂုတ်လတွင် ရိတ်သိမ်းပြီးစီးကြောင်း သိရသည်။



မျိုးအနေဖြင့် နှမ်းဖြူမျိုးကို ထွန်ကြောင်းဆွဲအစေ့ချစနစ်ဖြင့် စိုက်ပျိုးပြီး တစ်ဧကလျှင် မျိုးသုံးပြည်ခန့်ကုန်ကျကြောင်း၊ စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်အားခ အပါအဝင် တစ်ဧကလျှင် ငွေကျပ် သုံးသိန်းခန့် ကုန်ကျပြီး တစ်ဧကလျှင် ၁၀-၁၃ တင်းခန့် ထွက်ရှိရာ မြေအနေအထားနှင့် သီးနှံဖြစ်ထွန်းအောင်မြင်မှုအပေါ် မူတည်၍ အထွက်နှုန်း ကွာခြားမှုရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် တစ်တင်းလျှင် ငွေကျပ် ၁၂၇၀၀၀-၁၃၅၀၀၀ဖြင့် ရောင်းချရပြီး အကျိုးအမြတ်အနေဖြင့် ငွေကျပ် ၁၀ သိန်းခန့် ရရှိကြောင်း သိရသည်။

ပြည်တွင်း ဈေးကွက်အနေဖြင့် နှမ်းသီးနှံများကို အထက်မင်းလှမြို့ရှိ ပွဲရုံများသို့ ရောင်းချပြီး ပွဲရုံများမှတစ်ဆင့် မန္တလေးမြို့နှင့် ရန်ကုန်မြို့များသို့ တင်ပို့ကြောင်း၊ ပြည်ပဈေးကွက်အနေဖြင့်ရန်ကုန်မြို့မှ တစ်ဆင့် တရုတ်နိုင်ငံနှင့် စင်ကာပူနိုင်ငံများသို့ တင်ပို့ကြောင်း၊ အထက်မင်းလှမြို့နယ်၌ ယခုနှစ် မိုးနှမ်းစိုက်ပျိုးမှုတွင် အထွက်နှုန်းလျော့နည်းသော်လည်း ပြည်တွင်းစားသုံးမှု မြင့်မားပြီး ပြည်ပဝယ်လိုအားကောင်းကာ ဈေးကွက်ခိုင်မာမှုရှိသော နှမ်းသီးနှံများ ဈေးနှုန်းမြင့်တက်ပြီး အရောင်းအဝယ်ဖြစ်လျက်ရှိသောကြောင့် နှမ်းစိုက်တောင်သူများ အကျိုးအမြတ်ရရှိကြောင်း သိရသည်။

**သတင်းရင်းမြစ်**
**စီးပွား/ကူးသန်း**

## ၂၅-၉-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ရေတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၇၁၀၀ | ၂၈၀၀၀ | - | ၂၀၀၀၀ | ၁၀၀၀၀ | ၂၄၀၀၀ | ၁၈၀၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၂၅၀၀ | ၁၇၀၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၃၀၀၀၀ | ၂၃၀၀၀ | ၂၈၀၀၀ | ၃၀၀၀၀ | ၂၈၀၀၀ |
| ၂ | ကျိုင်းတုံ | ၄၅၀၀ | | ၇၇၀၀ | ၂၀၀၀၀ | - | ၁၆၀၀၀ | ၃၅၀၀ | ၁၅၀၀၀ | ၁၅၅၀၀ | ၁၀၅၀၀ | ၁၀၀၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၉၀၀၀ | ၂၇၀၀၀ | ၂၅၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၄၅၀ | ၃၄၀၀ | ၇၀၀၀ | ၁၈၀၀၀ | ၇၈၀၀ | ၁၇၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၇၅၀၀ | ၉၀၀၀ | ၆၀၀ | ၉၅၀၀ | ၇၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၄ | လှိုင်ကော် | ၄၂၀၀ | | ၈၅၀၀ | ၂၂၀၀၀ | ၇၇၀၀ | ၁၂၀၀၀ | ၂၆၀၀ | ၁၄၀၀၀ | | | ၆၀၀၀ | ၈၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၄၅၀၀ | ၇၀၀၀ | ၅၈၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၅၀၀၀ | ၁၆၀၀၀ |
| ၅ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၇၅၀၀ | ၁၅၀၀၀ | ၃၅၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၇၅၀၀ | ၇၀၀၀ | ၆၅၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၉၀၀၀ |
| ၆ | မော်လမြိုင် | ၃၄၀၀ | | ၅၆၀၀ | ၁၉၀၀၀ | ၇၄၆၅ | ၁၂၀၀၀ | ၃၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၇၀၀ | | ၆၆၀၀ | ၁၈၅၀၀ | ၇၆၈၀ | ၁၄၀၀၀ | ၃၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၅၅၀၀ | ၉၀၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | |
| ၈ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၁၇၀၀၀ | ၇၉၀၀ | ၁၅၀၀၀ | ၃၂၀၀ | ၁၅၅၀၀ | ၁၉၅၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၇၃၀၀ | ၇၀၀၀ | ၆၅၀၀ | ၁၇၅၀၀ | ၂၄၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | |
| ၉ | ရန်ကုန် | ၃၄၀၀ | | ၅၅၀၀ | ၂၄၀၀၀ | ၇၂၅၀ | ၁၅၀၀၀ | ၃၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၇၅၀၀ | ၇၂၀၀ | ၈၀၀၀ | ၇၅၀၀ | ၅၂၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၂၃၀၀၀ | ၂၈၀၀၀ | ၈၀၀၀ |
| ၁၀ | ပုသိမ် | ၃၃၀၀ | | ၅၀၀၀ | ၂၀၀၀၀ | ၇၆၅၀ | ၇၀၀၀ | ၂၅၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၄၀၀ | ၉၀၀၀ | ၇၂၀၀ | ၇၀၀၀ | ၇၅၀၀ | ၅၂၀၀ | ၁၆၀၀၀ | ၁၂၈၀၀ | ၁၂၈၀၀ | ၁၉၈၀၀ | ၉၀၀၀ |
| ၁၁ | ဟားခါး | | | ၁၀၀၀၀ | ၂၆၀၀၀ | - | ၄၅၀၀၀ | ၆၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၄၀၀ | | ၁၅၅၀၀ | | ၆၀၀၀ | ၈၀၀၀ | ၂၀၀၀၀ | ၂၈၀၀၀ | ၂၈၀၀၀ | | ၂၂၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | ၃၇၀၀ | ၆၅၀၀ | ၁၆၅၀၀ | ၇၉၀၀ | ၁၄၀၀၀ | ၂၅၀၀ | ၁၃၅၀၀ | ၁၈၀၀၀ | ၁၀၅၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၇၀၀ | ၅၅၀၀ | ၄၀၀၀ | ၅၅၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ |
| ၁၃ | မန္တလေး | ၄၀၀၀ | | ၆၄၀၀ | ၂၁၀၀၀ | ၇၈၅၀ | ၁၃၀၀၀ | ၂၅၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၈၀၀ | ၈၇၀၀ | ၈၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၅၂၀၀ | ၁၆၀၀၀ | ၂၆၀၀၀ | ၂၄၀၀၀ | ၂၇၀၀၀ | ၁၄၀၀၀ |
| ၁၄ | ပခုက္ကူ | ၃၃၀၀ | | ၅၈၀၀ | ၁၈၅၀၀ | ၇၈၀၀ | ၉၀၀၀ | ၂၂၀၀ | ၁၃၀၀၀ | ၁၇၅၀၀ | ၁၀၀၀၀ | ၅၅၀၀ | ၇၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၅၅၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၁၀၀၀ |
| ၁၅ | မကွေး | ၄၃၀၀ | | ၆၆၅၀ | ၁၆၀၀၀ | ၇၇၅၀ | ၁၄၀၀၀ | ၂၇၀၀ | ၁၅၀၀၀ | ၁၅၅၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀ | ၇၀၀၀ | ၈၂၆၀ | ၄၅၀၀ | ၅၀၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၇၆၀၀ | ၉၅၀၀ | ၂၆၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | | ၆၀၀၀ | ၄၅၀ | ၁၀၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၆၅၀၀ | ၅၂၀၀ | ၁၄၀၀၀ | ၁၆၅၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၇၆၀၀ | ၁၀၀၀၀ | ၂၆၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၄၅၀ | ၉၀၀၀ | ၇၅၀၀ | ၅၅၀၀ | ၆၂၀၀ | ၅၅၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၈၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၂၁၀၀၀ | ၇၇၂၀ | ၁၁၅၀၀ | ၂၆၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၉၂၀၀ | ၄၈၀၀ | ၆၀၀ | ၉၀၀၀ | ၇၆၀၀ | ၆၂၀၀ | ၆၀၀၀ | ၅၂၀၀ | ၁၆၅၀၀ | ၂၂၀၀၀ | ၁၉၅၀၀ | ၂၄၀၀၀ | ၁၃၂၀၀ |
| ၁၉ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၂၁၀၀၀ | ၇၇၂၀ | ၁၂၀၀၀ | ၂၈၀၀ | ၁၄၀၀၀ | ၁၈၅၀၀ | ၁၀၀၀၀ | ၅၂၀၀ | ၆၀၀ | ၉၅၀၀ | ၈၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၅၂၀၀ | ၁၆၅၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၁၃၆၀၀ |
| ၂၀ | ကလေး | ၃၈၀၀ | ၃၃၀၀ | | ၁၈၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၄၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၁၂၅၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၆၅၀၀ | ၇၅၀၀ | ၂၃၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | | ၁၇၀၀၀ |

# ထားဝယ်မြို့၌ ရေဘေးဒဏ်ခံစားရသောဒေသများရှိ ပြည်သူများအား လှူဒါန်းသော အလှူငွေပေးအပ်ပွဲအခမ်းအနား ကျင်းပ

ထားဝယ် စက်တင်ဘာ ၂၅

မြန်မာနိုင်ငံအနှံ့အပြားတွင် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ပြီး ရေဘေးဒဏ်ခံစားရသောဒေသများရှိ ပြည်သူများအားလှူဒါန်းသော အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးများနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများမှ လှူဒါန်းငွေကျပ် ၁၈၄ ဒသမ ၉၆ သိန်း၊ ထားဝယ်ခရိုင် လုပ်ငန်းရှင်များနှင့် စေတနာရှင် အလှူရှင်များက လှူဒါန်းငွေ ၁၁၃၂ ဒသမ ၅ သိန်း၊ မြိတ်ခရိုင်လုပ်ငန်းရှင်များ၊ စေတနာရှင် အလှူရှင်များက လှူဒါန်းငွေ ၂၅၇၂ သိန်း၊ ကော့သောင်းခရိုင်လုပ်ငန်းရှင်များ၊ စေတနာရှင် အလှူရှင်များက လှူဒါန်းငွေ ၃၅၄ ဒသမ ၅ သိန်း၊ဘုတ်ပြင်းခရိုင် ဌာနဆိုင်ရာများက လှူဒါန်း ငွေ ၇၅ ဒသမ ၅ သိန်း စုစုပေါင်း ၄၈၁၉ ဒသမ ၄၆ သိန်းနှင့် အမျိုးသမီးရေးရာအဖွဲ့က လှူဒါန်းငွေ ငါးသိန်း၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ် ရေးအဖွဲ့က လှူဒါန်းငွေကျပ် ငါးသိန်း ပေးအပ်လှူ ဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ ဒုတိယတိုင်းမှူးနှင့်တိုင်းဒေသကြီး ဝန်ကြီးများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။




အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက မြန်မာနိုင်ငံအနှံ့အပြားတွင် ရာဂီမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုနှင့် ပတ်သက်၍ ပြန်လည်ထူထောင်ရန်၊ လိုအပ်သောနေရာများတွင် အထောက်အကူပြုနိုင်စေရန်၊ ဆိုးရွားသောအခြေအနေများမှ ပုံမှန်အနေအထား ပြန်လည်ရောက်ရှိရန်အတွက် လိုအပ်သည်များကို တိုင်းဒေသကြီးအနေဖြင့် တစ်ထောင့်တစ်နေရာမှ လှူဒါန်း ဆောင်ရွက်ရခြင်း ဖြစ်ကြောင်း၊ ယနေ့ အခမ်းအနားသည် ဘေးအန္တရာယ်ဒဏ်ခံစားနေရသူများအတွက် တစ်ထောင့်တစ်နေရာမှ လူသားချင်း စာနာထောက်ထားမှုများ၊ နိုင်ငံသားများ ဒုက္ခရောက်နေမှုကို ဝိုင်းဝန်းကူညီဆောင်ရွက်မှုများ၊ စေတနာ၊ အကြင်နာထားပြီး မေတ္တာဖြင့် ပေးကမ်းမှုများသည် ခွန်အားတစ်ခုအဖြစ် ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြစ် ကြောင်း၊ ရေဘေးဒဏ်ခံစားရသော ဒေသများရှိပြည်သူများအား လာရောက်လှူဒါန်းပေးသည့်အတွက် ဒုက္ခရောက်သူများအား စာနာပေးမှုများ၊ အသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကတစ်ဦးချင်း လှူဒါန်းသူများကို ရေဘေးဒဏ်ခံစားနေရသူများ ကိုယ်စား တိုင်းဒေသကြီးအနေဖြင့် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့်တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စေတနာရှင်၊ အလှူရှင်များတက်ရောက်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



နှစ်(၆၀) ပြည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အလုံခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ရဲတပ်ဖွဲ့ဝင်များနှင့် အလုံမြို့နယ် ရဲတပ်ဖွဲ့ဝင်အင်အား ၅၀ တို့က စက်တင်ဘာ ၂၄ ရက် နံနက် ၇ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် သစ်တောရပ်ကွက် ကမ်းနားလမ်းရှိ အမှတ် (၇) အခြေခံပညာအထက်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေးပြုလုပ်ကြစဉ်။

မြို့နယ်(ပြန်/ဆက်)



နှစ်(၆၀)ပြည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၅ ရက်က တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့ အမှတ်(၃) ရပ်ကွက်ရှိ နာဂလျာဏီ သိမ်တော်ဘုရားကုန်းပေါ်တွင် ပုလောမြို့နယ် ရဲတပ်ဖွဲ့ မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဝင်းထိုက် ဦးဆောင်၍ တပ်ဖွဲ့ဝင် ၁၈ ဦးက ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

အေးအေးမော် (ပုလော)


❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။



## "အများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သာယာကုန်းရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ်(၁၅၀/၁၅၂)၊ ၆-လွှာ(အေ)ရှိ ဧရိယာ အကျယ်အဝန်း (၂၅ ပေ x ၈၂ ပေ) ရှိသော တိုက်ခန်းနှင့် တိုက်ခန်းအတွင်းရှိ အကျိုးခံစားခွင့် အရပ်ရပ်များအားလုံးကို ရောင်းချသူ ဒေါ်ဝေဝေအောင် [၁၂/မဂတ(နိုင်)၀၁၉၃၉၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေ တိုက်ခန်းဝယ်ယူသူ ဒေါ်သီဂီဝင်း [၁၂/တမန(နိုင်)၁၄၁၈၀၈] မှ (၁၅-၇-၂၀၂၄)ရက်နေ့တွင် အထက်ဖော်ပြပါ တိုက်ခန်းအား အပြီးအပိုင်ဝယ်ယူ ပြီးစီးပြီးနောက် တိုက်ခန်းအား လက်ရောက်ရရှိနေထိုင်ပြီးဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ဒေါ်သီဂီဝင်း၏ လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်အိရွှေစင်**
**(တရားလွှတ်တော်ရှေ့နေ) စဉ်-၁၅၂၇၂/၂၇-၁၂-၂၀၁၈**
**အမှတ်-၅၈(B-4)၊ အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၀၀၇၆၉၂၄**



## ပျောက်ဆုံးကြောင်း

လှဖုန်း (ဘ) ဦးသန်းရှိန် [၁၂/ဥကမ(နိုင်)၀၁၉၈၉၁]ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ် (651491)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**Ph:09-43131816**



## တောတောင် ပျက်ပြုန်း မြေဆီ သုဉ်း၏



## "အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်(ထ/၄၃)၊ အောင်ရတနာလမ်း၊ မြေကွက်အမှတ်(၁၆၁/က)ဟုခေါ်တွင်သော အကျယ်အဝန်း အလျား(၂၀)ပေx အနံ(၆၀)ပေရှိ မြေကွက်သည် ဦးချစ်ဆွေ အမည်ပေါက် ပါမစ်မြေကွက်ဖြစ်ပြီး အဆိုပါ ပါမစ်မူရင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်၊ ရေ+မီးအပါအဝင် အိမ်ခြံမြေနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင်ထံမှ ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်သန္တာဝင်း [၁၂/အစန(နိုင်) ၂၅၂၆၁၃]မှ လက်ရှိပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းခြင်းကို ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ ဦးမင်းကို [၈/မသန(နိုင်) ၁၈၁၀၂၄]နှင့် ဒေါ်မြနှင်းဝေ [၈/မသန(နိုင်) ၁၅၈၀၃၁]တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်ရန်ရှိပါက (၁၀-၁၀-၂၀၂၄)ရက်နေ့ နောက်ဆုံးထားပြီး ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အထက်ဖော်ပြပါ နှစ်ဦးသဘောတူ အိမ်ခြံမြေအပြီးအပိုင်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမင်းကိုနှင့် ဒေါ်မြနှင်းဝေတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝင့်ဝင့်ထွန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၀၆၉)**
**အမှတ်(၁၈၉)၊ အောင်ကျက်သရေလမ်း၊ (၁၂)ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း- ၀၉-၂၆၁၁၀၀၁၁၃၄**



## မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။



## ပတ်စ်ပို့ ပျောက်ဆုံးကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့၊ ဝါးနတ်ချောင်းအုပ်စု၊ ငှက်တော်ရွာနေ (ဘ) ဦးမြင့်သိန်း၏ သား မောင်သန်းဇော် [၁၄/မမက(နိုင်) ၁၄၃၈၈၃] ၏ နိုင်ငံကူးလက်မှတ် နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၅၁၈၆၈၄၄**



## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၃၆-ဂျေ၊မြေကွက်အမှတ်-၁၁၃ အိပ်ချ်/၁ဘီ၊ဧရိယာ(၀.၀၉၇)ဧက၊မြေကွက်တည်နေရာအမှတ်(၆)၊ကမ္ဘာ့ဇလမ်း၊ရွှေတောင်ကြား(၁)ရပ်ကွက်၊ဗဟန်းမြို့နယ်၊ဒေါ်အမာနီ(၁၂/ဗဟန(နိုင်)၀၇၃၄၀၆)အမည်ပေါက်မြေပိုင်မြေအားအမည်ပေါက်(မိခင်)ဒေါ်အမာနီသည်(၁၆-၁၀-၂၀၂၀)ရက်နေ့နှင့်(ဖခင်)ဦးတင်ဝင်းသည်(၁၂-၁၂-၂၀၀၉)ရက်နေ့တို့တွင်အသီးသီးကွယ်လွန်သဖြင့်သားသမီးများဖြစ်သောဒေါ်မိမိဝင်း(၁၂/ဗဟန(နိုင်)၀၉၄၈၀၄)၊ဦးဝင်းမောင်(၁၂/ဗဟန(နိုင်)၀၁၇၄၀၇)တို့မှသားသမီးအရင်းများဖြစ်ပြီးငှင်းတို့မောင်နှမ(၂)ဦးတည်းကိုသာမွေးဖွားခဲ့ကြောင်းအခြားသောသားသမီး/မွေးချင်းတစ်ဦးတစ်ယောက်မျှမရှိကြောင်းနှင့်ကိတ္တိမသားသမီးများလည်းမွေးစားထားခဲ့ခြင်းလုံးဝမရှိကြောင်း၊ငှင်းတို့မောင်နှမ(၂)ဦးမှသာလျှင်မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရတရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းအခြားသောအမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိပါကြောင်းကျောက်တံတားခရိုင်တရားရုံးမှတ်ပုံတင်အမှတ်-၂၀၁/၂၀၂၄(၁၅-၇-၂၀၂၄)ရက်နေ့ကျမ်းကျိန်လွှာ၊ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ဒေါ်အမာနီနှင့်ဦးတင်ဝင်းတို့၏သေဆုံးမှုလက်မှတ်များ၊အိမ်ထောင်စုလူဦးရေစာရင်း၊၂၀၁၄-၂၀၁၅ခုနှစ်သုံးခွဲစိတ်တိုင်းတာသည့်မြေပုံ၊အမည်ပေါက်ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်-၅၆၉၄/၂၀၁၁(၁၅-၉-၂၀၁၁)နှင့်အမှားပြင်စာချုပ်အမှတ်-၉၅၆/၂၀၁၂(၂၁-၂-၂၀၂၂)၊၂၀၁၅ခုနှစ်တွင်SPဒေါ်ကြည်ကြည်ငွေးမှထုတ်ယူခဲ့သောအပိုင်ပေးစာချုပ်ချုပ်ဆိုရန်မြေပုံကူးမှာအပိုင်ပေးကမ်းမှုပြုလုပ်စာချုပ်ချုပ်ဆိုခဲ့ခြင်းလုံးဝမရှိဘဲအထားအသိုမှားယွင်းကာပျောက်ဆုံးသွားခဲ့ပါကြောင်းအလုံခရိုင်တရားရုံးစာအမှတ်-၃၆၅၂/၂၀၂၄(၂-၉-၂၀၂၄)ရက်နေ့ကျမ်းကျိန်လွှာ၊နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်နိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



## "အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်(၁၀)၊ ဗိုလ်မင်းရောင်လမ်း၊ မြေကွက်အမှတ်(၅၄၄)ဟုခေါ်တွင်သော အကျယ်အဝန်း အလျား(၄၀)ပေ x အနံ(၆၀)ပေရှိ မြေကွက်သည် ဒေါ်အေးမြိုင် အမည်ပေါက် ပါမစ်မြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်ကြီးအနက်မှ အလျားxအနံ(၂၀x၆၀)ပေ ပါမစ်မူရင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်၊ ရေ+မီးအပါအဝင် အိမ်ခြံမြေနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ဖြူဖြူဝင်း[၁၂/လကန(နိုင်)၀၃၁၃၀၈]မှ လက်ရှိပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းခြင်းကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သီတာ[၁၄/သပန(နိုင်)၁၀၆၈၀၁]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်ရန်ရှိပါက(၃-၁၀-၂၀၂၄)ရက်နေ့ နောက်ဆုံးထားပြီး ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အထက်ဖော်ပြပါ နှစ်ဦးသဘောတူအိမ်ခြံမြေအပြီးအပိုင်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သီတာ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင့်ဝင့်ထွန်း(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၀၆၉)**
**အမှတ်(၁၈၉)၊ အောင်ကျက်သရေလမ်း၊ (၁၂)ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၂၆၁၁၀၀၁၁၃၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ ဓမ္မဇေယျဝတီလမ်း (ဗဟိုလမ်း)၊ အမှတ်-၃၆၊ ၅-လွှာ၊ စတုတ္ထထပ်၊ ခေါင်းရင်းခန်း၊ အကျယ် (၂၀ x ၅၀) ပေခန့်ရှိ တိုက်ခန်းအကျိုးခံစားခွင့်အရပ်ရပ်တို့အား ပိုင်ရှင်ဖြစ်သူ ဦးတင့်လွင် [၁၂/စခန(နိုင်)၀၄၆၉၀၁] ထံမှ ကျွန်ုပ်တို့မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လူကိုယ်တိုင် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်း မရှိပါက အရောင်းအဝယ်ကိစ္စအား ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးကျော်နိုင်ဦး (ဥပဒေဘွဲ့) (စဉ်-၈၇၆၂)**

**ဒေါ်ကျော့ကျော့စံ (ဥပဒေဘွဲ့) (စဉ်-၁၃၄၈၅)**

**တရားလွှတ်တော်ရှေ့နေများ**

**အမှတ်(၅၅)၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၈၆၅၄၉၈၉၂၅၊ ၀၉-၇၇၇၅၀၅၇၃၇**

## "သက်ဆိုင်သူများနှင့်တကွ အများသိစေရန်ကြေညာခြင်း"

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော (၁)ဒေါ်ဒီလ်ဘား[၁၂/သဃက(နိုင်)၀၀၂၂၁၇]၊ (၂)ဦးစည်သူအောင်(TGKN-၀၆၇၆၃၃)၊ (၃)ဒေါ်စကီနာ(B/RGN-၀၁၀၃၉၂)၊ (၄)ဦးမောင်မောင်လှ[၁၂/သဃက(နိုင်)၀၂၁၅၁၆]၊ (၅)ဦးမျိုးမြင့်[၁၂/သဃက(နိုင်)၁၆၉၃၂၁]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (ခ)ရပ်ကွက်၊ ဦးဖေသင်လမ်း၊ အမှတ်(၉) (သို့မဟုတ်) မြေတိုင်းရပ်ကွက်အမှတ်(၅၀)၊ ဦးပိုင်အမှတ်(၁၁၄)၊ ဘိုးဘွားပိုင်မြေအမျိုးအစား၊ ဆလွန်းအမားပါ(၁၂)အမည်ပေါက် မြေကွက်ကြီးထဲမှ ဧရိယာဧက(၀.၃၀၂)ရှိ အကျယ်အဝန်းအနက် (၁) ဒေါ်ဒီလ်ဘား (၁၇ ပေ x ၅၄½ ပေ)၊ (၂) ဦးစည်သူအောင် (၁၈ ပေx၆၀ ပေ)၊ (၃)ဒေါ်စကီနာ၊ (၄)ဦးမောင်မောင်လှ၊ (၅) ဦးမျိုးမြင့်တို့(၃)ဦးက (၄၄ ပေ x ၅၄ ပေ) တို့ကို မူလပိုင်ရှင် အမွေဆက်ခံသူများထံမှ စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ကြခြင်းဖြစ်ပြီး အဆိုပါမြေကွက်များကို ကာလတန်ဖိုး အဖိုးစားနားဖြင့် အများအသိအမှတ်ပြု ဝယ်ယူနေထိုင်လာခဲ့ကြခြင်းဖြစ်ပြီး ကျွန်ုပ်မိတ်ဆွေများ၏ ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာအောင် ရည်ရွယ်ချက်ရှိရှိဖြင့် မိမိတို့၏ကိုယ်ကျိုးအတွက် ရည်ရွယ်ကာ ဥပဒေနှင့်မညီသော ကန့်ကွက်ဟန့်တားနှောင့်ယှက်ခြင်းများပြုလုပ်သူ မည်သူမဆို ဥပဒေနှင့်အညီ ထိရောက်စွာ အမှုဖွင့်တိုင်ကြားသွားမည်ဖြစ်ပါကြောင်း သက်ဆိုင်သူ များနှင့်တကွ အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်နီလာရွှေ LL.B, H.R.M, (ADVOCATE)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၀၄၉/၁၃)**

**ဖုန်း-၀၉-၄၃၁၅၇၁၃၈**

## ဦးကျော်ရဲလင်း [၇/တငန(နိုင်)၂၀၁၈၈၁] နှင့် အများသိစေရန် သတိပေးကြေညာခြင်း

ကျွန်ုပ်တို့မိတ်ဆွေ ဒေါ်ခိုင်ဇာမော်နှင့် ဦးကျော်ရဲလင်းတို့သည်(၁၇-၆-၂၀၂၁) ရက်နေ့တွင် လက်ထပ်ပေါင်းသင်းခဲ့စဉ်က ကျွန်ုပ်တို့မိတ်ဆွေ ဒေါ်ခိုင်ဇာမော်မှာ နေအိမ်အတည်တကျနေထိုင်နိုင်ခြင်းမရှိ၍ ဒေါ်ခိုင်ဇာမော်၏ အစ်မများဖြစ်ကြသည့် ဒေါ်မိုးမိုးနိုင်နှင့် ဒေါ်ကြည်ကြည်ခိုင်တို့၏ ငွေကြေးဖြင့် ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁/ထူပါရုံရပ်ကွက်၊ ထူပါရုံ(၇)လမ်း၊ အမှတ်-၉၈၄(၄-လွှာ)နေအိမ်တိုက်ခန်းနှင့် YGN CC-9955 Toyota Vitz တက္ကစီမော်တော်ယာဉ်(၁)စီးတို့ကို ဒေါ်ခိုင်ဇာမော် အမည်ခံ၍ ဝယ်ယူစေခဲ့ခြင်းဖြစ်၍ ယင်းတိုက်ခန်းနှင့် မော်တော်ယာဉ်တို့မှာ လူကြီးမင်းနှင့် ဒေါ်ခိုင်ဇာမော်တို့၏ လက်ထပ်ပွားပစ္စည်းမဟုတ်ပါ။ သို့ပါ၍ အထက်ပါ တိုက်ခန်းနှင့် ယာဉ်အမှတ်-CC-9955 Toyota Vitz မော်တော်ယာဉ်တစ်စီးတို့ကို ကျွန်ုပ်တို့မိတ်ဆွေ၏ သဘောတူခွင့်ပြုချက်မရှိဘဲ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ မပြုလုပ်ရန်နှင့် ယင်းသို့ပြုလုပ်ဆောင်ရွက်ပါက ကျွန်ုပ်တို့၏မိတ်ဆွေက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးကျော်ရဲလင်းနှင့် အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးထွန်းထွန်းလွင် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၁၉၆)**

**ဦးဇော်မျိုးဝင်း(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၇၀၈)**

**အမှတ်-၁၀/၁၂၊ အခန်း-(၁၀၂-ပထပ်)၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၆၂၂၉၇၃၂၊ ၀၉-၇၇၄၉၁၇၁၁၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ စမ်း/တောင်ရပ်ကွက်၊ မင်းလမ်း၊ အမှတ်(၆၂) တည်ရှိရာ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၇စီ^၁)၊ မြေကွက်အမှတ်(၃၆၈)၊ မြေအမျိုးအစား နှစ်(၆၀)မြေငှားဂရန်၊ မြေအမည်ပေါက် ဦးသက်တင်၊ ဒေါ်အေးသွယ်တို့၏ မြေကွက်ဖြစ်ပါသည်။ (ဖခင်) ဦးသက်တင်သည် (၁၈-၃-၁၉၈၈) ရက်နေ့တွင် လည်းကောင်း၊ (မိခင်)ဒေါ်အေးသွယ်သည် (၂၉-၇-၂၀၀၉) ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ကြပြီး ၎င်းတို့၏ သားသမီးအရင်း(၆)ဦးဖြစ်ကြသော ဦးသိန်းမြင့်၊ ဦးအောင်ထွဋ် (၂၉-၁၂-၂၀၁၁ ကွယ်လွန်)၊ ဦးအေးသက်(၁၂-၇-၂၀၂၁ ကွယ်လွန်)၊ ဒေါ်မန်းမန်း၊ ဒေါ်စန်းစန်း၊ ဒေါ်လဲ့လဲ့ဝင်း(၁၆-၇-၂၀၂၁ ကွယ်လွန်) တို့ကိုသာ မွေးဖွားခဲ့ပြီး အခြားကိတ္တိမမွေးစားသားသမီး မကျန်ရှိသည်မှာ မှန်ကန်ကြောင်း၊ ကွယ်လွန်သူ(သား)ဦးအောင်ထွဋ်၏ ဇနီးဖြစ်သူ ဒေါ်လှဦးနှင့် ကွယ်လွန်သူ (သမီး) ဒေါ်လဲ့လဲ့ဝင်း၏ခင်ပွန်းဖြစ်သူ ဦးခင်မောင်ဝင်းတို့သည် မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ တရားဝင်အမွေဆက်ခံကြောင်း၊ ကွယ်လွန်သူ(သား)ဦးအေးသက်သည် (လူပျိုကြီးဘဝဖြင့်)ကိတ္တိမမွေးစားသားသမီး မကျန်ရှိဘဲ ကွယ်လွန်ခဲ့သည်မှာ မှန်ကန်ကြောင်း၊ ကွယ်လွန်သူတို့နှင့် ကျမ်းကျိန်ဆိုသူတို့သည် ဗုဒ္ဓဘာသာ ကိုးကွယ်သူများဖြစ်ပြီး မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ တရားဝင်အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း ဦးသိန်းမြင့်[၁၂/စခန(နိုင်)၀၀၄၃၈၄]၊ ဒေါ်မန်းမန်း[၁၂/စခန(နိုင်)၀၀၅၀၄၇]၊ ဒေါ်လှဦး[၁၂/စခန(နိုင်)၀၀၃၉၇၀]၊ ဒေါ်စန်းစန်း[၁၂/စခန(နိုင်)၀၀၅၀၇၂]၊ ဦးခင်မောင်ဝင်း[၁၂/ကမရ(နိုင်)၀၀၈၁၁၄] တို့မှ အမည်ပေါက်၏ သားသမီး၊ သားမက်နှင့် ချွေးမတို့တော်စပ်ကြောင်း လသာမြို့နယ်တရားရုံးတွင် ကျိန်ဆိုသည့်ကျမ်းကျိန်လွှာအမှတ်-၄/၄၂၃/၂၀၂၄ (၈-၄-၂၀၂၄)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေဆုံးမှုလက်မှတ်၊ မြေငှားဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် မြေစာရင်းမှတ်ချက်ပါ (၁၉၈၈) ခုနှစ်တွင် ကူးယူခဲ့သော မြေပုံ၊ မြေရာဇဝင်သည် အဆောက်အဦပြင်ဆင်ရန်အတွက်ဖြစ်ကြောင်းနှင့် (၁၉၉၂)ခုနှစ်တွင် ကူးယူခဲ့သော မြေပုံ၊ မြေရာဇဝင်သည် အဆောက်အဦဆောက်လုပ်ရန်အတွက်ဖြစ်ကြောင်း လသာမြို့နယ် တရားရုံးတွင်ကျိန်ဆိုသော ကျမ်းကျိန်လွှာအမှတ်-၇/၁၃၁၉/၂၄(၂၅-၇-၂၀၂၄) တို့ကို တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)(ကိုယ်စား)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁)ထူပါရုံအနောက်ရပ်ကွက်၊ ဇင်္ဂမလမ်းပေါ်တွင် ဆောက်လုပ်ထားသည့် တိုက်အမှတ်(၇၃၃/က+ခ)၊ အခန်းအမှတ်(4.B) ဟုခေါ်တွင်သော (၂)ခန်းတွဲ၊ (၈)ထပ်တိုက်အပြင် Penthouse (၁)ခန်းအပါအဝင် စုစုပေါင်း အခန်း(၁၇)ခန်းပါဝင်သော အဆောက်အဦ၏ တတိယထပ်၊ (၄)လွှာ၊ အကျယ်အဝန်း(၁၈ ပေ x ၅၁ ပေ)ရှိ မီနီကွန်ဒိုတိုက်ခန်းနှင့် ယင်းမီနီကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကန်ထရိုက်တာဖြစ်သူ **ဦးအောင်ထွန်း [၁၂/ဒဂတ(နိုင်)၀၁၈၂၇၇]** က ၎င်းတရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်ကြသည့် **ဦးရွှေမင်းပိုင်[၁၄/ရကန(နိုင်)၀၉၉၃၇၆]**နှင့် **ဒေါ်မွန်မွန်အောင်[၁၄/ရကန(နိုင်)၀၉၉၃၁၅]** တို့မှ ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါ မီနီကွန်ဒိုတိုက်ခန်းနှင့် ယင်းမီနီကွန်ဒိုတိုက်ခန်း၏ နေထိုင်သုံးစွဲပိုင်ခွင့်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်မင်းသူ့နှီးဖြိုး [LL.B, D.I.P.L, DL-101 WIPO (Switzerland)] [တရားလွှတ်တော်ရှေ့နေ] (စဉ်-၁၂၈၄၆)**

**ဒေါ်စုစုမွန် [LL.B, D.B.L, D.I.L, D.I.P.L, DL-101 WIPO (Switzerland)] [တရားလွှတ်တော်ရှေ့နေ] (စဉ်-၁၃၄၉၆)**

**ဖုန်း-၀၉-၇၉၉၆၆၄၅၅၇၊ ၀၉-၇၈၁၅၃၅၈၂၄၊ ၀၉-၅၀၄၉၁၇၄**

**အမှတ်-၃၀၂(၁၂+၁)၊ Parami Condominium၊ ဦးသင်းဖေလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ရန်ကုန်မြို့။**

## "အများသိစေရန်"

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော **မောင်အောင်ဇော်မျိုး** [၁၂/ဥကတ(နိုင်)၁၅၉၉၉၆] နှင့် **မကေခိုင်မိုး** [၁၂/သကတ(နိုင်)၁၄၂၄၈၄] တို့သည် ၂၄-၄-၂၀၂၄ ရက်နေ့တွင် ဂုဏ်သရေရှိရပ်မိရပ်ဖအသိသက်သေများဖြစ်သော ဦးသက်ကိုကိုဦး [၁၂/ဥကတ(နိုင်)၁၆၀၃၆၈] နှင့် ဦးသိန်းဇော် [၁၂/ဥကတ(နိုင်)၀၃၇၀၇၉] တို့ ရှေ့မှောက်တွင် "လက်ထပ်ထိမ်းမြားခြင်းကတိစာချုပ်" ပြုလုပ်၍ မြန်မာ့ဓလေ့ထုံးတမ်းနှင့်အညီ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ် လက်မှတ်ရေးထိုးလက်ထပ်ပေါင်းသင်းခဲ့ကြပြီး တရားဝင်အကြင်လင်မယားများဖြစ်ကြပါကြောင်း မောင်အောင်ဇော်မျိုးနှင့် မကေခိုင်မိုးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်ကြေညာအပ်ပါသည်။

**မောင်အောင်ဇော်မျိုးနှင့် မကေခိုင်မိုးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအာကာလင်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၄၃၄/၂၀၂၁)**

**အမှတ်(၈၅၈)၊ အင်းဝလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**

**ဖုန်း-၀၉-၂၆၄၁၉၉၂၈၈၊ ၀၉-၂၆၀၃၉၉၀၃၅**

## အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ထားဦး [၁၂/ဥကမ(နိုင်)၀၈၉၇၃၄] ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၇၁)၊ တရားဝင်ဂရန်ခွဲထုတ်ရန်ကျန်ရှိသည့် မြေကွက်အမှတ်(၅၀၉၊ ၅၁၀၊ ၅၁၁၊ ၅၁၂၊ ၅၁၃၊ ၅၅၅၊ ၅၅၆၊ ၅၅၇၊ ၅၅၈၊ ၅၅၉/က) ဟုခေါ်တွင်သော ဧရိယာ(၁၀၀၀၀) စတုရန်းပေအနက်မှ ဧရိယာ (၁၀၀ ပေ x ၁၀၀ ပေ) ရှိ မူလဂရန်တွင် မှတ်သားထားသည့် အမှတ် (၅၅၈၊ ၅၅၉) မြေကွက်(၂)ကွက်အား အမည်ပေါက် ဒေါ်အုန်းကြည်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူလက်ရှိထားပိုင်ဆိုင်နေထိုင်သူဖြစ်ပြီး ဂရန်(မူရင်း)အား လက်ဝယ်ရရှိခဲ့ခြင်းမရှိပါ။ ဂရန်မူရင်းမှာ ကျန်မြေကွက် (၄)ကွက်အား ဝယ်ယူထားသူ၏ လက်ဝယ်တွင်ရှိပါသည်။ ကျွန်ုပ်မိတ်ဆွေ ဝယ်ယူပိုင်ဆိုင်ထားသော မြေကွက်များနှင့်ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း အစရှိသည့် မည်သည့် လွှဲပြောင်းမှုကိုမှ ပြုလုပ်ထားခြင်းလည်းမရှိပါ။ သို့ပါ၍ ကျွန်ုပ်မိတ်ဆွေပိုင်ဆိုင်လက်ဝယ်ထားရှိပိုင်ဆိုင်သည့် အထက်ဖော်ပြပါမြေကွက်များနှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေ၏ သဘောတူခွင့်ပြုချက်မရရှိဘဲ အမည်ပြောင်းလဲခြင်း၊ ဂရန်ခွဲစိတ်ခြင်း၊ မြေတိုင်းတာခြင်း၊ မြေပုံကူးခြင်း အစရှိသည်တို့ကို မပြုလုပ်ရန် အများသိစေရန် အသိပေးကြေညာတားမြစ်အပ်ပါသည်။

**ဒေါ်ခင်ထားဦး၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ဖြိုးလဲ့လဲ့ခိုင် အထက်တန်းရှေ့နေ (စဉ်-၅၃၉၈၂/၂၀၂၀)**

**တိုက်အမှတ်-၂၁/၁၊ (မလိခအိမ်ရာ)၊ ရတနာလမ်း၊ ဘဝမြင့်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**ဖုန်း - ၀၉-၇၇၄၃၅၃၇၀၁၊ ၀၉-၄၅၉၉၉၅၇၀၄**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၂၇/သမိုင်း)၊ မြေကွက်အမှတ်(၄/ခ-၂-၆)၊ အကျယ်အဝန်းဧရိယာ(၀.၂၅၂) ဧကရှိ မြေပိုင်မြေ(ဘီ) အိမ်ရာမြေကွက်ဟု မှတ်သားတည်ရှိပြီး ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းမြင့်ရိပ်သာလမ်းသွယ်၊ အမှတ်(၂)ဟုခေါ်တွင်သော ဒေါ်ခင်ကြည်(ခ)ရဲချို အမည်ပေါက် မြေကွက်နှင့်တကွ စပ်လျဉ်းသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချသူများဖြစ်ကြသည့် ဦးဇေယျာကြည် (ဘ -ဦးခင်မောင်ကြည်)၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၂/သကတ(နိုင်)၀၂၆၄၀၈]နှင့် ဒေါ်ကေခိုင်လင်းမြင့် (ဘ-ဦးအောင်စိန်လင်း) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၂/မရက(ဧည့်)၀၀၀၁၁၄] တို့က ရောင်းချခွင့်ရှိပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ၎င်းတို့ထံမှ အထက်ဖော်ပြပါ မြေကွက်နှင့်တကွ စပ်လျဉ်းသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဥပဒေနှင့်အညီ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါမြေကွက်နှင့်တကွ စပ်လျဉ်းသော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါသည့် နေ့ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း(မူရင်း) များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ပြသ၍ ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးနန္ဒရှိန် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၉၃၈)**

**ရုံး-အမှတ် (၁၀၈)၊ နတ်မောက်လမ်းနှင့် ကမ္ဘာအေးဘုရားလမ်းထောင့်၊ ဗိုလ်ချို (၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**ဖုန်း-၀၉-၄၂၁၇၄၃၃၇၆၊ ၀၉-၉၆၉၆၂၅၆၃၁**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန
## ဒုတိယဦးစီးမှူးရာထူး (၁၅) နေရာအတွက် ရေးဖြေစာမေးပွဲ အောင်မြင်သူစာရင်းနှင့် လူတွေ့စစ်ဆေးမည့်ရက် အသိပေးကြေညာခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူး (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူး(၁၅)နေရာအတွက် ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့တွင် ကျင်းပခဲ့သည့် ရေးဖြေစာမေးပွဲအောင်မြင်သူများစာရင်းကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာအပ်ပါသည်-

| | | | |
|---|---|---|---|
| (၁) FRD-003 | (၉) FRD-024 | (၁၇) FRD-048 | (၂၅) FRD-082 |
| (၂) FRD-004 | (၁၀) FRD-034 | (၁၈) FRD-054 | (၂၆) FRD-084 |
| (၃) FRD-008 | (၁၁) FRD-035 | (၁၉) FRD-055 | (၂၇) FRD-105 |
| (၄) FRD-016 | (၁၂) FRD-039 | (၂၀) FRD-062 | (၂၈) FRD-117 |
| (၅) FRD-019 | (၁၃) FRD-041 | (၂၁) FRD-065 | (၂၉) FRD-118 |
| (၆) FRD-020 | (၁၄) FRD-042 | (၂၂) FRD-068 | (၃၀) FRD-121 |
| (၇) FRD-021 | (၁၅) FRD-043 | (၂၃) FRD-069 | |
| (၈) FRD-023 | (၁၆) FRD-047 | (၂၄) FRD-078 | |

၂။ ရေးဖြေစာမေးပွဲ အောင်မြင်သူများအား လူတွေ့စစ်ဆေးခြင်းကို ၅-၁၀-၂၀၂၄ ရက်နေ့ (စနေနေ့) နံနက် ၉:၀၀ နာရီမှစ၍ ရုံးအမှတ်(၃၄)၊ နေပြည်တော်တွင် စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ပါသည်။ တိုင်းဒေသကြီး/ပြည်နယ်ရုံးများမှ ဖြေဆိုမည့်သူများအနေဖြင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပြီး သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ရုံးများသို့ ၄-၁၀-၂၀၂၄ ရက်နေ့ ရုံးချိန်အတွင်း နောက်ဆုံးထား၍ သတင်းပေးပို့သွားရန်၊ ရုံးချုပ်၊ နေပြည်တော်တွင် ဖြေဆိုမည့်သူများသည် ရုံးအမှတ်(၃၄)၊ နေပြည်တော်သို့ ၄-၁၀-၂၀၂၄ ရက်နေ့ ရုံးချိန်အတွင်း နောက်ဆုံးထား၍ သတင်းပေးပို့သွားရန်နှင့် လူကိုယ်တိုင် လာရောက်ဖြေဆိုရမည်ဖြစ်ပါသည်။

၃။ လူတွေ့စစ်ဆေးမှုခံယူရန် လာရောက်သည့်အခါ နိုင်ငံသားစိစစ်ရေးကတ်၊ ဘွဲ့လက်မှတ် (သို့မဟုတ်) ယာယီဘွဲ့ထောက်ခံစာနှင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်မူရင်းများအား တစ်ပါတည်း ယူဆောင်လာရမည်ဖြစ်ပါသည်။

**ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန**

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ အ-ထ-က (ကွင်းကောက်)၊ Grade-12 မှ မယွန်းရွှေရည်ခိုင်၏ ဖခင်အမည်မှန်မှာ ဦးထွန်းနိုင် [၁၄/အဂပ(နိုင်)၁၅၃၁၈၁] ဖြစ်ပါကြောင်း။

**ဦးထွန်းနိုင်**

## အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ အ-ထ-က(ကွင်းကောက်)၊ Grade-12 တွင် ပညာသင်ကြားနေသော ကျွန်မ မနှင်းပွင့်ချို၏ အမည်မှန်မှာ မနန်းအိအိခိုင် [၁၄/အဂပ(နိုင်)၂၅၂၅၃၃] ဖြစ်ပါကြောင်း။

**မနန်းအိအိခိုင်**

**[၁၄/အဂပ(နိုင်)၂၅၂၅၃၃]**

## ကန့်ကွက်နိုင်ကြောင်းကြေညာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/တောင်၊ မြေကွက်အမှတ်(၇၆၅/ခ)၊ ဧရိယာ (၂၀ပေx၆၀ပေ) မြေကွက်တည်နေရာအမှတ်(၇၆၅/ခ)၊ အောင်သဒ္ဓာ(၆)လမ်း၊ ၄/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးမောင်ကောက် (၁၂/သကတ(နိုင်)၁၁၃၁၅၇ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် ဦးမောင်ကောက်ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၁၅၁၂/၂၂ (၂၃-၁၂-၂၀၂၂) ရသူ ဒေါ်ဆောင်းစံပယ် (၁၀/မလမ(နိုင်)၀၁၉၈၆၀)မှ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ မြေခွန်ပြေစာ၊ မြေစာရင်းမှတ်ချက်(၁)ရှိ (၁၈-၁၀-၂၀၁၉)ရက်နေ့တွင် ဦးမောင်ကောက်မှ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခြင်းနှင့်ပတ်သက်၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံမြေရာဇဝင်(မူရင်း)မှာ ထုတ်ယူခဲ့ကြောင်း၊ အသုံးပြုရသေးခြင်းမရှိဘဲ အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားခဲ့ပါကြောင်းနှင့် အဆိုပါမြေကွက်အား အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ လှူဒါန်းထားခြင်း၊ အာမခံအဖြစ် တင်သွင်းထားခြင်းတို့ လုံးဝမရှိပါကြောင်း။ အရှုပ်အရှင်း ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်ပါက မိမိကသာ တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်း ဦးမောင်ကောက်၏ (၃၁-၇-၂၀၂၄)ရက်စွဲပါ တရားရုံးကျမ်းကျိန်လွှာ၊ (၂-၈-၂၀၂၄) ရက်စွဲပါ ရှင်းလင်းတင်ပြစာ၊ ရန်ကုန်မြို့ စာချုပ်စာတမ်း၊ မှတ်ပုံတင်ရုံး၏ ပါဝါလက်ခံအမှတ် မိတ္တူမှန်၊ အထွေထွေကိုယ်စားလှယ်လွှဲအပ်ထားသူသည် သက်ရှိထင်ရှားရှိကြောင်းနှင့် လွှဲအပ်ထားသော ကိုယ်စားလှယ်လွှဲစာ တင်ပြ၍ လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ တကောင်း(၇)လမ်း၊ အမှတ်(၁၁၆)ဟု ခေါ်တွင်သော (အလျား ၄၀' x အနံ ၆၀') မြေပေါ်တွင် ဆောက်လုပ်မည်ဖြစ်သော (အလျား ၁၇' x အနံ ၅၄') အကျယ်အဝန်းရှိ အလယ်လှေကားနှင့် (၆)ထပ်ရင်ခွဲ စတုတ္ထထပ်၊ (၅)လွှာ (ခြေရင်းခန်း) တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကန်ထရိုက်ဖြစ်သူ ဦးဇော်မင်းထွန်း [၁၂/ဥကမ(နိုင်)၂၆၃၀၁၂] ပြည့်ဝသစ္စာဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ ရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ကြိုပ္ပိုင့်စနစ်ဖြင့်ရောင်းချရာ ကျွန်ုပ်မိတ်ဆွေဖြစ်သူမှ ကြိုပ္ပိုင့်စနစ်ဖြင့်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာချက်ပါရှိသည့်ရက်မှ (၇)ရက်အတွင်းခိုင်လုံသော စာရွက်စာတမ်းမူရင်းများ အပြည့်အစုံဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မည့်သူမရှိပါက ကြိုပ္ပိုင့်စနစ်ဖြင့် တိုက်ခန်းအရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးမောင်ကြီး B.A, H.G.P, R.L**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၇၇)**

**အမှတ်(၂၀၃)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁၈-၃၇၇၄၀၆**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်မြတ်ထွန်းအိမ်ရာ၊ ဗိုလ်မြတ်ထွန်းလမ်းထောင့်၊ တိုက်အမှတ်-၂၁၆/၂၂၂၊ အခန်းအမှတ်-အီး/၆ ဟု ခေါ်တွင်သော တိုက်ခန်းနှင့် ယင်းတိုက်ခန်းဖြင့် ဆက်နွှယ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ဝယ်ယူပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသည့် ဦးခင်မောင်ဦး [၁၂/ပဇတ(နိုင်)၀၁၃၄၀၂] (အီး/အာဂျီအင်န်-၀၂၁၄၈၅) ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးစိန်ဝင်း B.A, H.G.P, C.B.L, D.B.L, D.M.L**

**အထက်တန်းရှေ့နေ (စဉ်-၆၀၈၂/၈၂)**

**တိုက်အမှတ်-၃(အေ)၊ ၃-လွှာ(ခေါင်းရင်းခန်း)၊ သပြေညိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**ဖုန်း-၀၉-၇၈၇၉၂၇၁၉၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ သမာဓိလမ်း၊ တိုက်အမှတ် (၁၁၆၈)၊ (၆)ထပ်တိုက်၏ အကျယ်အဝန်း (၁၅ ပေ x ၅၀ ပေ) ရှိ ၅-လွှာ (ခြေရင်းခန်း)၊ ရေ၊ မီးအစုံအလင်ပါဝင်သော တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဆက်စပ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုရှိသူ ဒေါ်ဝင်းမြင့် [၁၂/မဂဒ(နိုင်) ၀၃၃၇၈၀] ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ရောင်းချခွင့်မရှိကြောင်းနှင့် ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါ သည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများ တင်ပြပြီး ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်အေးအေးအောင် (LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၃၄၆/၂၀၁၆)**

**အမှတ်(၅၅)၊ အခန်း(၅)၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၄၃၁၉၇၆၃၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ အထက်ပုဇွန်တောင်လမ်းမကြီး၊ အမှတ်(၂)၊ ၄-လွှာတွင်ရှိသော တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်တွင် တွယ်ကပ်ပါရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူမည်ဖြစ်ပါသည်။ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးခင်မောင်လေး မှတ်ပုံတင်အမှတ် [၁၂/မဂတ(နိုင်) ဝ၆၃၁ဝ၇] ကိုင်ဆောင်သူထံမှ ကျွန်တော် ဦးဂိုးရှင်းပေါင် [၄/တတန(နိုင်) ဝ၂၃ဝ၇၃]သည် အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်တော်ထံ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဂိုးရှင်းပေါင်**
**[၄/တတန(နိုင်) ဝ၂၃ဝ၇၃]**
**၁၄၁/၁၄၃၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊**
**(၁၀)ရပ်ကွက်၊ ရန်ကုန်မြို့။ ဖုန်း- ဝ၉-၅၁၆၂၈၄၂**

## "အများသိစေရန်"

ဦးမြဝင်း [၁၂/ကမရ(နိုင်) ဝ၂၉၆၅၉]၊ အမှတ်(၂၆)၊ ရန်ကြီးအောင်လမ်း၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့နေထိုင်သူမှ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ ညောင်ဇောက်အုပ်စု၊ ကွင်းအမှတ်(၅၇၄)၊ ကွင်းအမည်- ထနောင်းပါးစပ်(E)ကွင်း၊ ဦးပိုင်အမှတ်(၁၉၅/၂)၊ မြေကွက်အမှတ်-၁ဝ၁၄၊ ၁ဝ၁၅၊ ၁ဝ၁၆၊ ဧရိယာ(ဝ.၈၈)ဧက၊ ဦးချစ်ထွန်း အမည်ပေါက် ပုံစံ(၇)ရရှိထားသော ယာမြေအား ကျွန်တော်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး အဆိုပါယာမြေကို ကျွန်တော်မှတစ်ဆင့် ပြန်လည်၍ ဦးမျိုးအောင်[၈/တတက(နိုင်) ၁၁၄၄၁၂]၊ ပြည်သာယာ(တ)ရပ်ကွက်၊ မိတ္ထီလာမြို့နေထိုင်သူထံ ရောင်းချထားကြောင်း၊ အရောင်းအဝယ်ပြုလုပ်စဉ် အထက်ပါယာမြေ၏ ပုံစံ(၇) မူရင်းနှင့် ဆက်စပ်စာချုပ်မူရင်းတို့မှာ ပျောက်ဆုံးနေသဖြင့် ဦးမျိုးအောင် အပ်နှံနိုင်ခြင်းမရှိခဲ့ကြောင်း၊ ထို့ကြောင့် ပုံစံ(၇)မူရင်းနှင့် ဆက်စပ်စာချုပ်မူရင်းများ တွေ့ရှိပါက ဦးမျိုးအောင် (ဝ၉-၄ဝ၁၅၄၃၉၅၁)ထံသို့ ဆက်သွယ်၍ ပေးပို့နိုင်ရန်နှင့် ပေးပို့သူအား ထိုက်တန်စွာကျေးဇူးဆပ်မည်ဖြစ်ပါကြောင်း၊ အကယ်၍ အထက်ပါ ပုံစံ(၇) မူရင်းနှင့် ဆက်စပ်စာချုပ်မူရင်းများကို မရိုးဖြောင့်သောသဘောဖြင့် လက်ဝယ်သိမ်းဆည်းထားပါက ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးမြဝင်း [၁၂/ကမရ(နိုင်)ဝ၂၉၆၅၉]**
**ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့၊ အေးမေတ္တာရပ်ကွက်၊ တံတားပြာလမ်းမပေါ်တွင်တည်ရှိသည့် မြေကွက်အမှတ်(၄၇၉)၊ မြေကွက်အကျယ်ပေ (၄ဝx၆ဝ)ပေရှိ ဦးမူတူးဆာမိ အမည်ပေါက် (ပါမစ်)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်အေးအေးမြင့် (ဘ) ဦးသန်းထွေး [၁/မကန(နိုင်) ဝဝ၃၁၃ဝ]၊ ဦးကျော်ကျော် (ဘ) ဦးရှောက်ကြည်ရှင်း [၁/မကန(နိုင်) ဝ၄၃၃ဝ၈]တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးရဲဝင်းသိန်း [၁၂/မရက(နိုင်) ၁၃၄၅၈ဝ]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်မည့်သူရှိပါက တိကျခိုင်လုံသော အထောက်အထားစာရွက်စာတမ်း(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်နေ့ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်သီရိဦး (LL.B) (LL.M)** | **ဒေါ်ဝေဝေဖြိုး (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၂၃ဝ)** | **အထက်တန်းရှေ့နေ(စဉ်-၅ဝ၈ဝ၂)** |

**အမှတ်(၉)၊ မဂ္ဂင်လမ်း၊ ပဲခူးစုရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း- ဝ၉-၄၂ဝ၁၉၇၈၆၊ ဝ၉-၇၉၉၂၉၁၈၃**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ- ၂၀)
## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၂၆

| | | |
|---|---|---|
| ဒေါ်သန္တာစိုး(ကွယ်လွန်သူဦးတင်အုန်း၏ တရားဝင်ကိုယ်စားလှယ်) | နှင့် | ဒေါ်အမာစိန် |
| **(တရားလို)** | | **(တရားပြိုင်)** |

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၇)ရပ်ကွက်၊ ပိတောက်ရွှေဝါလမ်း၊ အမှတ်- ၁၆၈နေ တရားပြိုင် ဒေါ်အမာစိန် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။**

သင့်အပေါ်၌ တရားလိုက **"မြေနှင့်အိမ်အား လက်ရောက်ဝယ်ယူပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု"** လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၇ ရက် (၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စွမ်းထက်နိုင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၄/၁၊ မြေကွက်အမှတ်- ၃၂/၂၊ မြေကွက်တည်နေရာအမှတ်- ၃၂/၂ ၊ မြင်သာ(၃)လမ်း၊ ၁၄/၁ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် (ဦးမောင်) ISN-196756 အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးမောင်နှင့် ဦးမောင်ထံမှ ဝယ်ယူထားသူ ဦးကျော်ဇေယျတို့ကို တရားပြိုင်ထား၍ တရားလို ဒေါ်ခင်မြတ်သူမှ မှတ်ပုံတင်အရောင်း စာချုပ်ချုပ်ပေးစေလိုမှုဖြင့် စွဲဆိုသော ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတရားမကြီးမှုအမှတ်- ၃၆၃/၂၀၁၆ ၏ စီရင်ချက်၊ တရားမဇာရီမှုအမှတ်- ၇၀/၂၀၁၇ တို့၏အမိန့်တို့အရ တရားရုံးကိုယ်စား ဘီလစ်ဒေါ်မေသူအောင် [၁၂/မဂဒ(နိုင်) ၁၀၇၃၅၁)၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၏ ဘီလစ်ခန့်စာ၊ ဂရန်၊ နိုင်/ကတ်၊ ဝန်ဆောင်ခတို့တင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး( ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

